# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957



**ပူပန်မှုမရှိတော့ချေ**

စိုးရိမ်ခြင်းကင်းသော အလုံးစုံ(ခန္ဓာစသည့်)တရားတို့မှ လွတ်မြောက်သော အလုံးစုံအထုံးအဖွဲ့ကို ပယ်ပြီးသော၊ သံသရာခရီးသွားပြီးသော ပုဂ္ဂိုလ်အား ပူပန်မှုမရှိတော့ချေ။ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ နာကျင်ကိုက်ခဲခြင်း စသည့် ဒုက္ခ မှန်သမျှသည် ဘုရားရဟန္တာများအဖို့ ခံစားမှုမရှိ၊ ပကတိ ငြိမ်းအေးပြီးဖြစ်၏။ နိဗ္ဗာနဓာတ်သည် အလွန်အေးချမ်းလှပါ တကား။ ဦးခိုက်ကြည်ညိုရပါတကား။ **အရဟန္တဝဂ်(ဓမ္မပဒ-၉၀)**



၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်၊ ကြာသပတေးနေ့။ 11, Thursday August 2016 (၈၆၅၀)


# တစ်ချိန်က စီးပွားရေးဖွံ့ဖြိုးမှုသက်သက်ကို အလေးပေးခဲ့ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို ဆောင်ရွက်ခြင်းမရှိခဲ့ ပညာရှင်များ၏ လေ့လာချက်အရ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှု ထိခိုက်အလွယ်ဆုံး ဒုတိယအဆင့်တွင် ရှိနေ

နေပြည်တော် ဩဂုတ် ၁၀

**နိုင်ငံတော်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှုများ ယှဉ်တွဲပါရှိလာနိုင်သည့်အတွက် ထိရောက်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို အထူးဂရုပြု ဆောင်ရွက်ရန် လိုအပ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။**

ဆက်လက်၍ ဒုတိယသမ္မတက တစ်ချိန်က စီးပွားရေးဖွံ့ဖြိုးမှု သက်သက်ကို အလေးပေးဆောင်ရွက်ခဲ့ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်ခြင်းမရှိခဲ့သည့်အတွက် ယနေ့အချိန်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ယိုယွင်းပျက်စီးမှုများ၊ ရေ၊ လေ၊ မြေ ပတ်ဝန်းကျင်ညစ်ညမ်းမှုများအပြင် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးဖြစ်စဉ်သာဓကများသည် မိမိတို့ နိုင်ငံသူ နိုင်ငံသားများ၏ အသက်ရှင်ရပ်တည်မှုနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ခြိမ်းခြောက်နေသည့်အတွက် အဓိက ရင်ဆိုင်ဖြေရှင်းရမည့် ကိစ္စရပ်များဖြစ်ကြောင်း ပြောကြားသည်။

နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၁၆) ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယသမ္မတက ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ တစ်နည်းအားဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ရရှိစေရန်အတွက် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုသာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း မဖြစ်မနေ ပိုပြီးအလေးထားဆောင်ရွက်ရန် အရေးတကြီးလိုအပ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိ စေရန်၊ သဘာဝသယံဇာတ အရင်းအမြစ်များ **စာမျက်နှာ ၃ ကော်လံ ၁ သို့**



အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၁၆) ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)


# လိမ္မော်ရောင်အဆင့် မုန်တိုင်းငယ်ဖြစ်ပေါ် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၀**

ယနေ့ညနေ ၄ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၏ အရှေ့မြောက်ဘက် ၆၃ မိုင်ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဂျက်ဆောမြို့၏ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာတွင် တည်ရှိနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေအနီးတွင် ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသေးသော်လည်း ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့မှာ မုန်တိုင်း၏ အဝန်းအဝိုင်းအတွင်းသို့ ရောက်ရှိနေသဖြင့် လက်ရှိအခြေအနေအား လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ထားသည်။

အဆိုပါမုန်တိုင်းငယ်သည် ယနေ့ ညနေ ၄ နာရီအချိန်တွင် မြောက်လတ္တီကျု ၂၃ ဒသမ သုည ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၉ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၅ သို့**







ကြေးမုံ

# အလုပ်အကိုင် အခွင့်အလမ်းနှင့် ပြည်ထောင်စု၏ အနောက်ဘက်စည်းရိုး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၁၆) ကို ဩဂုတ် ၉ ရက်တွင် ဦးဆောင်ခေါ်ယူကျင်းပခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဤဗဟိုကော်မတီ၏ ဥက္ကဋ္ဌလည်းဖြစ်ပါသည်။ အဆိုပါအစည်းအဝေးသို့ တာဝန်ရှိ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်သကဲ့သို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်လည်း တက်ရောက်ခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးစားပေးအလိုက် ရေတို၊ ရေရှည်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားချက်သည်လည်းကောင်း၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့ကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် မှာကြားချက်သည်လည်းကောင်း လုပ်ငန်းစဉ်များ လက်တွေ့အကောင်အထည်ဖော်ရာ၌ မဖြစ်မနေခံယူကျင့်သုံးရမည့် လမ်းညွှန်ချက်များဖြစ်ပါသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် တက်တက်ကြွကြွ ဦးဆောင်အကောင်အထည်ဖော်ခြင်းသည် ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည့် ကိစ္စရပ်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်သည် နိုင်ငံတော်၏အနောက်ဘက်စည်းရိုးဖြစ်သည်နှင့်အညီ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ ရခိုင်ပြည်နယ်၌ ခိုင်ခိုင်မာမာဖြစ်ထွန်းအားကောင်းမှသာ အနောက်ဘက်စည်းရိုး၏လုံခြုံရေးကို စိတ်ချရမည်ဖြစ်ပါသည်။ လုံခြုံရေးသည် တည်ငြိမ်အေးချမ်းမှုအပေါ် မူတည်နေသကဲ့သို့ တည်ငြိမ်အေးချမ်းမှုသည်လည်း ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်နေပါသည်။ ဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာ၌ ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်ကုန်တန်ဖိုး (GDP) တိုးတက်ရုံမျှဖြင့် မလုံလောက်ပါ။ ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တို့ကို ရခိုင်ပြည်နယ်သူ ပြည်နယ်သားအားလုံးက ခံစားခွင့်ရှိစေရမည် ဖြစ်ပါသည်။ လက်ရှိ၌ ရခိုင်ပြည်နယ်တွင် အမျိုးသားတို့၏ အလုပ်ရရှိမှုအချိုးအစားသည် ၈၃ ဒသမ ၂ ရှိပြီး အမျိုးသမီးတို့၏ အလုပ်ရရှိမှုအချိုးအစားသည် ၃၈ ဒသမ ၁ ရှိပါသည်။ အမျိုးသား အမျိုးသမီးပေါင်းတွက်ချက်ပါက ရခိုင်ပြည်နယ်၏ အလုပ်ရရှိမှု အချိုးအစားသည် ၅၈ ဒသမ ၈ ရှိပါသည်။ တစ်နည်းဆိုသော် ရခိုင်ပြည်နယ်၏ အလုပ်လက်မဲ့ အချိုးအစားသည် ၅၂ ဒသမ ၆ ရှိပါသည်။ အလုပ်လက်မဲ့နှုန်းကို ကြည့်ပါက ရခိုင်ပြည်နယ်သည် ပြည်ထောင်စုတစ်ခုလုံး၌ အများဆုံးဖြစ်ပြီး ၁၀ ဒသမ ၄ ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်လက်မဲ့နှုန်းတို့ကို အခြေခံလျက် ပြည်ထောင်စုတစ်ခုလုံး၏ အလုပ်လက်မဲ့နှုန်းကို ကြည့်ပါက ၄ ဒသမ ၀ သာရှိပါသည်။ သို့ဖြစ်ပါ၍ လက်ရှိ၌ ရခိုင်ပြည်နယ်တွင် အလုပ်လက်မဲ့နှုန်း အထူးများပြားနေသည်မှာ ပေါ်လွင်ထင်ရှားပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်မှုဖြင့် ရခိုင်ပြည်နယ်သူ ပြည်နယ်သားတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဟု ယုံကြည်ပါသည်။ တာဝန်ရှိ ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ် အစိုးရတို့သည်လည်း ဟန်ချက်ညီညီ လက်တွဲလျက် ရခိုင်ပြည်နယ်၏ သဘာဝပတ်ဝန်းကျင် ပကတိအခြေအနေတို့ကို ထင်ဟပ်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည်ဟု ယုံကြည်ပါသည်။ ရခိုင်ပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းတို့ တိုးတက်လာသည်နှင့်အမျှ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ပြည်ထောင်စုတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်သူ ပြည်နယ်သားတို့က ပိုမိုခွန်ပြည့်အားပြည့်ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းတို့ တိုးတက်လာသည်နှင့်အတူ ပြည်နယ်သူ ပြည်နယ်သားတို့၏ ပညာရေးတိုးတက်လာသည်ဟူသော ရှုထောင့်တစ်ခုတည်းမှ သုံးသပ်ကြည့်လျှင်ပင် ပြည်နယ်သူ ပြည်နယ်သားတို့သည် အနိမ့်ဆုံးပြည်နယ်ရေးရာကိစ္စရပ်တို့အပေါ် ပို၍ပို၍ ကျယ်ပြန့်သော၊ ပို၍ပို၍ ပြည့်စုံသော ရှုထောင့်ပေါင်းစုံတို့မှ ချင့်ချိန်သုံးသပ်ဆင်ခြင်နိုင်မည်ဖြစ်ပါသည်။ ဤအနေအထားသည် ပိုမိုတည်ငြိမ်အေးချမ်းသော အခြေအနေတစ်ရပ်ကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ပိုမိုပြည့်စုံကျယ်ပြန့်သောလုံခြုံမှုကို ဆင့်ပွားဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ခြုံငုံသုံးသပ်ရပါက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်ကြိုးပမ်းမှုသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက ပြည်ထောင်စုတစ်ခုလုံး၏အနောက်ဘက်စည်းရိုးလုံခြုံမှု တောင့်တင်းခိုင်မာရေးကိုပါ ဖြစ်ပေါ်စေနိုင်သောကြောင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်ရုံးများ၊ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (သပြေတောင်)၊ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတိုက်နှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။





ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်) သင်တန်းကျောင်းတို့ကိုလည်းကောင်း၊ ပျဉ်းမနား ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (သပြေတောင်)ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများသို့ ကြည့်ရှုစစ်ဆေးစဉ် ကလေးနံ့ရကပ်စာစောင်များဆောင်ရွက်နိုင်ရေး၊ ကလေးများ၏ ပုံပြောအစီအစဉ်များဆောင်ရွက်ပေးရေး၊ စာပေနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများအတွက် စာပေဆွေးနွေးခန်းများ၊ ဟောပြောခန်းများ စီစဉ်ပေးနိုင်ရေး၊ မြို့နယ်အတွင်း သတင်းများအချိန်မီထုတ်ပြန်နိုင်ရေးနှင့် အများပြည်သူစုဝေးသည့်၊ အများပြည်သူအားကိုးသည့်ဌာနအဖြစ် တည်ဆောက်နိုင်ရေးတို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့အလင်းသတင်းစာတိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။**(အပေါ်ပုံ)**

ဆက်လက်၍ နေပြည်တော်ပုံနှိပ်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာ ပညာ့ရောင်ခြည်ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်နှင့် ပုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာ မိတ်ဆွေကောင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တို့၏ ကျေးလက်စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၃၈/၂၀၁၅)အမှုအား ခုံအဖွဲ့ ပြောင်းလဲစစ်ဆေး ကြားနာပေးပါရန် လျှောက်ထားမှုအပေါ် လက်ခံရန် သင့်၊ မသင့် အမိန့်ချမှတ်

**နေပြည်တော် ဩဂုတ် ၁၀**

ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံထားရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးပုန်ဘွေအပေါ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးကိုကိုနိုင်က ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၃၈)အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးသောင်းလှိုင်နှင့် ဦးဇော်လင်းမောင်တို့ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ကြားနာစစ်ဆေးလျက်ရှိသည်။

အဆိုပါကြားနာစစ်ဆေးသောအမှုအား မူလရုံးလျှောက်ထားခံရသူ ဦးပုန်ဘွေက တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၄ အရ ယင်းအမှုအား စစ်ဆေးလျက်ရှိသည့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) အစား အခြားသင့်တော်ရာ ခုံအဖွဲ့သို့ ပြောင်းလဲစစ်ဆေးပေးပါရန် လျှောက်ထားမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံရန် သင့်၊ မသင့် ကြားနာနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်နှင့် ဦးလှတင့်တို့ ပါဝင်သည့် ရွေးကောက်ပွဲ ခုံအဖွဲ့(၅)အား ဖွဲ့စည်း၍ ၂၈-၇-၂၀၁၆ နေ့တွင် နှစ်ဖက်လျှောက်လဲချက် ကြားနာခဲ့ပြီး ၁၀-၈-၂၀၁၆ ရက်တွင် ရွေးကောက်ပွဲ ခုံအဖွဲ့(၅)မှ လျှောက်ထားသူ ဦးပုန်ဘွေ (မူလလျှောက်ထားခံရသူ)၏ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂၄ အရ ရုံးပြောင်းစစ်ဆေးပေးရန် လျှောက်ထားမှုကိုပယ်ကြောင်း ဆုံးဖြတ်လိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်မြို့နယ်များသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သွားရောက်၍ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်နေသည့် စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဦးကျော်မျိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး အောင်လံမြို့ ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး အောင်လံမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၆၁ သိန်းကို ထောက်ပံ့ကာ အားပေးစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပြည်မြို့သို့ရောက်ရှိကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှု၊ ဆည်မြောင်းတာတမံများအတွင်း ရေဝင်ရောက်မှု၊ ရေဘေးကာကွယ်ရေးတာများ ကျိုးပေါက်ခဲ့မှုနှင့် လက်ရှိဆောင်ရွက်ထားမှု၊ လမ်းတံတားများ ပျက်စီးခဲ့မှု၊ စိုက်ပျိုးမြေများရေလွှမ်းမှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ပျက်စီးဆုံးရှုံးသွားသည့် လယ်ယာမြေများအတွက် မျိုးစပါးများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန်မှာကြားသည်။

ထို့နောက် ပြည်မြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်နေမှုကို ကြည့်ရှုရာ တာဝန်ရှိသူများက နှစ်အလိုက် မြစ်ရေမြင့်တက်မှု မှတ်တမ်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်မြို့ ရွှေပလ္လင်မော်ရေဘေးကယ်ဆယ်ရေးယာယီစခန်းသို့ ရောက်ရှိပြီး ပြည်မြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၀၀၊ ငွေကျပ် ၁၈၆၃၀၅၀၀၊ ပညာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဗလာစာအုပ် ၁၀၃၆ ဒါဇင်၊ ဧရာဝတီဖောင်ဒေးရှင်းမှ လှူဒါန်းသည့် ဆန်အိတ် ၁၄၀နှင့် ဆီ ပိဿာ ၂၈၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ထုံးဘိုမြို့ မဟာအတုလအနန္တမုနိ ရေဘေးကယ်ဆယ်ရေးယာယီစခန်းသို့ရောက်ရှိပြီး ထုံးဘိုမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၀၀၊ ငွေကျပ် ၃၉၇၇၄၀၀၀၊ ဗလာစာအုပ် ၃၅၄၆ အုပ်၊ ဧရာဝတီဖောင်ဒေးရှင်းမှ လှူဒါန်းသည့် ဆန်အိတ် ၂၈၀ နှင့် ဆီပိဿာ ၅၆၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပန်းတောင်းမြို့သို့ ရောက်ရှိကြပြီး ဖောင်းကန်ရပ်ကွက်၊ စည်သာရပ်ကွက်၊ မင်းရပ်ရပ်ကွက် ရေဝင်ရောက်နေမှုအခြေအနေနှင့် ပန်းတောင်းမြို့ ဧရာဝတီမြစ်ရေမြင့်တက်နေမှုကို ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် ရွှေတောင်မြို့ ဗဟိုရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ရွှေတောင်မြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၀၀၊ ငွေကျပ် ၃၂၇၀၀၅၀၀၊ ဗလာစာအုပ်ဒါဇင် ၃၃၈၀ ၊ ဧရာဝတီဖောင်ဒေးရှင်းမှ လှူဒါန်းသည့် ဆန်အိတ် ၂၅၀ နှင့် ဆီ ပိဿာ ၅၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ဒုတိယသမ္မတသည် အဆိုပါမြို့နယ်များမှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးဒဏ်များကို ကြုံတွေ့ခံစားနေရပါကြောင်း၊ ယခုရေကြီးရေလျှံမှုဒဏ်ကို မိမိတို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခံစားနေရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရေဘေးသင့်ပြည်သူများ၏ဒုက္ခကို နားလည်သိမြင်ပြီး ထပ်တူခံစားရပါကြောင်း၊ ဖြစ်လာသည့် အခက်အခဲဒုက္ခများကိုရင်ဆိုင်ဖြတ်ကျော်နိုင်ရန် စိတ်ဓာတ်ကြံ့ခိုင်မှုသည် အရေးကြီးပါကြောင်း။

သဘာဝဘေးကို တားဆီး၍မရနိုင်သော်လည်း ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်နိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်အတွေ့အကြုံများ၊ ယခုနှစ် အတွေ့အကြုံများကို သင်ခန်းစာယူပြီး နောင်လာမည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နိုင်ရန် ကြိုတင်စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ရေတို၊ ရေရှည်စီမံချက်များချမှတ်၍ အကောင်အထည်ဖော်သွားမည်ဖြစ်သည့်အတွက် မိဘပြည်သူများအနေဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် ဌာနဆိုင်ရာများကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ကယ်ဆယ်ရေးကာလအလွန် ထူထောင်ရေးလုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးစားကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အောင်လံမြို့ ရေဘေးကယ်ဆယ်ရေးစခန်း (၂)တွင် ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။

## ❖ရွှေ့ဖုံးမှ

ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချသည့် စီးပွားရေးမူဘောင်ချမှတ်ဆောင်ရွက်ရန်၊ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းပြီး သားစဉ်မြေးဆက်အသုံးပြုနိုင်အောင် စီမံဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပတ်ဝန်းကျင်ကဏ္ဍကို ကဏ္ဍအသီးသီးတွင် မဖြစ်မနေ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် ချမှတ်ထားသည့်မူဝါဒများအပေါ် ဥပဒေကြောင်းအရ လိုက်နာဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ပတ်ဝန်းကျင် အရည်အသွေး စနစ်အားဖြင့်(ထုတ်လွှတ်မှု)လမ်းညွှန်ချက်ကို အသီးသီးပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းတာဝန်များကို နိုင်ငံတော်ကချမှတ်ထားသည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ရာသီဥတုဆိုင်ရာ ပညာရှင်များ၏ လေ့လာဆန်းစစ်ချက်အရ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုထိခိုက်အလွယ်ဆုံး ဒုတိယအဆင့်တွင်ရှိနေသည်ကို သိရှိရကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝသယံဇာတများအပေါ်တွင် အဓိက မှီခိုအားထားနေရသည့်အတွက် သစ်တော၊ သတ္တု၊ ရေသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲ စသည့် သယံဇာတအရင်းအမြစ်များ ယိုယွင်းလာမှုများကို အထင်အရှားတွေ့နေရကြောင်း။

သို့ဖြစ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး လိုက်လျောညီထွေရှိစေရေးကိစ္စရပ်များကို ဦးစားပေးတစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ လုပ်ငန်းအစီအစဉ်၊ ပင်မလုပ်ငန်းစီမံချက်များကို နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာအကူအညီနှင့် ရေးဆွဲဆောင်ရွက်နေကြောင်း၊ ယင်းမူဝါဒများ၊ မဟာဗျူဟာများ၊ ပင်မလုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဘက်စုံပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဗဟိုကော်မတီဖွဲ့စည်းထားရှိမှုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များနှင့် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရန်အချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ပညာရှင်များနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှုအပေါ် ထိန်းသိမ်းစောင့်ရှောက်ရမည့်လုပ်ငန်းများ၊ ကြုံတွေ့ရမည့် အခက်အခဲများ၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြေ၊ ရေ၊ လေ ညစ်ညမ်းမှု တိုင်းထွာရေးကိရိယာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

## ■ လိမ္မော်ရောင်အဆင့်မှ

မုန်တိုင်းငယ်၏အရှိန်ကြောင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် ဒေသအလိုက် မိုးကြီးနိုင်ပြီး ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းအတွင်း နေထိုင်ကြသူများအနေဖြင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံများတွင် လျှပ်စစ်ဓာတ်အား ၃၀ ကီလိုဝပ် (၃၇ ဒသမ ၅ ကေဗွီအေ)ထက် ကျော်လွန်သုံးစွဲလိုပါက ကိုယ်ပိုင်ထရန်စဖော်မာ တပ်ဆင်သုံးစွဲရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်သော အဆောက်အအုံများတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၃၀ ကီလိုဝပ် (၃၇ ဒသမ ၅ ကေဗွီအေ) အထိသာ အများပြည်သူသုံးထရန်စဖော်မာများမှ လျှပ်စစ်ဓာတ်အားရယူသုံးစွဲခွင့်ပြုရန်နှင့် အဆိုပါ ပမာဏထက် ကျော်လွန်သုံးစွဲလိုပါက ကိုယ်ပိုင်ထရန်စဖော်မာတပ်ဆင်သုံးစွဲရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် မူဝါဒချမှတ်ထားပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဤကြေညာချက်ပါသည့်နေ့မှစ၍ အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လက်မှတ်ရရှိသည့် မည်သည့်အဆောက်အအုံမဆို ၃၀ ကီလိုဝပ် (၃၇ ဒသမ ၅ ကေဗွီအေ)ထက်ကျော်လွန်၍ လျှပ်စစ်ဓာတ်အားရယူသုံးစွဲလိုပါက ကိုယ်ပိုင်ထရန်စဖော်မာ တပ်ဆင်သုံးစွဲရမည်ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြေညာထားချက်အား ဤကြေညာချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**



# ဘဂ္ဂဒက်၌ ဆေးရုံတစ်ရုံ မီးလောင် မွေးကင်းစကလေး ၂၀ ထက်မနည်းသေဆုံး

**ဘဂ္ဂဒက် ဩဂုတ် ၁၀**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိဆေးရုံတစ်ရုံ၌ ဩဂုတ် ၁၀ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မွေးကင်းစကလေးငယ် ၂၀ ထက်မနည်း သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့အနောက်ပိုင်းရှိ ရာမောက်ဆေးရုံ၏ သားဖွားဆောင်၌ ဩဂုတ် ၁၀ ရက် နံနက်အရုဏ်တက်ချိန်က မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်သူရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဆေးရုံ၏အဆောင်အတွင်းသို့ ထူထပ်သိပ်သည်းသောမီးခိုးလုံးများ ပျံ့နှံ့ဝင်ရောက်လာခြင်းကြောင့် ကလေးငယ်များမှာ အသက်ရှူမွန်းကျပ်ကာ သေဆုံးရကြောင်း ၎င်းကပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေပြီး ကနဦးထွက်ပေါ်လာသောသတင်းများအရ လျှပ်စစ်ဆက်ကြောင်း ချို့ယွင်းမှုကြောင့်မီးလောင်မှုဖြစ်ပွားဖွယ်ရှိသည်ဟုဆိုသည်။

**ဆင်ဟွာ။**

# နိုင်ငံခြားသားများအား ထိန်းသိမ်းရေးစခန်း သီရိလင်္ကာ၌ တည်ထောင်မည်

**ကိုလံဘို ဩဂုတ် ၁၀**

သီရိလင်္ကာနိုင်ငံတွင်း၌ တရားဥပဒေနှင့်မညီသော လုပ်ဆောင်မှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသည့် နိုင်ငံခြားသားများအား ထိန်းသိမ်းနိုင်မည့် စခန်းတစ်ခုတည်ထောင်ရန် အစိုးရအဖွဲ့က ဩဂုတ် ၁၀ ရက်တွင် အတည်ပြုပေးလိုက်ကြောင်း၊ ဖမ်းဆီးထိန်းသိမ်းခံရသည့် နိုင်ငံခြားသားများအား ပြည်နှင်ဒဏ်ပေးချိန်အထိ ယင်းစခန်းတွင် ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သီရိလင်္ကာပြည်ထဲရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး အက်စ်ဗီနာဗင်နာက နိုင်ငံခြားသားများအား ထိန်းသိမ်းနိုင်မည့်စခန်း ထူထောင်ရန် အဆိုပြုတင်ပြခဲ့ပြီး အစိုးရအဖွဲ့က အတည်ပြုပေးခဲ့ပြီးနောက် ပြန်ကြားရေးဝန်ကြီး ကာရာနာသီလီကေးက စခန်းထူထောင်ရေးကိစ္စနှင့်ပတ်သက်၍ သတင်းထောက်များအား ပြောကြားသည်။ ပြောင်းရွှေ့သူများနှင့်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တရားဥပဒေထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို မြို့တော်ကိုလံဘို ဆင်ခြေဖုံးရှိ ဂမ်ပါယာခရိုင်က လူဒီယာဝါလာ ဝါတာတွင်တည်ထောင်မည်ဖြစ်သည်။

ထိန်းသိမ်းရေးစခန်း အဆောက်အအုံတည်ဆောက်ရေးအတွက် ရူပီး ၃၂၇ သန်း ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း တည်ဆောက်ရေးစီမံကိန်းအတွက် ပြင်ဆင်မှုများပြုလုပ်နေသောဆောက်လုပ်ရေးဌာနက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ သက်တမ်းလွန်ဗီဇာများကိုင်ဆောင်ထားသည့် နိုင်ငံခြားသားများနှင့်သီရိလင်္ကာနိုင်ငံတွင်းသို့ အခြားနိုင်ငံများမှ တရားမဝင်ဝင်ရောက်လာသူများအား ထိန်းသိမ်းထားရှိရန် ယင်းစခန်းကို အသုံးပြုသွားမည်ဟု သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# ရုရှားနှင့် တူရကီဆက်ဆံရေးပြန်လည်ထူထောင်

**စိန့်ပီတာစဘတ် ဩဂုတ် ၁၀**

လွန်ခဲ့သည့်နှစ် နိုဝင်ဘာလတွင် တူရကီနိုင်ငံက ရုရှားတိုက်လေယာဉ်တစ်စင်းကို ပစ်ချမှုဖြစ်ပွားပြီးကတည်းက တင်းမာနေသည့် နှစ်နိုင်ငံဆက်ဆံရေးကိုပြန်လည်ထူထောင်ရန် ရုရှားနှင့် တူရကီ ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

တူရကီသမ္မတ ရီဆက်ပ် တေယက် အာဒိုဂန်သည် ဩဂုတ် ၉ ရက်တွင် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ အလည်အပတ်ရောက်ရှိလာခဲ့ကာ ရုရှားတိုက်လေယာဉ်ပစ်ချပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံခဲ့သည်။ အာဒိုဂန်က တိုက်လေယာဉ်ပစ်ချခဲ့မှုအတွက် တောင်းပန်စာတစ်စောင်ကို ပူတင်ထံသို့ ဇွန်လအတွင်းက ပေးပို့ခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် တူရကီနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို တဖြည်းဖြည်းပြန်လည်ရုတ်သိမ်းသွားမည်ဖြစ်ကြောင်း တွေ့ဆုံပွဲအပြီးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပူတင်က အရိပ်အမြွက်ပြောကြားသည်။

နှစ်နိုင်ငံကြား စွမ်းအင်စီမံကိန်းများနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အာဒိုဂန်ကလည်း ပြောကြားသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ဆီးရီးယားပြည်တွင်းစစ်ပြဿနာဖြေရှင်းရေးကိုလည်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ သို့သော် သဘောထားကွဲလွဲနေသည်မှာ ရုရှားနိုင်ငံက ဆီးရီးယားသမ္မတ ဘာရှားအယ်လ် အာဆတ်အစိုးရကို ထောက်ခံပြီး တူရကီနိုင်ငံက အာဆတ်အစိုးရကို ဖယ်ရှားရန် ကြိုးစားနေခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**


# လူထုဆန္ဒခံယူပွဲရလဒ်ကို လက်ခံကြရန် ထိုင်းပြည်သူများအား ဝန်ကြီးချုပ်တိုက်တွန်း

**ဗန်ကောက် ဩဂုတ် ၁၀**

ထိုင်းနိုင်ငံ၌ တပ်မတော်အစိုးရက ထောက်ခံသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပေးခဲ့သည့် လူထုဆန္ဒခံယူပွဲရလဒ်ကိုပြည်သူများ လက်ခံကြရန် ဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာက ဩဂုတ် ၁၀ ရက်တွင် တိုက်တွန်းလိုက်သည်။

ထိုင်းနိုင်ငံ ရင်ဆိုင်နေရသော ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် စည်းလုံးညီညွတ်မှုရှိကြရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်ပရာယွတ်က ပြောကြားသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ဒီမိုကရေစီလွတ်လပ်ခွင့်များကို ထိပါးနှောင့်ယှက်လျက်ရှိသည်ဟု ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

ဩဂုတ် ၇ ရက်က ပြုလုပ်သော လူထုဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ထောက်ခံသူ ၆၁ ဒသမ ၃၅ ရာခိုင်နှုန်း၊ ကန့်ကွက်သူ ၃၈ ဒသမ ၆၅ ရာခိုင်နှုန်းဖြင့် အတည်ပြုနိုင်ခဲ့သည်။



မည်ကဲ့သို့သော လူထုဆန္ဒခံယူပွဲတွင်မဆို ပေါ်ထွက်လာသည့်ရလဒ်နှင့်ပတ်သက်၍ ထောက်ခံသည့်အင်အားစုနှင့်ကန့်ကွက်သည့် အင်အားစုဟူ၍ရှိကြောင်း၊ သို့ရာတွင် လူထုဆန္ဒခံယူပွဲရလဒ်ကို ပြည်သူများအားလုံးလက်ခံကြစေလိုကြောင်း၊ သဘောထားကွဲလွဲမှုများရှိနေမှုကို ရှေ့တန်းမတင်ကြဘဲ ညီညီညွတ်ညွတ်ဖြင့် အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားသွားကြရန်ဖြစ်ကြောင်း ပရာယွတ်က ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် စစ်ဘက်မှ အာဏာသိမ်းခဲ့ပြီးနောက် တပ်မတော်အစိုးရအဖွဲ့ခေါင်းဆောင် ပရာယွတ်အားပြည်သူတို့က လိုလားထောက်ခံမှုရှိ မရှိ ယခု ကျင်းပခဲ့သော လူထုဆန္ဒခံယူပွဲက စမ်းသပ်မှုတစ်ရပ်ဖြစ်စေခဲ့သည်။ **ရိုက်တာ။**

# လစ်ဗျားနိုင်ငံ၌ သေဆုံးသွားသည့် အမေရိကန်နိုင်ငံသားနှစ်ဦး၏ မိသားစုများက ဟီလာရီကလင်တန်အား တရားစွဲ

**ဝါရှင်တန် ဩဂုတ် ၁၀**


၂၀၁၂ ခုနှစ်က လစ်ဗျားနိုင်ငံတွင် အကြမ်းဖက်သမားများက ကောင်စစ်ဝန်ရုံးအား ဝင်ရောက်တိုက်ခိုက်မှုတွင် သေဆုံးသွားခဲ့သည့် အမေရိကန်နိုင်ငံသားနှစ်ဦး၏ မိသားစုများက ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်အား ဝါရှင်တန်မြို့ရှိ ဖက်ဒရယ်ခရိုင်တရားရုံးတစ်ရုံး၌ ဩဂုတ် ၈ ရက်က တရားစွဲဆိုခဲ့ သည်။ ထိုအချိန်က ဟီလာရီကလင်တန်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးဖြစ်သည့်အတွက် ယင်းကိစ္စနှင့်ပတ်သက်ပြီး တာဝန်ရှိသည်ဟု တရားစွဲဆိုသူများက ဆိုသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် အကြမ်းဖက်သမားများက ဘန်ဂါဇီမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လစ်ဗျားနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးအပါအဝင် အခြားဝန်ထမ်းသုံးဦး သေဆုံးခဲ့ရသည်။

တရားစွဲဆိုသူမိသားစုက ကလင်တန်သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ်တာဝန် ထမ်းဆောင်စဉ်အတွင်း အသုံးပြုခဲ့သည့် ကိုယ်ပိုင်အီးမေးလ်တစ်ခုမှ လျှို့ဝှက်သတင်းများ ပေါက်ကြားခဲ့နိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ ထို့ကြောင့် သံအမတ်ကြီးနှင့် အခြားဝန်ထမ်းများရှိရာနေရာသို့ အကြမ်းဖက်သမားများ သိရှိသွားနိုင်ဖွယ်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။ တစ်ဦးတစ်ယောက်က ကလင်တန်၏အီးမေးလ်ကို ခိုးဖွင့်ခြင်းကြောင့် သတင်းအချက်အလက်များ ပေါက်ကြားခဲ့ခြင်းဖြစ်နိုင်ချေရှိသည်ဟုလည်း ၎င်းတို့က ဆိုသည်။

အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ထွက်ပေါ်လာသည့် အဖြေကိုးခုမှာ တူညီမှုမရှိသော်လည်း မည်သည့်အဖြေကမှ ကလင်တန်နှင့်ပတ်သက်သည်ဆိုခြင်းကို ဖော်ပြထားခြင်းမရှိကြောင်း ကလင်တန်၏ မဲဆွယ်စည်းရုံးရေးပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ယခင်လကကျင်းပခဲ့သည့် ရီပတ်ဘလီကန်အမျိုးသားကွန်ဗင်းရှင်းတွင် တရားစွဲဆိုသည့်မိသားစု နှစ်စုက ကလင်တန်အား ပြင်းထန်စွာဝေဖန်ရှုတ်ချ



ခဲ့ကြောင်း သိရသည်။

ရီပတ်ဘလီကန်သမ္မတလောင်း ဒိုနယ်လ်ထရန့်က ကလင်တန်၏ တရားစွဲဆိုခံရမှုနှင့် အီးမေးလ်ပြဿနာတို့အား ထောက်ပြဝေဖန်ကာ သမ္မတရွေးကောက်ပွဲအတွက် အမြတ်ထုတ်နိုင်ဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

လွှတ်တော်ရေးရာ

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို မူဝါဒချမှတ်ကာဆောင်ရွက်နေသည့် အစိုးရသစ်ဖြစ်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို မဖြစ်မနေဆောင်ရွက်ရမည်

**နေပြည်တော် ဩဂုတ် ၁၀**

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည် အစိုးရသစ်အတွက် ကြီးမားသည့် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်နေပါကြောင်း၊ သို့ရာတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို မူဝါဒချမှတ်ကာ ဆောင်ရွက်နေသည့် အစိုးရသစ်ဖြစ်သည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း** ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့တွင် ပန်းတောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က ထည့်သွင်းဆွေးနွေးသည်။



ဒေါက်တာဦးသန်းဝင်း

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးသန်းဝင်း တင်သွင်းသော **နိုင်ငံအဝှမ်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြရာ ဒေါ်ခင်နှင်းသစ်က အထက်ပါအတိုင်း ဆွေးနွေးခြင်းဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က အဂတိလိုက်စားမှုဆိုသည်မှာ တိုင်းပြည်တစ်ပြည်တွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသည့် အခြေခံကျသည့် စီးပွားရေး၊ နိုင်ငံရေးနှင့် အဖွဲ့အစည်းမူဘောင်ဆိုင်ရာ အားနည်း ချို့ယွင်းချက်များ၏ အပေါ်ယံလက္ခဏာတစ်ခု ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များတွင် မလိုလားအပ်သည့် ဆိုးကျိုးများစွာ ဖြစ်ပေါ်စေပါကြောင်း၊ ထို့အပြင် သာမန်ပြည်သူများအတွက် ကြီးလေးသော တာဝန်နှင့် ဆိုးကျိုးများကို ဖြစ်ပေါ်စေပါကြောင်း၊ ယခုအခါ ကမ္ဘာ့နိုင်ငံအများစုတွင်လည်း အဂတိလိုက်စားမှုများကို ရင်ဆိုင်ကြုံတွေ့နေရသဖြင့် တိုက်ဖျက်ရန် ကြိုးစားနေကြပါကြောင်း၊ လိုအပ်သည့် အေဂျင်စီများဖွဲ့စည်းခြင်း၊ ပြင်းထန်သည့် ဥပဒေများပြဋ္ဌာန်းခြင်းတို့ကို လုပ်ဆောင်နေသော်လည်း အဂတိလိုက်စားမှုသည် ကင်ဆာရောဂါကဲ့သို့ လူ့အဖွဲ့အစည်းတွင် ပျံ့နှံ့လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့် နက်ပါကြောင်း၊ ဗြိတိန်ကဲ့သို့သော နိုင်ငံမျိုးမှာပင် အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်ရန် နှစ်ပေါင်းတစ်ရာကျော်ခန့် အချိန်ယူခဲ့ရပါကြောင်း၊ သို့သော်လည်း အာရှတိုက်အတွင်းရှိ စင်ကာပူ၊ ဟောင်ကောင် စသည့်နေရာများတွင် ယခင်အဂတိလိုက်စားသည့် အခြေအနေနှင့် နှိုင်းယှဉ်ပါက သန့်ရှင်းသည့်အနေအထားတစ်ခုဆီသို့ အချိန်တိုအတွင်း အထိုက်အလျောက် ပြောင်းလဲလာသည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

ညောင်လေးပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြင့်သိန်းက ဌာနဆိုင်ရာဝန်ထမ်းများ၏ လစာ၊ ထောက်ပံ့ကြေးများမှာ စားဝတ်နေရေးအတွက် မလောက်မငဖြစ်နေခြင်းသည်လည်း အဂတိလိုက်စားမှုအတွက် တွန်းအားပေးနေသည့် အကြောင်းတစ်ရပ် ဖြစ်နေသည်ကို





ဒေါ်ခင်နှင်းသစ်

တွေ့မြင်ရပါကြောင်း၊ ပြည်သူကို ဝန်ဆောင်မှုပေးနေသည့် အစိုးရဌာနများတွင် ဌာနဆိုင်ရာ အသုံးအဆောင်၊ ရုံးပစ္စည်းကိရိယာများ၊ ဥပမာအားဖြင့် စာရွက်စာတမ်း၊ ဌာနဆိုင်ရာသုံးပုံစံများ ပြည့်စုံလုံလောက်ခြင်း မရှိခြင်းသည်လည်း အကြောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ စာရွက်စာတမ်းကြေး၊ ပုံစံကြေးများနှင့်ရော၍ ဝန်ဆောင်ကြေးများကိုပါ ဝန်ထမ်းများက တောင်းခံလာကြပါကြောင်း၊ ပြည်သူများအနေဖြင့် ဌာနဆိုင်ရာများသို့ သွားလာရန် ဝန်လေးတတ်ကြပါကြောင်း၊ မလွှဲမရှောင်သာမှသာ သွားလာကြသည့်အခါ ရုံး၏ထုံးစံအလေ့အထများကို မသိသည့်အတွက် အချို့သောဝန်ထမ်းများအတွက် လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ရန် အခွင့်အရေးတစ်ခုဖြစ်နေပါကြောင်း၊ အဂတိလိုက်စားမှုကျဆင်းရေးကို ဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့် အူမတောင့်မှ သီလစောင့်နိုင်မည်ဟူသည့် စကားအတိုင်း လုံလောက်သည့် လစာ၊ ထောက်ပံ့ကြေးများရရှိစေရေး စီမံဖန်တီးပေးရန်လိုအပ်ပါကြောင်း၊ အူမတောင့်နေသော်လည်းပဲ သီလမစောင့်သူများကိုမူ ထိရောက်စွာအရေးယူရန်လိုပါကြောင်း၊ အချို့သောအစိုးရဌာနများတွင် ခေတ်၊ စနစ်နှင့် မလျော်ညီဘဲ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် နည်းလမ်းများ၊ ကြိုးနီစနစ်များ ရှိနေသေးပါကြောင်း၊ ပြည်သူများအနေဖြင့် ယင်းအခက်အခဲများကို ကျော်လွှားကာ မိမိတို့၏ လိုအင်ဆန္ဒများ ပြည့်ဝစေရန်အတွက် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု နည်းလမ်းများကိုသုံးရန် ကြိုးပမ်းလာကြပါကြောင်း၊ ယင်းသို့ ပြည်သူများနှင့် ဝန်ထမ်းများ အဂတိလိုက်စားမှုများကို ပြန်လည်စိစစ်ပြုပြင်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆွေးနွေးတင်ပြမှုများနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက မြန်မာနိုင်ငံ၏ နယ်ပယ်အသီးသီးတွင် အဂတိလိုက်စားမှုများ ဖြစ်ပေါ်လျက်ရှိသည်မှာ နှစ်ပေါင်းများစွာ ရှိခဲ့ပြီဖြစ်ပါကြောင်း၊ အဆိုပါ အမြစ်တွယ်နေသည့် အဂတိလိုက်စားမှုများကို အချိန်တိုအတွင်း နှိမ်နင်းရန် အထိုက်အလျောက် အခက်အခဲရှိနိုင်ကြောင်း၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး စတင်ဖွဲ့စည်းချိန်မှစ၍ ဝန်ထမ်းများစုဖွဲ့ရေး၊ တိုင်ကြားစာများ စစ်ဆေးရေးတို့ကို ဆောင်ရွက်သကဲ့သို့ တစ်ပြိုင်တည်းမှာပင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေကို ရေးဆွဲကာ နိုင်ငံတော်အစိုးရအဖွဲ့မှ အတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ Transparency International မှ ထုတ်ပြန်သည့် အဂတိလိုက်စားမှု အညွှန်းကိန်းမှာ ၂၀၁၂ ခုနှစ်တွင် မူလနိုင်ငံပေါင်း (၁၇၆)နိုင်ငံအနက် (၁၇၂ )ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် နိုင်ငံပေါင်း (၁၆၈) နိုင်ငံအနက် (၁၄၇)သို့ ရောက်ရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

တိုင်စာများတွင် သက်သေခိုင်မာမှု မရှိ၍ အရေးမယူနိုင်ခြင်းရှိသကဲ့သို့

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ○**

# ပညာရေးဝန်ထမ်းများအတွက် အခန်းပေါင်း ၂၆၄ ခန်းပါရှိသည့် ခြောက်ခန်းတွဲ လေးထပ်အဆောက်အအုံ ၁၁ လုံး ဆောက်လုပ်ပေးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၁၀**

အခြေခံပညာဦးစီးဌာန၏ စိစစ်တောင်းခံတင်ပြမှုအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပေ(၄၀ × ၃၀)ရှိ ဝန်ထမ်းအိမ်ရာ ၅၅ လုံးအတွက် ငွေကျပ်(၁၈၉၀ ဒသမ ၆၀၀)သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အခန်းပေါင်း ၂၆၄ ခန်းပါရှိသည့် ခြောက်ခန်းတွဲလေးထပ်အဆောက်အအုံ ၁၁ လုံး ဆောက်လုပ်ရန်အတွက် ငွေကျပ်(၈၂၆၅ ဒသမ ၄၀၀)သန်း စုစုပေါင်း ငွေကျပ်သန်းပေါင်း (၁၀၁၅၆)သန်း ရန်ပုံငွေခွင့်ပြုချက် ရရှိဆောင်ရွက်ပြီးဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် ဒေသခံရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မိဘဆရာအသင်းများ၏ ပံ့ပိုးကူညီမှုဖြင့် အဆင်ပြေစွာနေထိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍သွားလာရေးခက်ခဲသောဒေသများရှိ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရေးအတွက် ဦးစားပေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့၌ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **"မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်း ဝေးလံသောဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **"ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် အဆောက်အအုံရရှိရေးကို ပြည်ထောင်စုအစိုးရရန်ပုံငွေမှ ကူညီတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များက ၎င်းတို့၏ နယ်မြေဒေသအတွင်း လိုအပ်ချက်ရှိသဖြင့် တင်ပြလာမှုအရသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြလာမှုများအရသော်လည်းကောင်း၊ ဝန်ထမ်းအိမ်ရာများကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဌာနများထံသို့ ခွင့်ပြုရန်ပုံငွေရရှိရန် တင်ပြတောင်းခံပေးလျက်ရှိပါကြောင်း။

အခြေခံပညာကဏ္ဍတွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် အခမဲ့မူလတန်းပညာရေး၊ အခမဲ့အလယ်တန်းပညာရေး၊ အခမဲ့အထက်တန်းပညာရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ ကျောင်းဆောင်များ ပြုပြင်မွမ်းမံခြင်း၊ ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ ဆရာ ဆရာမခန့်ထားခြင်းနှင့် အရည်အသွေးမြှင့်မားရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ကျောင်းအုပ်ကြီးများနှင့် ပညာရေးမှူးများ စီမံခန့်ခွဲရေးမွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်းတို့ကို ခွင့်ပြုရန်ပုံငွေဖြင့် ဦးစားပေးစီစဉ်ဆောင်ရွက်



ဒေါက်တာမျိုးသိမ်းကြီး



ဒေါ်သီရိရတနာ

လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ **"ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရောင်နီအရက်ချက်စက်ရုံမှ စွန့်ပစ်ရေဆိုးများကို ဆင်ကျုံးချောင်းအတွင်း စည်းကမ်းမဲ့စွာစွန့်ပစ်နေခြင်း၊ စက်ရုံမှအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများအား ဆိုးကျိုးများသက်ရောက်နေခြင်း၊ အရည်အသွေးစိစစ်ခြင်းမရှိသော စက်ရုံထုတ်အရက်များကို ဖြန့်ဖြူးရောင်းချနေခြင်းတို့အား မည်သို့ဆောင်ရွက်ထားသည်ကို သိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တာဝန်ရှိသည့်ဌာနများအနေဖြင့် ရောင်နီအရက်ချက်စက်ရုံ၏ ပြင်ဆင်ဆောင်ရွက်နေမှု လုပ်ငန်းများပြီးဆုံးချိန်တွင် ထပ်မံသွားရောက်စစ်ဆေးမည်ဖြစ်ပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ပြည်ထဲရေးဝန်ကြီးဌာနမှ စက်ရုံပိတ်သိမ်းနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင်၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရောင်နီအရက်ချက်စက်ရုံမှ ထွက်ရှိသော အရက်နမူနာများကို ဓာတုဗေဒဝန်ရုံးသို့ ပေးပို့စစ်ဆေးခဲ့ရာ အရက်ပါဝင်မှု ၃၀ ဒသမ ၆၆ ရာခိုင်နှုန်းရှိပြီး လူကိုအန္တရာယ်ဖြစ်စေတတ်သည့် မက်သနော၊ ဖျူဇယ်ဆီနှင့် ပိုးသတ်ဆေးများ ပါဝင်မှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ထွက်ရှိသော အရက်နမူနာများကို ဓာတုဗေဒဝန်ရုံးသို့ ပေးပို့စစ်ဆေးမှုခံယူလျက်ရှိပြီး စစ်ဆေးချက်အရ လူကိုအန္တရာယ်ဖြစ်စေတတ်သည့် ဓာတုပစ္စည်းများပါဝင်ခြင်း မရှိမှသာ ဖြန့်ဖြူးရောင်းချခွင့်ပြုမည်ဖြစ်ပါကြောင်း။

ရောင်နီအရက်ချက်စက်ရုံနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ပြင်ဆင်ဆောင်ရွက်ပေးရန် ညွှန်ကြားထားသည့်လုပ်ငန်းများကို စက်ရုံအနေဖြင့် လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်ရုံကို ၂၀၁၆ခုနှစ် ဇူလိုင် ၂၁ ရက်နေ့မှစ၍ ပြုပြင်ဆောင်ရွက်ပြီးစီးသည့်ကာလအထိ ခေတ္တပိတ်ထားရန် အကြောင်းကြားထားပြီးဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **"ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ သို့မဟုတ် (၂၁)ရာစု ပင်လုံညီလာခံနှင့် စပ်လျဉ်း၍သိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက (၂၁)ရာစုပင်လုံညီလာခံတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မူဝါဒချမှတ်ထားပါကြောင်း၊ ညီလာခံ၏ နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုရလဒ်များမှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် မျှော်မှန်းထားပါကြောင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဘုံသဘောတူညီချက်နှင့် အဖြေထွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ပေးထားပါကြောင်း။

လက်ရှိတွင် အခြေခံကျသည့် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို ပြန်လည်သုံးသပ်မှုများပြုလုပ်လျက်ရှိကြောင်း၊ ယခင်က ကဏ္ဍကြီး ၅ခုတွင် အကြောင်းအရာခေါင်းစဉ်ပေါင်း ၂၀ ရှိခဲ့ရာမှ ယခုဆိုလျှင် ကဏ္ဍကြီး ၅ ခုတွင် အကြောင်းအရာခေါင်းစဉ်ပေါင်း ၁၀ ခုအထိ လျှော့ချနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ယခုလကုန်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံတွင် တက်ရောက်မည့် ကိုယ်စားလှယ်ပေါင်း (၇၀၀)ခန့် ရှိမည်ဟု မျှော်မှန်းထားပါကြောင်း၊ ယခင်က နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အရ ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ် ၇၀၀ ဦးတွင် အစိုးရအဖွဲ့ကိုယ်စားလှယ် ၇၅ ဦး၊ လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦး၊ တပ်မတော်သား ကိုယ်စားလှယ် ၁၅၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၅၀ ဦး၊ တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၁၅၀ ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ၅၀ ဦးနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူ ၅၀ ဦး သတ်မှတ်ထားပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိုလည်း ပြန်လည်သုံးသပ်ရန်ရှိပါကြောင်း၊ ဖိတ်ကြားမှုစာရင်းအတိအကျကို ယခုလတွင်ကျင်းပပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)တွင် ဆွေးနွေးညှိနှိုင်းပြီးအတည်ပြုသွားမည်ဖြစ်ကြောင်း။

ညီလာခံသို့ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားများကိုယ်စားလှယ်များပါဝင်နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကျင်းပသွားမည့် အစီအစဉ်ကို လတ်တလောတွင် အတိအကျမပြောနိုင်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ၏ ညှိနှိုင်းမှုများမှ ထွက်ပေါ်လာမည့် ရလဒ်များအပေါ် မူတည်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက "နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။**

**(သတင်းစဉ်)**

# ပညာရေးနှင့် ကလေးသူငယ်များအလုပ်လုပ်ကြရခြင်းပြဿနာများ

## ဒေါက်တာကျော်လတ်

မိမိတို့တိုင်းပြည်တွင် ကလေးသူငယ်များ အလုပ်လုပ်ကိုင်ကြရခြင်း၊ child labour စသောစကားများ ဆွေးနွေးပြောဆိုကြပါသည်။ မိမိတို့နိုင်ငံနှင့် များစွာသောဆင်းရဲသည့်နိုင်ငံများ၏ အခြေအနေအရဆင်းရဲမှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သဖြင့် ဤကိစ္စမှာ မိဘများ၊ အလုပ်ရှင်များနှင့် သက်ဆိုင်ရာဌာနများ ဝိုင်းဝန်းလုပ်ကိုင်ကြလျှင် အချိန်တိုကာလအတွင်း ပပျောက်သွားမည်ဟုတော့ မမျှော်လင့်နိုင်သော်လည်း ကလေးများ ပညာတတ်မြောက်စေရန် ဝိုင်းဝန်းကြိုးစားကြရပေမည်။

ကုလသမဂ္ဂအဖွဲ့၏ သဘောတူချက်အရ Minimum Age for work should not be below the age for finishing compulsory schooling, which is generally 15, possible exceptions for developing countries is 14- **"အသက်အငယ်ဆုံး အလုပ်ချိန်သတ်မှတ်ချက်မှာ မသင်မနေရပညာသင်ချိန်အပြီးယေဘုယျ (၁၅)နှစ်၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ခြွင်းချက်အနေဖြင့် (၁၄)နှစ်"**ဟု ဖြစ်ပါသည်။ မိမိတို့နိုင်ငံ ပညာရေးစနစ်အရ ကလေးများသည် အလယ်တန်းပညာကို အသက်(၁၃)နှစ်အထိ ပညာသင်ကြားသင့်သည်ဟု သတ်မှတ်လျှင် သဘောတူကြမည်ဟု ယူဆပါသည်။ ပထမဦးစွာ မိမိတို့နိုင်ငံအတွင်း အတိုင်းအတာပမာဏကို တွက်ချက်ကြည့်ပါသည်။ လက်ယာဘက်တွင် တင်ပြထားသော ဇယား Column (C)အရ အသက်ငါးနှစ်မှ (၁၃)နှစ်အတွင်း ကလေးတို့မှ ၇၃ ရာခိုင်နှုန်းသည် ပညာသင်ကြားကြ၍ အထက်တန်းအဆင့် တက်သင့်သောအရွယ် (၁၄ နှစ်မှ ၁၅ နှစ်)တွင် ထိုနှုန်းသည် ၅၀ ရာခိုင်နှုန်းခန့်သို့ လျော့နည်းသွားသည်ကို တွေ့ရှိရမည်။ သတိမူမိသည်မှာ လွတ်လပ်ရေးရပြီးစ လွန်ခဲ့သော ၆၈ နှစ်နှင့် နှိုင်းစာသော် ထူးခြားလာသည်မှာ ကျေးလက်ဒေသများရှိ ကလေးများ ကျောင်းတက်နှုန်းနှင့် မြို့ပြဒေသများမှ နှုန်းများ များစွာ ကွာဟချက်မရှိခြင်းဖြစ်သည်။ လွတ်လပ်ရေး ရပြီးသည့်နောက် ၆၈ နှစ်အတွင်း ကျောင်းများတည်ထောင်မှုသည် ကျေးလက်ဒေသများသို့လည်း ရောက်ရှိလာသည်ဟု သုံးသပ်ရပေမည်။ မည်သို့ပင်ရှိစေကာမူ မိမိတို့၏ ၂၇ ရာခိုင်နှုန်းခန့်သော (၁၃)နှစ်အောက်ကလေးများ ကျောင်းများတွင် တက်ရောက်သင်ကြားခြင်းမရှိခြင်း ပြဿနာကို ဝိုင်းဝန်းဖြေရှင်းကြရပေမည်။

ဤသို့သော အသက် (၅)နှစ်မှ (၁၃)နှစ်အတွင်းကလေးများ ကျောင်းများတွင် ပညာသင်ကြားမှုမရှိသော ရာခိုင်နှုန်းမှာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း ကွာခြားမှုများ ရှိကြသည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် သင်ကြားမှုရာခိုင်နှုန်းသည် ၈၀ ရာခိုင်နှုန်းကျော်မြင့်မားပြီး ရှမ်းပြည်နယ်တွင် ၆၀ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်တွင် ၇၀ ရာခိုင်နှုန်းနီးပါးနှင့် ကလေးများပညာသင်ကြားမှုနှုန်း အနိမ့်ကျဆုံးဖြစ်သည်ကို တွေ့ရှိရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့အချင်းချင်း ၂၀ ရာခိုင်နှုန်းကျော် ကွာခြားချက်များ၏ အကြောင်းရင်းများကို ဖော်ထုတ်ရန်လိုအပ်လျက်ရှိသည်ဟု ယူဆပါသည်။


မိမိတို့တိုင်းပြည်၏ ၂၇ ရာခိုင်နှုန်းခန့်သော အသက်(၁၃)နှစ်အောက် ကလေးများ ကျောင်းများတွင် တက်ရောက်သင်ကြားမှုမရှိခြင်းမှာ မိဘများ၏လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ကြရခြင်း၊ အခြားပြင်ပနေရာများတွင် လုပ်ငန်းခွင်ဝင်ရခြင်း၊ ကျောင်းနှင့်ဝေးသောနေရာများတွင် နေထိုင်ကြရခြင်း၊ လွန်စွာဆင်းရဲခြင်း စသောအကြောင်းများဖြစ်ပေသည်။ ခြုံ၍သုံးသပ်သော် အဓိကအကြောင်းမှာ မိဘများဆင်းရဲခြင်းပင်ဖြစ်၍ ကလေးများ အချိန်ပြည့် ကျောင်းမတက်နိုင်ကြသော်လည်း အထိုက်အလျောက် ပညာရရှိနိုင်ရန် စုပေါင်းကြိုးစားသင့်ပေသည်။

စာရေးသူစဉ်းစားသည်မှာ မိဘများနှင့် အလုပ်ရှင်များအတွင်း သက်ဆိုင်ရာဌာနတို့က ညှိနှိုင်းဆောင်ရွက်၍ ကလေးများအပတ်စဉ်နှစ်ရက်ခန့် အချိန်ပိုင်း သင်ကြားသောစနစ်ကို တီထွင်ရန်ဖြစ်ပါသည်။ အမှန်စင်စစ် ဤအဆိုပြုချက်မှာ အသစ်အဆန်းမဟုတ်ပါ။ အချို့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် "ကျောင်းပြင်ပပို့ချခြင်း"ကို လုပ်ကိုင်နေကြပြီဖြစ်ပါသည်။ အတိုင်းအတာနှင့် ပမာဏသာလျှင် ဇယားပါကိန်းများကဲ့သို့ အလုပ်လုပ်ကိုင်နေကြရသော ကလေးအများစုတို့ ပါဝင်နိုင်ရန် ကြိုးစားရပါမည်။ အထက်တွင် တင်ပြသည့်အတိုင်း မိဘများ၊ အလုပ်ရှင်များနှင့် သက်ဆိုင်ရာဌာနများ ဝိုင်းဝန်းလုပ်ကိုင်ကြလျှင် "ကလေးသူငယ်များ အလုပ်လုပ်ကိုင်ကြရခြင်းပြဿနာ"များမှာ အချိန်တိုကာလအတွင်း လုံးဝပပျောက်သွားမည်ဟု မမျှော်လင့်နိုင်သော်လည်း ကလေးများအထိုက်အလျောက်ပညာရရှိနိုင်ရန် ဝိုင်းဝန်းကြိုးစားကြရပေမည်။ ။

**School attendence in States & Regions of the Union**

| | States/ Regions | % of children age 5 to 9 attending schools (A) | % of children age 10 to 13 attending schools (B) | % of children below age 13 attending schools (A & B combined) | % of children age 14 to 15 attending high schools (D) |
|---|---|---|---|---|---|
| | Union | 71 | 76 | 73 | 51 |
| | Union/ Urban | 71 | 77 | 74 | 59 |
| | Union /Rural | 71 | 76 | 73 | 47 |
| 1 | KACHIN | 78 | 88 | 82 | 69 |
| 2 | CHIN | 75 | 91 | 82 | 78 |
| 3 | KAYAH | 78 | 85 | 81 | 62 |
| 4 | NAY PYI DAW | 76 | 83 | 79 | 60 |
| 5 | SAGAING | 77 | 80 | 78 | 51 |
| 6 | MAGWAY | 75 | 79 | 77 | 54 |
| 7 | TANINTHARYI | 71 | 82 | 76 | 55 |
| 8 | MANDALAY | 75 | 77 | 76 | 51 |
| 9 | RAKHINE | 73 | 78 | 75 | 51 |
| 10 | BAGO | 75 | 76 | 75 | 46 |
| 11 | AYEYAWADY | 72 | 75 | 74 | 47 |
| 12 | MON | 71 | 76 | 73 | 48 |
| 13 | YANGON | 70 | 75 | 73 | 54 |
| 14 | KAYIN | 65 | 75 | 69 | 49 |
| 15 | SHAN | 56 | 65 | 60 | 41 |

Source: processed from 2014 census




## ကျောင်းကျန်းမာရေးရက်သတ္တပတ် ကျပန်းစကားပြောပြိုင်

**နေပြည်တော် ဩဂုတ် ၁၀**

ကျောင်းကျန်းမာရေး ရက်သတ္တပတ် ကျပန်းစကားပြောပြိုင်ပွဲကို ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းပညာရေးမှူးရုံး၌ကျင်းပရာ နေပြည်တော် တိုင်းပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားသည်။



ထို့နောက် နေပြည်တော် တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုကိုက ကျောင်းကျန်းမာရေး ရက်သတ္တပတ် ကျပန်းစကားပြောပြိုင်ပွဲနှင့်ပတ်သက်ပြီး စည်းကမ်းချက်များကို ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများက နံပါတ်စဉ်မဲနှိုက်ပြီး 'ငါးနှစ်အောက်ကလေးများ အာဟာရရက်သတ္တပတ်'ခေါင်းစဉ်နှင့် 'အိုင်အိုဒင်းချို့တဲ့ရောဂါပပျောက်ရေး' ခေါင်းစဉ်များဖြင့် တစ်ဦးချင်းစွမ်းရည်ပြယှဉ်ပြိုင်ကြရာ ဇမ္ဗူသီရိမြို့နယ်ကိုယ်စားပြု အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ မအေးမြတ်မြတ်မွန်က ပထမဆုအားလည်းကောင်း၊ လယ်ဝေးမြို့နယ်ကိုယ်စားပြု အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မယမင်းကျော်ကျော်က ဒုတိယဆုအားလည်းကောင်း၊ ဇေယျာသီရိမြို့နယ်ကိုယ်စားပြု ရေဆင်းအလယ်တန်းကျောင်း(ခွဲ)မှ မယွန်းဝတီမောင်မောင်က တတိယဆုအားလည်းကောင်း ဆုများကို အသီးသီးရရှိကြသည်။

**(သန့်မောင်)**

## သိန်းနီမြို့မဈေးကြီးအတွင်း သန့်ရှင်းလတ်ဆတ်သော သားငါးများရောင်းချရေး စစ်ဆေးကြပ်မတ်

**သိန်းနီ ဩဂုတ် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် သိန်းနီမြို့မဈေးကြီး၌ရောင်းချနေသောအသားငါးများ သန့်ရှင်းလတ်ဆတ်စွာရောင်းချရေးနှင့် စနစ်တကျဖုံးအုပ်ထားရှိရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးညီညီမောင်နှင့် ဈေးဝန်ထမ်းများက လစဉ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့စစ်ဆေးရာတွင် အသားငါးရောင်းချသည့် ဈေးသည်များအနေဖြင့် ဝယ်ယူစားသုံးသူများအား စေတနာထား၍ သန့်ရှင်းလတ်ဆတ်သော အသားငါးများကိုသာ ရောင်းချရန်၊ စနစ်တကျဖုံးအုပ်ထားရှိရန်နှင့် ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်မည့် အသားငါးများရောင်းချခြင်းမပြုကြရန်တို့ကို သတိပေးမှာကြားခဲ့ကြောင်း သိရသည်။

**(သီပေါကိုလတ်)**

# လမ်းတစ်ဝက်မှာတင် မရပ်သွားစေဖို့

ထိုက်

ဟိုတစ်လောလေးက လုပ်ငန်းရှင် လူငယ်မိတ်ဆွေတချို့နဲ့ စကားပြောဖြစ်တယ်။ သူတို့က အခုမှအသက်(၃၀) ကျော် လောက်ရှိသေးပေမယ့် ကွန်ပျူတာဆော့ဖ်ဝဲရေးတဲ့ လုပ်ငန်းနဲ့အောင်မြင်စွာ လုပ်ကိုင်အထိုင်ကျနေပြီမို့ အင်မတန် လည်းချီးကျူးမိပါတယ်။ ဒီအသက်အရွယ်မှာ အောင်မြင်နေပြီဆိုတော့ တော်တော်ကို ငယ်ငယ်ကတည်းက စလုပ်ခဲ့ကြရမှာပဲလို့ စိတ်ဝင်စားတာနဲ့ သူတို့ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာကို မေးမြန်းဖြစ်ပါတယ်။ အဲဒီကမှဆက်ပြီး မြန်မာပြည်တွင်းက အသေးစားနဲ့ အလတ်စားလုပ်ငန်းရှင်တွေအတွက် အစိုးရက ထောက်ပံ့ပေးနိုင်မယ့် တစ်ပြေးညီလိုက်နာရမယ့် ခိုင်မာတဲ့စနစ်ဥပဒေတွေရှိရင် သိပ်ကောင်းမှာပဲဆိုတဲ့ ခေါင်းစဉ်ကို ဆက်ပြောဖြစ်ကြတယ်။

**ရှေ့ရောက်သင့်သလောက် မရောက်နိုင်**

ကျွန်မရဲ့ ကိုယ်တွေ့အတွေ့အကြုံအရဆိုရင်လည်း လူတစ်ယောက်က ဘယ်လိုပဲနည်းပညာ၊ အသိဉာဏ် ပြည့်စုံပြီး လုပ်နိုင်ရည် ဘယ်လောက်ပဲရှိပါစေ၊ ပြည့်စုံလုံလောက်တဲ့ အရင်းအနှီးမရှိခဲ့ရင် ရှေ့ကိုရောက်သင့်သလောက်မသွားနိုင်ဘဲ အလယ်အလတ်နေရာမှာပဲ တန့်နေတတ်သလို တချို့ကျတော့ အလယ်အလတ်မှာတောင် တောင့်မခံနိုင်ဘဲ တပ်ဆုတ်လိုက်ရတတ်ပါတယ်။ အခုတစ်လော အွန်လိုင်းသတင်းတွေမှာ ရေပန်းစားနေတဲ့ အေးခဲကြက်သားကိစ္စလို၊ ဟိုတစ်လောက တရုတ်ပြည်ဘက်က ပန်းတွေဈေးပေါပေါနဲ့ လှိမ့်ဝင်လာလို့ ပြည်တွင်းက ပန်းစိုက်စားသူတွေ နစ်နာရတဲ့ သတင်းတွေကြောင့် ဝိုင်းကန့်ကွက်၊ စိတ်ဆိုးကြတဲ့ အသံတွေ ညံနေပါတယ်။ တကယ်ကတော့ သူများနိုင်ငံကလာပြီး အမြတ်ထုတ်တာကို မခံချင်ဘူးဆိုရင် ကိုယ့်ပြည်တွင်းက လုပ်ငန်းတွေကို သူတို့ထက်မသာတောင် သူတို့နဲ့ အရည်အသွေး၊ ဈေးနှုန်းစသဖြင့် တန်းတူယှဉ်နိုင်အောင် ကြိုးစားရပါမယ်။ အဲဒီလို တန်းတူရနိုင်တယ်ဆိုရင် ဝယ်ယူသူတွေဘက်ကလည်း ကိုယ့်ပြည်တွင်းက ပစ္စည်းတွေကိုပဲ ပိုပြီးအားပေးကြမှာ သေချာပါတယ်။

**လက်မှုပညာမှသည် စက်မှုနည်းပညာဆီသို့**

နောက်ပြီး ကျွန်မတို့ဆီမှာက တစ်နိုင်တစ်ပိုင် လုပ်ငန်းလေးတွေ သိပ်များပါတယ်။ တစ်လနေမှတစ်ခု၊ နှစ်ခုလောက် ထွက်နိုင်တဲ့ လုပ်ငန်းတွေ၊ ဥပမာ- ချည်ရက်ကန်းလုပ်ငန်း၊ ယွန်းလုပ်ငန်း စသဖြင့် လက်နဲ့ထိုင်ပြီးလုပ်နေရတဲ့ လုပ်ငန်းတွေ တော်တော်များပါတယ်။ အဲဒါကို hand made ဆိုပြီး ဂုဏ်ယူစွာနဲ့ ရောင်းချနေကြတာတွေ့ရပေမယ့် တကယ်လို့သာ ဒါတွေကို နိုင်ငံခြားလုပ်ငန်းရှင် တစ်ယောက်ယောက်ကများ ကြိုက်လွန်းလို့ အရည်အတွက် သိန်းနဲ့ချီ မှာချင်ပါတယ်ဆိုရင် ကျွန်မတို့ ပေးဖို့ အဆင်သင့်ဖြစ်မှာလား။ အဲဒီနေရာမှာ စက်တွေနဲ့ အစားထိုးပြီး လုပ်နိုင်ရင် ပိုမကောင်းဘူးလား။ တကယ်တော့ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုတွေ၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုတွေဟာ တိုင်းပြည်အတွက် လိုအပ်တာမှန်ပေမယ့် အလုပ်အကိုင် အခွင့်အလမ်းပေါများဖို့နဲ့ လူတိုင်းလိုလို ငွေသုံးစွဲမှုမြင့်မားလာဖို့ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းနဲ့ အသေးစားလုပ်ငန်းရှင်တွေ ပေါများလာမှုကလည်း အရေးကြီးပါသေးတယ်။

**အကြောင်းရင်းကို ရှာဖို့လိုပါတယ်**

ပြည်တွင်းမှာ အဆင်သင့်မဖြစ်သေးလို့ ပြည်ပက တင်သွင်းတယ်ဆိုတာ ရေတိုဖြေရှင်းနည်းတစ်ခုအနေနဲ့ မှန်ပေမယ့် ရေရှည်မှာတော့ အဆင်မပြေနိုင်ပါဘူး။ အဲဒီလို ဆက်လုပ်နေသရွေ့ကတော့ သွင်းကုန် မြင့်တက်၊ ဒေါ်လာငွေမာတွေ ယိုစီး၊ ပြည်တွင်းစီးပွားရေး ကျဆင်း၊ အလုပ်လက်မဲ့ ပြဿနာမြင့်တက်. . စတဲ့ ဆိုးကျိုးတွေ ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ တခြားနိုင်ငံကတောင် အဆင့်ဆင့် သွင်းလာရပါတယ်ဆိုတဲ့ ပစ္စည်းတွေဟာ ကိုယ့်ပြည်တွင်းကထက် ဘာလို့ဈေးသက်သာနေရတာလဲဆိုတဲ့ အကြောင်းရင်းကိုလည်း ရှာဖို့လိုပါတယ်။ သူတို့တောင် ဒီဈေးနဲ့ ဒီအရေအတွက်ကို ရောင်းနိုင်ရင် ကိုယ်က ဘာလို့ မရောင်းနိုင်တာလဲဆိုတာလည်း စဉ်းစားသင့်ပါတယ်။ ဆေးဝါး၊ အစာ၊ နည်းပညာ၊ လုပ်အားခ စတဲ့ ကုန်ကျစရိတ်တွေ ပါဝင်သလို အရင်းအနှီးတွေဖြစ်တဲ့ သယ်ယူစရိတ်၊ အသင့်ရောင်းချနိုင်တဲ့ အနေအထားရောက်အောင် လုပ်ဆောင်တဲ့ စရိတ်၊ သက်ဆိုင်ရာ အခွန်အခတွေ စသဖြင့် စသဖြင့် ဘယ်နေရာကြောင့် ဈေးတက်ပြီး ဘယ်နေရာမှာ လျှော့ချလို့ရမလဲ သေချာလေ့လာဆန်းစစ်အဖြေရှာမှ ဖြစ်ပါမယ်။

**ဝင်လာသမျှကို စစ်ဆေးနိုင်ပြီလား**

အဲဒီလို ကြိုးစားတဲ့နေရာမှာ အစိုးရရဲ့ ပံ့ပိုးမှုတွေလည်း အများကြီး လိုပါတယ်။ စင်ကာပူလို ဘာသယံဇာတမှ မထွက်တဲ့ နိုင်ငံအနေနဲ့ ရေတောင်မှ မလေးရှားက ဝယ်ယူသုံးစွဲနေရတာ၊ သူတို့က ချမ်းသာတဲ့နိုင်ငံမို့ မဆန်းပေမယ့် စင်ကာပူလို မချမ်းသာတဲ့ မြန်မာနိုင်ငံအနေနဲ့တော့ ကိုယ့်ပြည်တွင်းမှာ စိုက်ပျိုးလို့၊ မွေးမြူလို့ ရနေရဲ့သားနဲ့ တခြားတိုင်းပြည်က အားလုံးတင်သွင်း သုံးစွဲနေရတယ်ဆိုတာ မဖြစ်သင့်ပါဘူး။ ဒါ့အပြင် ပြည်ပက တင်သွင်းလာတဲ့ ပစ္စည်းတွေဟာ အရည်အသွေးကောင်း မကောင်း၊ စားသုံးသူတွေအတွက် အန္တရာယ် ကင်း မကင်းဆိုတာတွေရော ခိုင်ခိုင်မာမာ စစ်ဆေးနိုင်ကြပြီလား၊ FDA အနေနဲ့ ဝင်လာသမျှ စားသုံးကုန်တွေကို monitor လုပ်နိုင်စွမ်းရှိပြီလား။ အဲဒီလို ခွင့်ပြုမိန့်ပေးနိုင်တဲ့ အဖွဲ့အစည်းဘက်ကလည်း မှန်မှန်ကန်ကန်လုပ်နိုင်ဖို့အရေးကြီးသလို လိုအပ်ရင် ကျန်တဲ့ဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ကြဖို့လည်း လိုပါတယ်။

**မရှိလို့ ငွေချေးကာမှ ပိုင်ဆိုင်မှု ပြခိုင်းတယ်**

ဒီနေရာမှာ ကျွန်မတို့ အစိုးရအနေနဲ့ ဝင်ငွေကို ချင့်ချိန်သုံးစွဲနေရတာမို့ တခြားတိုင်းပြည်တွေလို အလကားထောက်ပံ့ကူညီပေးတဲ့ အစီအစဉ်တွေကို လုပ်ဖို့ပြောနေရင် မတရားရာကျပါလိမ့်မယ်။ ဒါပေမယ့် အဲဒီလို ခေတ်မီနည်းပညာတွေနဲ့ လုပ်ကိုင်နိုင်ဖို့ ချေးငွေစနစ်ကလေးတွေကို စဉ်းစားနိုင်ပါတယ်။ အခုလည်းအသေးစားချေးငွေထုတ်ပေးနေတဲ့ အဖွဲ့အစည်းတွေရှိသလို အစိုးရဘဏ်ကလည်း ချေးလို့ရပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာဘဏ်ကနေ ငွေချေးရတာက အတိုးနှုန်းကြီးမြင့်လွန်းတာအပြင် ချေးငွေရဖို့ လုပ်ငန်းစဉ်တွေက ထင်သလောက် မလွယ်ဘူးလို့ ငွေချေးဖူးတဲ့ မိတ်ဆွေတွေဆီက သိရတယ်။ ဒီကြားထဲ ကိုယ်ကြံစည်ထားတဲ့ လုပ်ငန်းလေး အကောင်အထည်ဖော်ဖို့ မရှိလို့ ငွေချေးပါတယ်ဆိုမှ အိမ်ပိုင်မြေပိုင်ဂရန်တွေနဲ့ ပိုင်ဆိုင်မှုတင်ပြပြီး လျှောက်ရမယ်ဆိုတော့ အခုမှစလို့ အလုပ်လုပ်ဖို့ ကြိုးစားနေတဲ့ အသေးစားလုပ်ငန်းရှင်တွေ အဖို့ ခက်ပြီပေါ့။ ဘဏ်ကမချေးလို့ အပြင်ကချေးမယ်ဆိုပြန်တော့လည်း ဘဏ်တိုးထက်ပိုများတဲ့ အတိုးနှုန်းတွေ အပေါင်အနှံတွေနဲ့က ပိုတောင်ဆိုးဦးမယ်။ များသောအားဖြင့်တော့ မြန်မာပြည်က အသေးစားလုပ်ငန်းရှင်တွေဟာ ဆွေမျိုးမိတ်ဆွေတွေဆီက ခဏချေးငှားတာမျိုး၊ ငွေတိုးချေးစားတဲ့သူတွေဆီက ပေါင်နှံချေးငှားတာမျိုးတွေနဲ့ လုပ်ငန်းလည်ပတ်ဖို့ ကြိုးစားနေကြရတာ များပါတယ်။

**အနောက်ကလိုက်တာတောင် အားလုံးကို မမြင်ရသေးဘူးလား**

တကယ်ကတော့ ကျွန်မအရင်တုန်းက ရေးခဲ့ဖူးသလိုပါပဲ၊ ကျွန်မတို့နိုင်ငံက အနောက်မှာကျန်ခဲ့တာမို့ ရှေ့ကသွားနှင့်သူတွေရဲ့အမှားတွေ၊ အလုပ်ဖြစ် မဖြစ်ဆိုတာတွေ၊ သူတို့ ဘယ်လိုလုပ်သွားကြတယ်ဆိုတာတွေကို လှမ်းမြင်နေရလို့ အလွယ်တကူ သိပြီးဖြစ်နေရမှာပါ။ ဘာမှတောင် စမ်းသပ်တီထွင်ပြီး လုပ်ကြည့်နေစရာ မလိုပါဘူး။ ဒီနေရာမှာ ငါတို့ကတော့ ဘယ်သူ့ဆီကမှ ပုံတူကူးမချဘူး၊ ကိုယ့်စနစ်နဲ့ကိုယ်လုပ်မယ်ကွဆိုတဲ့ တလွဲမာနတွေတော့ မထားကြစေလိုပါဘူး။ ကောင်းတာလေးတွေကို ယူပြီးသုံးနိုင်ရင် အင်မတန် အကျိုးရှိတဲ့ အခြေအနေပါ။ ကျွန်မကတော့ ကိုယ်အလုပ်လုပ်ခဲ့ဖူးတဲ့ စင်ကာပူနိုင်ငံက စီစဉ်ပေးထားတဲ့ အသေးစားချေးငွေ အစီအစဉ်တွေထဲက အရင်တုန်းက ရေးခဲ့ဖူးတာတွေထဲက အကျိုးရှိမယ်ထင်တာလေး တချို့ကို ပြန်မျှဝေချင်ပါတယ်။ ကိုယ်သိတာကလည်း စင်ကာပူတစ်နိုင်ငံတည်း ရှိလေတော့ ကျန်တဲ့နိုင်ငံတွေမှာ ဘယ်လို လုပ်နေကြတယ်ဆိုတာတော့ ပြန်မမျှနိုင်ပေဘူးပေါ့။

**Personal Loan**

ချေးငွေ ပထမတစ်မျိုးက Personal Loan ခေါ်တဲ့ ချေးငွေပါ။ စင်ကာပူ လူမျိုး ဒါမှမဟုတ် အမြဲတမ်း နေထိုင်ခွင့်ရှိသူ ပီအာဆိုရင် တစ်နှစ်ဝင်ငွေ ဒေါ်လာနှစ်သောင်း အနည်းဆုံး ရှိရပါတယ်။ အဲဒီမှာ အလုပ်လုပ်နေတဲ့ နိုင်ငံခြားသားဆိုရင်တော့ တစ်နှစ်ဝင်ငွေဒေါ်လာ လေးသောင်းခွဲ ရှိဖို့လိုပါတယ်။ အဲဒီဝင်ငွေ တကယ်ရှိ၊ မရှိကို ဘယ်လို စိစစ်လဲဆိုတာကလည်း သိပ်လွယ်ပါတယ်။ စင်ကာပူမှာ ဝင်ငွေရှိတဲ့လူတိုင်း မဖြစ်မနေ အခွန်ဆောင်ကြရတော့ တစ်နှစ်စာ ဆောင်ထားပြီးတဲ့ အခွန်စည်းကြပ်လွှာကို တင်လိုက်ရုံပါပဲ။ အလုပ်လုပ်သက် တစ်နှစ်မပြည့်သေးတဲ့ လူဆိုရင်လည်း နောက်ဆုံးသုံးလ လစာရဲ့ပျမ်းမျှကို ယူပြီး တွက်ပါတယ်။ သူတို့ ဘဏ်ထဲလစဉ်ဝင်နေတဲ့ လစာကို စစ်လိုက်တာနဲ့ ပေါ်နေတာမို့ လိမ်ညာပြီး ပြောလို့လည်း မရပါဘူး။ မြန်မာပြည်မှာလည်း အခုဆိုရင် ဘဏ်ထဲကို လစာငွေတွေ လွှဲပေးနေကြပြီမို့ ဒီစနစ်ကိုလုပ်ဖို့ မခက်လှတော့ပါဘူး။

**ချေးငွေအတွက် သက်သာတဲ့အတိုးနှုန်း**

ကျန်တဲ့ လိုအပ်ချက် နည်းနည်းပါးပါး ရှိသေးပေမယ့် သတ်မှတ်ထားတဲ့ ဝင်ငွေဘောင်ထဲဝင်ပြီဆိုရင်တော့ ချေးလို့ရတာများပါတယ်။ ချေးငွေကိုတော့ ကိုယ့်လစာရဲ့ လေးဆအများဆုံးချေးနိုင်ပါတယ်။ ပြန်ဆပ်ရမယ့် ကာလကတော့ စင်ကာပူလူမျိုး (သို့) ပီအာအတွက်ကို အများဆုံး ငါးနှစ်ဖြစ်ပြီး နိုင်ငံခြားသားကတော့ နှစ်နှစ်ဖြစ်ပါတယ်။ အတိုးနှုန်းက နှစ်တိုးတစ်နှစ်ကို ၁၁ ရာခိုင်နှုန်းဖြစ်ပါတယ်။ ပြန်ဆပ်ဖို့ကလည်း သိပ်လွယ်သိပ်ရှင်းပါတယ်။ ဥပမာ-ကိုယ်ငွေချေးမယ့်ကာလက နှစ်နှစ်ဆိုရင် ချေးငွေအရင်းကို နှစ်နှစ်စာအတိုးနှုန်းထည့်ပေါင်း အဲဒါကို ၂၄ လနဲ့စားပြီး တစ်လစာ ပြန်ဆပ်ငွေကို ကိုယ့်လစာထဲကနေ လစဉ်နုတ်သွားတာပါပဲ။ ဘဏ်ကတော့ အားလုံးပြည့်စုံတယ်ဆိုရင် ငါးမိနစ်နဲ့ ငွေချေးခွင့်ကျအောင် လုပ်ပေးမယ်လို့ ကြေညာထားတာတွေ့ဖူးပါတယ်။ ဘဏ်ဝန်ဆောင်မှု သုံးရာခိုင်နှုန်းနဲ့ အာမခံတစ်ရာခိုင်နှုန်းကို ကိုယ့်ချေးငွေထဲက တစ်ခါတည်းဖြတ်လိုက်မှာပါ။

**Microcredit Business Scheme**

နောက်တစ်မျိုးကတော့ လုပ်ငန်းသေးတွေအတွက် Microcredit Business Scheme လို့ခေါ်တဲ့ ချေးငွေအမျိုးအစားပါ။ အဲဒီ အစီအစဉ်မှာတော့ စင်ကာပူလူမျိုး အသက် (၁၈) နှစ်အထက်နဲ့ ဝင်ငွေမရှိသူတွေနဲ့ နှစ်စဉ်ဝင်ငွေ ဒေါ်လာနှစ်သောင်းထက် နည်းတဲ့သူတွေ လျှောက်ထားနိုင်ပါတယ်။ ချေးငွေပမာဏက ဒေါ်လာငါးထောင်ကနေ ဒေါ်လာငါးသောင်းထိချေးနိုင်ပြီး ပြန်ဆပ်ကာလ တစ်နှစ်ကနေ ၁၀ နှစ်ထိ ပြန်ဆပ်နိုင်ပါတယ်။ ဘဏ်တိုးကတော့ ပြန်ဆပ်မယ့်ကာလပေါ်မူတည်ပြီး နှစ်တိုး ရှစ်ရာခိုင်နှုန်းကနေ ၁၂ ရာခိုင်နှုန်းပါ။ တိုးရင်းပေါင်း တွက်ပုံက Personal Loan နဲ့ တူပေမယ့် ပြန်ဆပ်ရမယ့်အချိန်ကတော့ တစ်လအစား နှစ်ပတ်ခြားတစ်ခါ ကိုယ့်ငွေစာရင်းထဲက ဖြတ်သွားမှာပါ။ ဒီငွေချေးတဲ့ စနစ်မှာ အဓိကအရေးကြီးတာကတော့ Business Plan လို့ခေါ်တဲ့ ကိုယ်လုပ်မယ့် လုပ်ငန်းအကြောင်းကို အသေးစိတ်ဘာလုပ်ငန်းလုပ်မယ်၊ ငွေဘယ်လောက်လိုမယ်၊ အမြတ်အစွန်းဘယ်လောက် ရနိုင်တယ် ဆိုတာကို အကျိုးအကြောင်းနဲ့ ဆီလျော်အောင် တင်ပြနိုင်ဖို့ တော်တော်အရေးကြီးပါတယ်။ အဲဒီ Business Plan ကပဲ ချေးငွေရ မရဆိုတာကို ဆုံးဖြတ်သွားတာ ဖြစ်ပါတယ်။

**သူများ လာအမြတ်ထုတ်တာ မခံသင့်တော့တဲ့အချိန်**

သူတို့ဆီမှာ အခုလိုအစီအစဉ်လေးတွေ လုပ်ပေးထားတာမို့ သာမန်ပြည်သူပြည်သားတွေ အတွက်ရော၊ ကိုယ်လုပ်နိုင်တဲ့အတိုင်းအတာထဲကနေ အကြံဉာဏ်ကောင်းတွေရှိပြီး လုပ်ငန်းလုပ်ချင်ကြတဲ့၊ ကြိုးစားအားထုတ်ချင်စိတ်တွေရှိတဲ့ လူငယ်၊ လူကြီးတွေအတွက်ရော အင်မတန် အဆင်ပြေလှပါတယ်။ ကျွန်မတို့ဆီက တာဝန်ရှိတဲ့ လူကြီးတွေကလည်း အမြော်အမြင်ရှိရှိနဲ့ တခြားနိုင်ငံတွေက စနစ်တွေကို လေ့လာပြီး ကိုယ့်နိုင်ငံနဲ့ ကိုက်ညီမယ့် စနစ်လေးတစ်ခုကို အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ကိုယ့်ဆီက တကယ်အလုပ်ကြိုးစားချင်တဲ့ သူတွေအတွက်လည်း အဆင်ပြေနိုင်သလို သူများနိုင်ငံတွေက ကိုယ့်ဆီမှာလာပြီး အမြတ်ထုတ်နေတာကို ခံစရာလည်း ဘယ်လိုတော့မလဲ။ ခံသင့်တဲ့အချိန်လည်း မဟုတ်တော့ပါဘူး။

**ဖြောင့်မှန်တဲ့ စိတ်ဓာတ်တော့ရှိမှ ဖြစ်မယ်**

တစ်ခုတော့ ရှိပါတယ်။ အလုပ်လုပ်ပါမယ်ဆိုတဲ့ လုပ်ငန်းရှင်တွေဘက်ကလည်း တကယ်လုပ်ငန်းလုပ်ချင်စိတ်ရှိဖို့နဲ့ မှန်မှန်ကန်ကန်နဲ့ ကိုယ့်လုပ်ငန်းအကြောင်းကို တင်ပြဖို့တော့ လိုပါတယ်။ ချေးငွေတွေကိုယူပြီး လုပ်ငန်းမလုပ်ဘဲ ကိုယ်ကျိုးအတွက် အလကားထိုင်သုံးနေမယ်ဆိုရင်တော့ ယုံကြည်မှုတွေပျက်စီးပြီး ဘယ်လောက်ကောင်းတဲ့စနစ်ဖြစ်ပါစေ ရေရှည်ခံနိုင်မှာ မဟုတ်ပါဘူး။ စနစ်တစ်ခုရှိပြီဆိုပေမယ့် အားလုံးက ဖြောင့်မတ်မှန်ကန်စွာနဲ့ လေးစားလိုက်နာကြမှသာ အောင်မြင်နိုင်မှာပါလေ။ ။

**ချေးငွေတွေကိုယူပြီး လုပ်ငန်းမလုပ်ဘဲ ကိုယ်ကျိုးအတွက် အလကားထိုင်သုံး နေမယ်ဆိုရင်တော့ ယုံကြည်မှုတွေပျက်စီးပြီး ဘယ်လောက်ကောင်းတဲ့ စနစ်ဖြစ်ပါစေ၊ ရေရှည်ခံနိုင်မှာ မဟုတ်ပါဘူး။ စနစ်တစ်ခုရှိပြီဆိုပေမယ့် အားလုံးက ဖြောင့်မတ်မှန်ကန်စွာနဲ့ လေးစားလိုက်နာကြမှသာ အောင်မြင်နိုင် မှာပါလေ။**

---

**○ ပြည်သူ့လွှတ်တော်မှ**

သက်သေအထောက်အထားမပါသည့် ယေဘုယျဆန်ဆန် တိုင်ကြားစာများ၊ ပစ်စာများ၊ တိုင်ကြားသူ၏ အမည်ပါသော်လည်း ကနဦး စုံစမ်းသည့်အခါ တိုင်ကြားသူ အမှန်တကယ်မရှိသော တိုင်စာများ၊ ဤဥပဒေ အာဏာမတည်မီက ကိစ္စရပ်များ၊ ဤဥပဒေနှင့် သက်ဆိုင်မှုမရှိသော တိုင်စာများ၊ တရားရုံးတွင် စစ်ဆေးဆဲကိစ္စရပ်များ၊ စစ်ဆေးအရေးယူပြီးဖြစ်သော်လည်း ထပ်မံတိုင်ကြားသည့် ကိစ္စရပ်များ၊ အဆင့်မြင့်အကြီးအကဲများသို့ လိပ်မူ တိုင်ကြားစာများနှင့် မှန်ကန်မှုမရှိသည့် တိုင်စာများဖြစ်နေ၍ တိုင်ကြားစာများ များပြားသော်လည်း အမှန်တကယ်အရေးယူနိုင်သည့် အရေအတွက်နည်းပါးရခြင်းဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုများတွင် တောင်းသူရှိ၍ ပေးနေခြင်းရှိသကဲ့သို့ ပေးသူရှိ၍ ယူသူလည်း ရှိနေခြင်းဖြစ်သည့်အတွက် ပေးသူကလည်းမပေးရန်၊ တောင်းသူ၊ ယူသူကလည်း မတောင်း မယူစေရန် စိတ်ဓာတ်များပြုပြင်ရေး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စိတ်ဓာတ်များပြုပြင်ရေး အတွက် အစိုးရ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်၊ ပြည်သူအချင်းချင်း၊ ဝန်ထမ်းအချင်းချင်းတို့က ဝိုင်းဝန်းထိန်းသိမ်းပညာပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပါ အချို့ပြဋ္ဌာန်းချက်များကိုလည်း ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ၊ ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြမည်ဆိုပါက အဂတိလိုက်စားမှုများသည် အချိန်အတိုင်းအတာ တစ်ခုအတွင်းတွင် ယခုထက်ပိုမို၍ လျော့နည်းကျဆင်းသွားမည်ဟု ယုံကြည်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း တင်သွင်းသည့် နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိရောက်စွာကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် အဆိုရှင် ဒေါက်တာသန်းဝင်းက ၎င်းတင်သွင်းသည့် အဆိုကို အတည်ပြုပေးပါရန်ပန်ကြားရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားဆန္ဒကို မဲခွဲဆုံးဖြတ်ပြီး ထောက်ခံမဲ ၃၇၀၊ ကန့်ကွက်မဲမရှိ၊ ကြားနေမဲ မရှိသဖြင့် အဆိုကို အတည်ပြုသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်(၂၀၁၆) ဗဟိုအဆင့်ဖွင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဩဂုတ် ၁၀**
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းအာဟာရပြည့်ဝမျှတရန် လိုအပ်သဖြင့် အာဟာရဖွံ့ဖြိုးရေးအတွက်အဓိကသုံးချက်ဖြစ်သည့် အာဟာရချို့တဲ့မှုများလျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှုပြဿနာများ လျော့ချကာကွယ်ရေး၊ အာဟာရပြည့်ဝမျှတစွာစားသုံးတတ်သည့်ဓလေ့ ပိုမိုထွန်းကားစေရန်ရည်ရွယ်၍ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် (၂၀၁၆) ဗဟိုအဆင့်ဖွင့်ပွဲအခမ်းအနားကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားသည်။**(ယာပုံ)**

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ဌာနေကိုယ်စားလှယ် Dr.George M.Luna နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Bishnu Pokhael တို့ အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် မူကြိုကလေးများအား လက်ဆောင်များပေး၍ ဗီတာမင်အေဆေးလုံးနှင့် သန်ချဆေးများတိုက်ကျွေးပြီး အပျိုဖော်ဝင်ကလေးများအား သံဓာတ်အားဆေးများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများကိုလည်းကောင်း ဖြန့်ဝေပေးခဲ့သည်။

ကလေးတိုင်းကို မျှတသော အစားအသောက်အာဟာရကျွေးခြင်းသည် လူ့အခွင့်အရေးပင်ဖြစ်ပြီး (၅)နှစ်အောက်ကလေးများ အာဟာရပြည့်ဝဖို့ ဆောင်ရွက်ရာတွင် မွေးကင်းစမှစ၍ (၆)လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန်၊ (၆)လမှစကာ သန့်ရှင်းပြီး အာဟာရပြည့်ဝသည့် ဖြည့်စွက်အစာများ တိုက်ကျွေးရန်၊ နောက်ပိုင်းတွင် အာဟာရဖြည့်စွက်အားဆေး၊ အနုအာဟာရအားဖြည့်ဆေးများတိုက်ကျွေးရန်သာမက တစ်ကိုယ်ရေသန့်ရှင်းရေးပါလုပ်မှသာ ကျန်းမာသန်စွမ်း ဉာဏ်ရည်ထက်မြက်သည့် ကလေးများ ဖြစ်လာမည်ဖြစ်သည်။ မြို့နယ်၊ ရပ်ကွက်များအတွင်း မိဘများ၊ ကျန်းမာရေးအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းများအားလုံးပါဝင်မှသာ အောင်မြင်မည်ဖြစ်သည်။

ကလေးများဗီတာမင်အေချို့တဲ့ပါက ကြက်မျက်သင့်ရောဂါများ ဖြစ်နိုင်သည်။ အမျိုးသမီးများလည်း အိုင်အိုဒင်းချို့တဲ့ပါက ကိုယ်ဝန်ဆောင်ပျက်ကျစေနိုင်ခြင်း၊ မွေးလာမည့်ကလေး ပေါင်မမီခြင်း၊ ကလေးဉာဏ်မမီခြင်း ဖြစ်စေနိုင်သဖြင့် အိုင်အိုဒင်းဓာတ်ပြည့်ဝရန် အရေးကြီးသဖြင့် အိုင်အိုဒင်းဆားများသည် အငွေ့ပြန်ပါက ပုံစံမပျက်ဘဲ ဆားဓာတ်ပျယ်စေသဖြင့် ဆားအိတ်များကို သိုလှောင်ရာတွင် ပလတ်စတစ်ဖြင့် လုံခြုံစွာထားရန်နှင့် အသုံးပြုရာတွင်လည်း အဖုံးလုံစွာဖြင့် ထားသိုအသုံးပြုရန် လိုအပ်သည်။

"ကမ္ဘာမှာ စီးပွားရေးကျွမ်းကျင်ပညာရှင်တွေ ပြောထားတာက အာဟာရမှာ ရင်းနှီးမြှုပ်နှံလိုက်ရင် အကျိုးအမြတ်အများဆုံး ရရှိပါတယ်။ အာဟာရမှာ ရင်းနှီးမြှုပ်နှံခြင်းဖြင့် တစ်ဆရင်းနှီးမြှုပ်နှံလိုက်လျှင် ၁၆ ဆ ပြန်လည်ရရှိနိုင်ပါတယ်။ (၅)နှစ်အောက်ကလေးတွေ သေဆုံးမှု လျော့ကျသွားနိုင်ပါတယ်။ အခု ဗဟိုပြီးတော့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေ၊ မြို့နယ်အားလုံးမှာလည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွေကနေ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုတွေကို ကျင်းပသွားမှာဖြစ်ပါတယ်။ လူထုလှုပ်ရှားမှုအသွင်အနေနဲ့ (၅)နှစ်အောက်ကလေးတွေကို ဗီတာမင်(အေ)၊ ကိုယ်ဝန်ဆောင်တွေကို သံဓာတ်အားဆေး၊ ဗီတာမင်ဘီဝမ်းဆေးပြား၊ သန်ချဆေးတိုက်ကျွေးမယ်။ ကျောင်းတွေမှာ အပျိုဖော်ဝင်တွေကို သံဓာတ်အားတိုးဆေးတိုက်ကျွေးတာမျိုး၊ မူလတန်းကျောင်းသားလေးတွေကို သန်ချဆေးတိုက်ကျွေးတာတို့၊ အသိပညာပေးအနေနဲ့ စာစီစာကုံးပြိုင်ပွဲလေးတွေ၊ ကျပန်းစကားပြောပြိုင်ပွဲလေးတွေ၊ အာဟာရပညာပေးဟောပြောတာတွေ လုပ်သွားဖို့ရှိပါတယ်"ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အာဟာရ) ဒေါက်တာခင်မေသန်းက ပြောသည်။

မြန်မာနိုင်ငံတွင် (၅)နှစ်အောက်ကလေးငါးဦးတွင် သုံးဦးမှာ အနုအာဟာရချို့တဲ့သဖြင့် အရပ်ပုခြင်း၊ ညှက်ခြင်း ဖြစ်နေသည်။ စီးပွားရေးပြောင်းလဲလာမှုတွင် အမျိုးသမီးများနှင့်ကလေးသူငယ်များ၏ အာဟာရပြည့်ဝမှုက အရေးပါလာကြောင်း၊ ကလေးသူငယ်များ ၄၅ ရာခိုင်နှုန်းအထိသေဆုံးမှုက အာဟာရချို့တဲ့မှုနှင့် ဆက်နွှယ်နေသဖြင့် မွေးကင်းစရက်ပေါင်း(၁၀၀)အတွင်းမှ နှစ်နှစ်အထိ ကလေးများကို ကောင်းမွန်မှန်ကန်စွာ အာဟာရဖြည့်ဆည်းပေးပါက သေဆုံးမှု ၁၀ ဆလျော့နည်းစေပြီး ကလေးငယ်များ ကျောင်းပညာရေးတွင်လည်း ထူးချွန်မြင့်မားကြောင်း၊ ကလေးများဖွံ့ဖြိုးမှုအတွက် ထိရောက်စေကြောင်း Global Nutrition Report 2015 အရ သိရသည်။

**(သတင်းစဉ်)**

❖

## ❂ ပျောက်ဆုံးတောင်တက်သမားမှ

နာဂတောင်တန်းတို့မှ တောတောင်အထပ်ထပ်ကို ခက်ခဲကြမ်းတမ်းစွာ ကျော်ဖြတ်၍ မြန်မာ့ရေခဲတောင်များ၏ သဘာဝအလှနှင့် ရိုးရှင်းသော မြင်ကွင်းများကို ထူးထူးခြားခြား ဆွဲဆောင်နိုင်သော ရိုက်ကူးချက်များဖြင့် ရိုက်ကူးထားသည်ကို ယင်းပြပွဲတွင် မြင်တွေ့ရမည်ဟု သိရသည်။

အောင်မြင့်မြတ်သည် ကျွမ်းကျင်သော ဓာတ်ပုံပညာရှင်တစ်ဦး မဟုတ်သော်လည်း ခြေလျင်တောင်တက်ခြင်းကို ရူးသွပ်ဝါသနာပါသကဲ့သို့ အပျော်တမ်းဓာတ်ပုံရိုက်ကူးခြင်းကိုလည်း အထူးဝါသနာပါသူတစ်ဦးဖြစ်သည်။ ၂၀၀၉ ခုနှစ်က ထိုင်းနိုင်ငံမှာ ကျင်းပသည့် နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲတွင် ဝါသနာအလျောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ YONIORI PRIZE တွက် Struggle ကဏ္ဍ၌ ဆုရရှိခဲ့သည်။

"တကယ်လို့ ခါကာဘိုရာဇီတောင်ထိပ်ပေါ်ကို ကိုယ့်မြန်မာနိုင်ငံအလံ သီးသန့်စိုက်ထူမယ်ဆိုတဲ့ ရည်ရွယ်ချက်သာအောင်မြင်ခဲ့ရင် တောင်တက်အားကစားနဲ့ယှဉ်ပြီး ဓာတ်ပုံပညာနဲ့ အသက်မွေးမှာ။ ဒါသူ့ရည်မှန်းချက်လေ" ဟု တက္ကသိုလ်ခြေလျင်တောင်တက်အသင်း သဘာဝခေါ် သံဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

သို့ရာတွင် ကံအကြောင်းမသင့်သောကြောင့် ခါကာဘိုရာဇီမှ သူပြန်မလာနိုင်တော့သော်လည်း သူတတ်ကျွမ်းသည့် ဓာတ်ပုံပညာဖြင့် ခြေလျင်တောင်တက်အားကစားနှင့် မြန်မာနိုင်ငံသားများအတွက် သူ၏အချိန်၊ ငွေကြေး၊ လုပ်အားတို့ကို ခါးသီးစွာအရင်းတည်၍ စွန့်စွန့်စားစား မှတ်တမ်းတင်ခဲ့သည်။ ယင်းမှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်များမှ ရောင်းချရငွေ အားလုံးကိုလည်း ရေဘေးသင့်ပြည်သူများထံလှူဒါန်းသွားမည်ဟု သိရသည်။

"အခု မြန်မာနိုင်ငံအနှံ့မှာက ရေကြီးရေလျှံမှုဘေးကြုံတွေ့နေတာနဲ့ နှစ်နှစ်ပြည့်ဂုဏ်ပြုပွဲက တိုက်ဆိုင်နေတော့ ရလာမယ့် ရန်ပုံငွေတွေကို ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ လှူဒါန်းလိုက်တာများသူတို့သိရင် သိပ်ကို ဂုဏ်ယူနေမှာ မြင်ယောင်တယ်"ဟု အောင်မြင့်မြတ်၏ ဇနီးဖြစ်သူ မကြည်ကြည်ထွန်းက ပြောသည်။

**ခင်ဇာလီ**

## တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုဝိတ်တန်းရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၀**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မျိုးဆက်သစ်လက်ရွေးစင်ဂျူဒိုကစားသမားများ ပေါ်ထွက်လာရန်ရည်ရွယ်ပြီး ကျင်းပရာ တိုင်းဒေသကြီး နှင့်ပြည်နယ် ဂျူဒိုရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ ဂျူဒိုရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်အဖြစ် အမျိုးသား(-၈၁)ကီလို၊ (-၉၀)ကီလို၊ (-၁၀၀)ကီလို၊ (+၁၀၀)ကီလိုနှင့် အမျိုးသမီး(-၃၅)ကီလို၊ (-၄၀)ကီလို၊ (-၄၅)ကီလို၊ (-၄၈)ကီလို၊ (-၅၂)ကီလို ရှုံး/ထွက်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီမှစတင်၍ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**မောင်မောင်ဇော်**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံး (အမျိုးသား) ပြိုင်ပွဲဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**
တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံး အမျိုးသား အလွတ်တန်းပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေး ကွင်းများ၌ ကျင်းပလျက်ရှိသည်။

ယနေ့ ညနေ ၃ နာရီခွဲတွင် လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ အုပ်စု(ဃ)မှ ချင်းပြည်နယ်ဘောလုံးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီး ဘောလုံးအသင်းမှ လေးဂိုး-နှစ်ဂိုး ဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ အုပ်စု (ခ)မှ ကယားပြည်နယ် ဘောလုံးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကယားပြည်နယ်ဘောလုံးအသင်းမှ တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ဩဂုတ် ၁၁ ရက် ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု(က)မှ ကရင်ပြည်နယ်ဘောလုံးအသင်းနှင့် မွန်ပြည်နယ်ဘောလုံးအသင်းတို့ လည်းကောင်း၊ လေ့ကျင့်ရေး ကွင်းအမှတ်(၃)၌ အုပ်စု(ဂ)မှ ရှမ်းပြည်နယ်ဘောလုံးအသင်းနှင့် ရခိုင်ပြည်နယ်ဘောလုံး အသင်းတို့လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မောင်မောင်ဇော်)**

## ❒ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ

ရတနာပုံအသင်းသည် အမာခံကစားသမားများဖြစ်သည့် ရန်ပိုင်၊ အောင်သူ၊ မာတူနာ၊ ဝီလျံ၊ သိန်းသန်းဝင်း တို့ဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်အသင်းမှာလည်း နိုင်ငံခြားသားကစားသမား အများစုအပါအဝင် လူစုံပါဝင်ခဲ့သည်။ အသင်းကြီးနှစ်သင်းတွေ့ဆုံသောပွဲဖြစ်၍ ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ပရိသတ်များ ပွဲကောင်းတစ်ပွဲ ခံစားခဲ့ရသည်။ နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့ပြီး မာဆယ်လို နှစ်ကြိမ်၊ ကျော်ကိုကို တစ်ကြိမ် ဂိုးရနိုင်သည့် အခွင့်အရေးများရသော်လည်း ရတနာပုံ ဂိုးသမား ရန်အောင်လင်း ကာကွယ်နိုင်ခဲ့သည်။ ရတနာပုံအသင်းမှ အောင်သူနှင့် မာတူနာတို့လည်း အခွင့်အရေးအသုံးမချနိုင်၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းအစတွင် ရတနာပုံအသင်းတိုက်စစ်ပိုမြှင့်လာပြီး ၅၈ မိနစ်တွင် မာတူနာက ဦးဆောင်ဂိုး စတင်သွင်းယူပေးခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် ရန်ကုန်အသင်းတိုက်စစ်အား မြှင့်တင်လာခဲ့ပြီး ၆၇ မိနစ်တွင် ထောင့်ကန်ဘောမှ တစ်ဆင့် ယာမာရှီတာက ခေါင်းတိုက်သွင်းယူခဲ့သည်။ ချေပဂိုးပေးလိုက်ရသောကြောင့် ရတနာပုံအသင်း ကစားကွက်ပျက်သွားပြီး ထင်သလောက် ဂိုးပေါက်ခြိမ်းခြောက်မှု မပြုနိုင်တော့ပေ။

တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးပါက အချိန်ပိုဆက်လက်ကစားရမည်ဖြစ်သော်လည်း နာကျင်အချိန်ပိုတွင် လူငယ်ကစားသမား ရန်လင်းအောင်က အဝေးကန်ချက်ဖြင့် ရန်ကုန်အတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ယခုပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ထိုင်းနိုင်ငံမှ ကိုင်တွယ်ခဲ့သည်။

ဆီမီးဖိုင်နယ် အခြားပွဲစဉ်ဖြစ်သည့် ဇွဲကပင်အသင်းနှင့် မကွေးအသင်းသည် ယနေ့ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၀**
မြန်မာနိုင်ငံအတွင်း ရေဘေးအန္တရာယ်ကျရောက်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးဝင်းမြင့်၏ လက်ဆောင်ပေးခြင်းနှင့် အလှူဒါန ခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၆၄၈၀၀၀၀ နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၏ နေ့တွက်စရိတ် တစ်ရက်စာစုပေါင်းလှူဒါန်းငွေ ၈၅၂၀၀၀၀ စုစုပေါင်း ကျပ်သိန်း ၁၅၀ ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ညောင်တုန်းတွင် မြစ်ရေပြန်လည်ကျဆင်းနေသော်လည်း အန္တရာယ်ရေမှတ်နှင့်စိုးရိမ်ရေမှတ်အောက်သို့ မရောက်သေး

**ညောင်တုန်း ဩဂုတ် ၁၀**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းတွင် ဧရာဝတီမြစ်ရေသည် ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီတွင် တိုင်းထွာချက်အရ ၂၅ ဒသမ ၈၅ ပေသို့ ပြန်လည်ကျဆင်းပြီဖြစ်သော်လည်း ရေဘေးသင့်ဒေသများမှာ မူလအခြေအနေသို့ ပြန်လည်မရောက်ရှိသေးဘဲ နစ်မြုပ်နေဆဲဖြစ်ရာ လတ်တလောတွင် ဆန်၊ ရေသန့်နှင့် ဆေးဝါးများ အဓိကလိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရေဘေးသင့်ရွာတွေအတွက် အဓိကလိုအပ်နေတာက ဆန်၊ သောက်ရေနဲ့ ဆေးဝါးဖြစ်ပါတယ်။ အခါအားလျော်စွာ လာရောက်လှူဒါန်းတဲ့ လှူဒါန်းမှုတွေ ထိုက်သင့်သလောက်ရနေလို့လည်း လတ်တလော စားရေးသောက်ရေးတွေ ဖြေရှင်းလို့ ရနေတာပါ" ဟု ထိပ်ဝကြီးအုပ်စုမှ ဒေသခံတစ်ဦးက ပြောသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေမြင့်တက်ခဲ့မှုကြောင့် ဩဂုတ် ၉ ရက် မွန်းတည့် ၁၂ နာရီထိ စာရင်းအရ ရေဘေးသင့် ကျေးရွာအုပ်စုပေါင်း ၃၅ အုပ်စု၊ ကျေးရွာငယ်ပေါင်း ၁၄၁ ရွာ၊ အိမ်ခြေပေါင်း ၁၁၂၂၅ လုံး၊ အိမ်ထောင်စုပေါင်း ၁၁၀၈၀ နှင့် လူဦးရေ ၄၅၈၂၄ ဦး ရေဘေးသင့်ခဲ့ပြီး အထက ၁၃ ကျောင်း၊ အလက ၂၇ ကျောင်း၊ အမက ၁၂၅ ကျောင်းနှင့် နောက်တိုးအမက ခြောက်ကျောင်း ယာယီပိတ်ထားခဲ့ရပြီး မြို့ပေါ် ကယ်ဆယ်ရေးစခန်း သုံးခု၊ ကျေးရွာကယ်ဆယ်ရေးစခန်း ၁၇ ခု ဖွင့်လှစ်ထားရှိကာ အဆိုပါ ကယ်ဆယ်ရေးစခန်းများတွင် အိမ်ထောင်စုပေါင်း ၅၃၇ စု၊ အိမ်ခြေပေါင်း ၅၅၀ နှင့် လူဦးရေ ၂၃၂၄ ဦး ရေဘေးရှောင်လျက်ရှိကြောင်း သိရသည်။ **(သပြေထွန်း)**

# ဩဂုတ် ၁၀ ရက် မြစ်ရေကြီးမှုအခြေအနေ

**ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**


ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ အချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် ငါးရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**


ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ကျော်လွန်နေပြီးနောက် နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဧရာဝတီမြစ်အောက်ပိုင်း၊ ငဝန်မြစ်နှင့် တိုးမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူ များအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။ **(ကြေးမုံ)**


# ဇလွန်၊ ဟင်္သာတ၊ မအူပင်နှင့် ငါးသိုင်းချောင်းမြို့များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေမှတ်ကျော်လွန်လျက်ရှိ





ဇလွန်မြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




ဟင်္သာတမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




မအူပင်မြို့ တိုးမြစ်ရေအခြေအနေ (စင်တီမီတာ)




ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေအခြေအနေ (စင်တီမီတာ)

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရန် ငွေကျပ်သိန်း ၂၀၀၀ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၀**
အူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်ပူးပေါင်းပြီး ရေဘေးသင့်ဒေသများရှိ အကူအညီလိုအပ်နေသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ်သိန်း ၂၀၀၀ ကို လှူဒါန်းခဲ့သည်။ အဆိုပါအလှူငွေပေးအပ်ပွဲအခမ်းအနားကို အူရီဒူးမြန်မာရုံးချုပ်၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက လက်ခံရယူကြောင်း သိရသည်။

အဆိုပါ အလှူငွေများကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ်ပေါင်း ၂၁ မြို့နယ်မှ ရေဘေးသင့်ပြည်သူများအား အကျိုးရှိစေမည့် ကျန်းမာရေးကဏ္ဍ၊ ရေကောင်းရေသန့်၊ တစ်ကိုယ်ရေသန့်ရှင်းမှု ပစ္စည်းများ၊ အမျိုးသမီးအသုံးအဆောင်များ အစရှိသည့်လိုအပ်ချက်များကို လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

"လေးပုံတစ်ပုံကတော့ တုံ့ပြန်မှုအတွက် သုံးပါ့မယ်။ ကျန်တဲ့ လေးပုံသုံးပုံကတော့ ပြန်လည်ထူထောင်ရေးနေရာမှာ သုံးပါမယ်။ ပြည်သူတွေလက်ထဲကို အမြန်ဆုံးရောက်အောင် ထည့်ပေးပါမယ်"ဟု ဒေါက်တာသာလှရွှေက ပြောသည်။ **(ဇာနည်မောင်)**




# လျှပ်စစ်ဓာတ်အားတိုးတက်တောင်းခံမှုများနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အသိပေးပန်ကြား

**ရန်ကုန် ဩဂုတ် ၁၀**
ရန်ကုန်မြို့တော်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုများ တိုးတက်လာသည်နှင့်အမျှ ဓာတ်အားလိုအပ်ချက်များလည်း နှစ်စဉ်တိုးတက်လျက်ရှိသည်။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေဖြင့် တိုးတက်တောင်းခံလာမည့် လျှပ်စစ်ဓာတ်အားပမာဏနှင့် တည်နေရာအား ကြိုတင်သိရှိမှသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် လိုအပ်သည့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ စသည့်အခြေခံအဆောက်အအုံများကို ကြိုတင်၍ အစီအမံများပြုလုပ်ရမည်ဖြစ်သည်။

သို့ဖြစ်၍ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ၊ အထပ်မြင့်အဆောက်အအုံများနှင့် အဆင့်မြင့်လူနေတိုက်ခန်းများ၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများ တည်ဆောက်သူများအနေဖြင့် အဆိုပါနေရာများအတွက် သုံးစွဲလိုသည့် အမှန်တကယ်လိုအပ်မည့် ဓာတ်အားပမာဏကို တည်ဆောက်ရေးစီမံကိန်း မစတင်မီကပင် Master Plan နှင့်အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသို့ ကြိုတင်အဆိုပြုတောင်းခံသွားရန်ဖြစ်သည်။

ကြိုတင်အဆိုပြုတောင်းခံခြင်းမရှိဘဲ အဆောက်အအုံဆောက်လုပ်ပြီးမှ လျှပ်စစ်ဓာတ်အားတောင်းခံလာမှုအား ဓာတ်အားပေးရန် ထည့်သွင်းစဉ်းစားပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဓာတ်အားပေးနိုင်မည့် အစီအမံများ ဆောင်ရွက်ပြီးစီးမှသာ ဓာတ်အားဆက်သွယ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

# ညောင်တုန်း၊ ပန်းတနော်၊ ဇလွန်မြို့များရှိ ရေဘေးသင့်ပြည်သူများကို ပြည်ထောင်စုဝန်ကြီး တွေ့ဆုံ

**ညောင်တုန်း ဩဂုတ် ၁၀**

နိုင်ငံတစ်ဝန်း မိုးများပြီး မြစ်ရေလျှံတက်မှုဖြစ်ပေါ်လျက်ရှိရာ ယခုနှစ် ဩဂုတ် ၈ ရက်က ပန်းလှိုင်မြစ်ရေသည် ညောင်တုန်းမြို့နှင့် ပတ်ဝန်းကျင်ဒေသများ၌ စိုးရိမ်ရေမှတ်ကျော်လွန်ပြီး မြစ်ရေလျှံတက်လျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် ညောင်တုန်းမြို့သို့ ရောက်ရှိရာ ယာယီဖွင့်လှစ်ထားရှိထားသော ရေဘေးစီမံခန့်ခွဲမှုကွပ်ကဲရေးရုံးသို့သွားရောက်ပြီး နယ်မြေခံလူမှုအဖွဲ့အစည်းများ၊ ဧရာဝတီဖောင်ဒေးရှင်း၊ ဝေဠုကျော်ဖောင်ဒေးရှင်း၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြုဖွံ့ဖြိုးရေးအသင်း၊ အခြားလူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်မည့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို ညှိနှိုင်း၍ ဆက်သွယ်ရေးခက်ခဲသော ဝေးလံသည့် ရေနစ်မြုပ်ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ လက်ဝယ်ရောက်ရှိရေး ထောက်ပံ့ပေးရာ၌ မကျန်အောင် မထပ်အောင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သည်။

ဆက်လက်၍ ကျောင်းကြီးကျောင်း ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားရှိသော ယာယီရေဘေးရှောင်စခန်းသို့ ရောက်ရှိပြီး ပြည်သူများနှင့် တွေ့ဆုံကာ ကာလတန်ဖိုး ကျပ်သိန်း ၄၀ ရှိ ဆန်၊ ငါးသေတ္တာ၊ ရေသန့်ဆေးပြား၊ ရေသန့်၊ တာပေါ်လင်လိပ်၊ စားသုံးဆီများကို လူမှုအဖွဲ့အစည်းများနှင့်အတူ ထောက်ပံ့ပြီး အားပေးစကား ပြောကြားသည်။

ထို့နောက် ပန်းလှိုင်မြစ်ကမ်းဘေး၌ ဖွန်လတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် ကွန်ကရစ်ရေကာနံရံကို သွားရောက်ကြည့်ရှုခဲ့ရာ နယ်မြေတာဝန်ခံ အင်ဂျင်နီယာတစ်ဦးက ယနေ့ မြစ်ရေမြင့်တက်မှု အခြေအနေမှာ



အမြင့်ဆုံးဖြစ်နိုင်ပြီး မနက်ဖြန်တွင် ရေပြန်လည် ကျဆင်းနိုင်ကြောင်း၊ အထက်ဘက်မှ ရေများရောက်ရှိလာနိုင်သော်လည်း ဒီရေကျသည့်ရက်နှင့် တိုက်ဆိုင်နေသဖြင့် စိတ်ပူရန်မလိုကြောင်း၊ယခုမြင်တွေ့ရသည့် ကွန်ကရစ်ရေကာနံရံကြောင့် ညောင်တုန်းမြို့၏ မြစ်ရေမြင့်တက်မှု ကာကွယ်ရေးအခြေအနေမှာ များစွာအထောက်အကူပြုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ပန်းတနော်မြို့သို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိသည်။ ပန်းတနော်မြို့တွင် ယာယီရေဘေးရှောင်စခန်းများအဖြစ် ဖွင့်လှစ်ထားသော အထက(ခွဲ) ပန်းတနော်၊ မြို့နယ်အားကစားရုံတို့ရှိ ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်ပြီး ကြည့်ရှုထောက်ပံ့ အားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် ရေဘေးသင့်ပြည်သူများ စားသုံးရန်အတွက် ဆန်၊ ငါးသေတ္တာ၊ စားသုံးဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်များကို လူမှုအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများနှင့် ပူးပေါင်းထောက်ပံ့ခဲ့ရာ ရေဘေးသင့်ပြည်သူများက လက်ခံရယူကြသည်။ အဆိုပါ ရေဘေးရှောင်စခန်း နှစ်ခုတွင် အိမ်ထောင်စု ၁၁၅ စု၊ လူဦးရေ ၄၈၅ ဦး ခေတ္တနေထိုင်လျက်ရှိပြီး ထောက်ပံ့မှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၃၂ သိန်းခန့်ဖြစ်သည်။

ယင်းနောက် ဇလွန်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး မြစ်ကမ်းဘေး ရေထိန်းတာနှင့် ဧရာဝတီမြစ်ရေအခြေအနေများကို ကြည့်ရှုကာ စက်လှေဖြင့် ရေဘေးရှောင်ပြည်သူများရှိရာ နန်းတော်ကျွန်းကျေးရွာအုပ်စု ရွာကန့်လန့်ရွာ ဇေယျသုခဘုန်းတော်ကြီးကျောင်းနှင့် ငှက်ပျောတောရွာ ဓမ္မသီရိဘုန်းတော်ကြီးကျောင်းများသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံအားပေးကာ ဆန်နှင့် ငါးသေတ္တာများကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းရေဘေးရှောင် ယာယီစခန်းများတွင် ရေဘေးသင့်ပြည်သူ ၅၇၃ ဦး ခေတ္တတည်းခိုနေထိုင်လျက်ရှိပြီး ထောက်ပံ့မှု စုစုပေါင်း တန်ဖိုးမှာ ကျပ် ၃၉ သိန်းခန့်ဖြစ်သည်။

ထို့နောက် ဇလွန်မြို့ လမ်းမတော်မြို့တွင်းရှိ ရေလယ်ကျောင်း ပရိယတ္တိစာသင်တိုက်နှင့် မဟာနာဂဝံသသိမ်ကျောင်းတိုက်တို့တွင် ဖွင့်လှစ်ထားရှိသော ရေဘေးရှောင် စခန်းနှစ်ခုသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့အားပေးစကား ပြောကြားခဲ့သည်။ ယင်းရေဘေးရှောင်စခန်းများတွင် အိမ်ထောင်စု ၁၀၁ စု၊ လူဦးရေ ၂၉၂ ဦး ခေတ္တခိုလှုံနေထိုင်လျက်ရှိပြီး ဆန်နှင့် ငါးသေတ္တာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ထောက်ပံ့မှု စုစုပေါင်းတန်ဖိုးမှာ ကျပ် ၂၄ သိန်းခန့် ဖြစ်သည်။

ခရီးစဉ်တစ်လျှောက် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံရာတွင် ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးများကို အလေးထားကြစေလိုကြောင်း၊ ရေဘေးသင့်ဒေသများကို ထောက်ပံ့ရာတွင် မကျန်စေရေး၊ မထပ်စေရေးတို့အတွက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လက်ဝယ်အရောက်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ရေဘေးရှောင်စခန်းများရှိ သုံးလအောက် ကလေးငယ် ၂၀ ဦး၏ မိခင်များကိုလည်း အာဟာရဖြည့်ဆည်းရန် ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တရားရုံး၊ ဥပဒေရုံးနှင့် ရဲစခန်းတို့အား ကွင်းဆင်းလေ့လာ

**ကျောက်တန်း ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်၊ အတွင်းရေးမှူး ဦးတင်ဝင်းတို့ပါဝင်သောအဖွဲ့သည် တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်မူတို့လိုက်ပါလျက် ကျောက်တန်းမြို့နယ်တရားရုံးသို့ သွားရောက်ကာ မြို့နယ်တရားသူကြီး ဦးဇော်ဇော်ထွန်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကျော်မင်းထွန်းတို့နှင့်တွေ့ဆုံ၍ တရားရေးရာကိစ္စများနှင့် ဥပဒေရေးရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကျောက်တန်းမြို့နယ် မြို့မရဲစခန်းသို့ သွားရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုးနှင့်တွေ့ဆုံ၍ မှုခင်းပိုင်းဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကာ ရဲတပ်ဖွဲ့ဝင် မိသားစုများ၏ လိုင်းခန်းများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**ညောင်တုန်း ဩဂုတ် ၁၀**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာများအား ရန်ပုံငွေပေးအပ်ပွဲကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက မြို့နယ်ပြန်/ဆက် ဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းအောင်က စီမံကိန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရန် ကျေးရွာအုပ်စု တစ်အုပ်စုလျှင် ငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာ ၁၁ ရွာအား သက်ဆိုင်ရာဌာနများက ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီများထံသို့ တစ်ဦးချင်းပေးအပ်သည်။ ယင်းသို့ ပေးအပ်လိုက်သော မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေသည် ကျပ်သိန်း သုံးထောင့်သုံးရာ ရှိကြောင်း သိရသည်။

**(၀၇၆)**

# ကမာဘာကျေးရွာ မြေငှားဂရန်ထုတ်ပေး

**သနပ်ပင် ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကမာဘာကျေးရွာတွင် မြေငှားဂရန်ထုတ်ပေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒု-ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမင်းသူက မူလအိမ်ခြေ ၁၀၆ အိမ်အနက် ၃၁ အိမ်သာ မြေငှားဂရန်ရရှိပြီး ၇၉ အိမ်သည် လယ်ယာ၊ ဥယျာဉ်ခြံမြေများဖြစ်သဖြင့် လယ်ယာမြေများအား အခြားနည်းအသုံးပြုခွင့်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒု-ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမင်းသူက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်ထံသို့ ကျေးရွာမြေငှားဂရန်စာချုပ်များပေးအပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ကမာဘာကျေးရွာနေ ပြည်သူများကိုယ်စား ကျေးရွာသားတစ်ဦးအား မြေငှားဂရန်များ ထပ်ဆင့်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁. ၀၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀. ၅၀' |
| ၃။ | ရာဇဂြိုလ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂. ၄၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၃၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၂၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၇၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁. ၁၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁. ၂၀' |
| ၉။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၈၂' |
| ၁၀။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၆၀' |
| ၁၁။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၁. ၂၀' |
| ၁၂။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၄. ၇၀' |
| ၁၃။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁. ၁၀' |
| ၁၄။ | ရင်းရှည်ရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၂၆၀၀ | ၀. ၂၀' |
| ၁၅။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆. ၅၀' |
| ၁၆။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၂၀' |
| ၁၇။ | တောင်ခရမ်းရေလှောင်တမံ | မကွေး-ဂန့်ဂေါမြို့ | ၁၁၇၂၆ | ၀. ၇၀' |
| ၁၈။ | မဒေးရေလှောင်တမံ | မကွေး-ကံမမြို့ | ၅၃၉၀၈ | ၀. ၃၀' |
| ၁၉။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၅၀' |
| ၂၀။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၁. ၂၅' |
| ၂၁။ | ကွန်ချောင်းရေလှောင်တမံ | ဧရာဝတီ-ကြံခင်းမြို့ | ၉၈၄၀၀ | ၀. ၁၀' |
| ၂၂။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၀. ၆၀' |
| ၂၃။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၄၀' |

**(သတင်းစဉ်)**

# ရေကြောင်းပြပွဲနှင့် သင်္ဘောသားအလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ဆွေးနွေးပွဲ နှစ်စဉ်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၀**

ရေကြောင်းပြပွဲနှင့် သင်္ဘောသား အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဆွေးနွေးပွဲ(Myanmar Maritime Expo and Conference) ကို မြန်မာနိုင်ငံ၌ နှစ်စဉ်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပသည့် ဆွေးနွေးပွဲ(Myanmar Maritime Expo and Conference 2016)ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ဇူလိုင် နောက်ဆုံးပတ်အတွင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



"ဒီလိုပြပွဲမျိုးနဲ့ ဆွေးနွေးပွဲတွေဟာ သင်္ဘောသားတွေသာမက ရေကြောင်းလောကမှာရှိနေတဲ့သူတွေ အားလုံးအတွက် အလွန်အကျိုးရှိပါတယ်။ ဒီလိုပွဲမျိုးဖြစ်သင့်တာ ကြာပါပြီ။ ပြီးတော့ ရေကြောင်းနဲ့ပတ်သက်တဲ့ ရေကြောင်းအလုပ်သမား ပဋိညာဉ်စာချုပ်ကို ပြီးခဲ့တဲ့ မေ ၂၅ ရက်က နိုင်ငံတော်အစိုးရရဲ့ ရက် ၁၀၀ စီမံချက်အတွင်း လက်မှတ်ရေးထိုးပေးခဲ့လို့ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ပါတယ်။ ဒီလို လက်မှတ်ရေးထိုးခဲ့ပြီဆိုတော့ နိုင်ငံတော်အစိုးရအနေနဲ့ သက်ဆိုင်တဲ့ တာဝန်ဝတ္တရားတွေကို ဆောင်ရွက်ဖို့ တစ်နှစ်အချိန်ရတယ်ဆိုတော့ အဲဒီနှစ်အတွင်းမှာ ရေကြောင်းလောကတစ်ခုလုံးအတွက် တိုးတက်လာစရာ အကြောင်းရှိပါတယ်။ ၂၀၁၃ ခုနှစ် ဩဂုတ်လကတည်းက တစ်ကမ္ဘာလုံးမှာ ကျင့်သုံးနေတဲ့ ဒီဥပဒေဟာ ရေကြောင်းလောကတစ်ခုလုံးအတွက် စောင့်ရှောက်ပေးနေတာပါ"ဟု ရှင်းပြသည်။

ABS Quality Evaluations Lead ကပ္ပတိန် ဇော်ဝင်းအေးက "ဒီလို ရေကြောင်းလောကမှာက Demand ကနည်းပါးပြီး Supply က များပြားနေတာဆိုတော့ ဒီလိုဆွေးနွေးပွဲတွေ ပြုလုပ်ခြင်းအားဖြင့် တက်ရောက်တဲ့သူတွေအတွက် အတွေးအခေါ် အယူအဆတွေကို ပြောင်းလဲစေပါတယ်။ သင်္ဘောနဲ့ပတ်သက်နေတဲ့ Maritime Industry မှာလည်း အလုပ်အကိုင်တွေ ရရှိနိုင်တယ်ဆိုတာ သင်တန်းသားတွေ သိမြင်လာစေချင်လို့ပါ။ ဒီလိုဆွေးနွေးပွဲတွေကို မြန်မာနိုင်ငံမှာလည်း နှစ်စဉ်ပြုလုပ်သင့်ပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲတွင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများအား အံ့သြဖွယ်ရာ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ရကြောင်း၊ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့် သင်္ဘောလုပ်ငန်းများအတွက်လည်း ဆရာ ဆရာမများ၏ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများကြောင့် နိုင်ငံတော်ကလည်း အကျိုးရှိရှိအသုံးချရန် တိုက်တွန်းလိုကြောင်း ကပ္ပတိန် ဦးဟင်နရီခင်မောင်က မြန်မာ့ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိထားသည့် အတွေ့အကြုံများကို ဆွေးနွေးတင်ပြခဲ့သည်။

**(စိုးဝင်း-MLA)**

■

# ကျောင်းကျန်းမာရေးလုပ်ငန်းများ ဒီမော့ဆိုမြို့နယ်၌ စစ်ဆေးဆောင်ရွက်

**ဒီးမော့ဆို ဩဂုတ် ၁၀**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ်တွင် ဩဂုတ် ၈ ရက်မှ ၁၃ ရက်ထိ ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ကျောင်းသားကျောင်းသူများအား ကျန်းမာရေး စစ်ဆေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် ငွေတောင်ကျေးရွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မြို့နယ်ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာဝင်းထက်၊ သွားကျန်းမာရေးဆရာဝန် ဒေါက်တာလင်းကျော်သူနှင့် အဖွဲ့ဝင်များက ကျောင်းကျန်းမာရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မြို့နယ်သွားကျန်းမာရေးဆရာဝန်နှင့် အဖွဲ့ဝင်များက မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆၁ ဦးအား သွားနှင့် ခံတွင်းကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ သွားကိုက်ဝေဒနာခံစားရသူ ၃၀ ကို သွားနုတ်ပေးခြင်း၊ အရေပြားရောဂါ ပြသသူ သုံးဦး၊ သွေးအားနည်းသူ တစ်ဦး၊ ဗီတာမင်ချို့တဲ့သူ နှစ်ဦး၊ နှာစေးချောင်းဆိုး သုံးဦးတို့ကို စစ်ဆေးကုသပေးခဲ့သည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား ဆေးလိပ်နှင့်ကွမ်းယာ ရှောင်ကြဉ်စရာ ဗဟုသုတ အသိပညာပေးခြင်း၊ လူငယ်နှင့် ကျန်းမာရေးအကြောင်း၊ ခံတွင်းသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် သွေးတိုးရောဂါ နောက်ဆက်တွဲဆိုးကျိုးများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ငွေတောင်ကျေးရွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ

# ဝိုင်းဝန်းကာကွယ် သစ်တောမြေ

သဘာဝမှ လက်ဆောင်ရထားသည့် သစ်တောများသည် လူတို့၏ ပယောဂကြောင့် ပြုန်းတီးလာနေရသည်။ တစ်ဖက်မှာ တာဝန်သိပြည်သူများကြောင့် သစ်တောများ တိုးပွားလျက်ရှိနေဆဲပါ။

သစ်တောသစ်ပင်များကို ချစ်ခင်သူပြည်သူများအားလုံးအတွက် ယခုမိုးဦးလေဦးကာလတွင် တစ်ယောက်တစ်လက် တစ်တပ်တစ်အားဖြင့် သစ်ပင်များကို စိုက်ပျိုးနေကြသည်မှာ တစ်နိုင်ငံလုံးအနှံ့ဟု ဆိုနိုင်ပါသည်။ တာဝန်ရှိသူများဘက်ကလည်း ဝိုင်းကူဖေးမ၊ တာဝန်သိသူများကလည်း တစ်ပိုင်တစ်နိုင် စိုက်ကြပျိုးကြနှင့် မောင်တစ်ထမ်းမယ်တစ်ရွက် ဟန်ချက်ညီနေကြသည်မှာ ပီတိဖြစ်စရာမြင်ကွင်း။ မင်္ဂလာအတိရှိနေသည်။

တာဝန်ရှိသူများ၏ ထူးခြားသော ပံ့ပိုးမှုတစ်ခုမှာ ယခုနှစ်မိုးဦးရာသီ တိုက်ကြီးမြို့နယ်ရှိ ပြည်သူများထံသို့ ပျိုးပင် တစ်သိန်းခွဲဖြန့်ဝေပေးခဲ့ခြင်း၊ ထို့ပြင် တိုက်ကြီးမြို့နယ်ရှိ ဌာနများနှင့် တပ်ရင်းတပ်ဖွဲ့များသို့ ပျိုးပင်နှစ်သောင်းထပ်လောင်း ဖြန့်ဝေပေးထားကြောင်း သိရသည်။ ရှားပါးအဖိုးတန် ပျဉ်းကတိုးနှင့် ကျွန်းသစ်မာများကို မိမိအိမ်ခြံမြေ အကျယ်အဝန်းကိုလိုက်၍ စိုက်ပျိုးခွင့်ရသည့် ရှားပါးအခွင့်အရေးပင်။

မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းမှာ တောင်ပေါ်မြေပြန့် ပြန့်ကြဲနေထိုင်လျက်ရှိနေသည့် ကျေးလက်နေပြည်သူများဖြစ်နေကြသည်။ ယင်းတို့၏ စားဝတ်နေရေး အရေးသုံးပါးစလုံးသည် သစ်တောများအပေါ် အများဆုံး မှီခိုအားထားနေကြရဆဲဖြစ်သည်။ သစ်တောပြုန်းတီးလာမှုက ယင်းသစ်တောများကို မှီခိုနေရသည့် ပြည်သူများအတွက် အနည်းနှင့်အများ အခက်တွေ့စေသည်။ လူသားများသာမဟုတ်၊ တောပျော်သတ္တဝါများကအစ အစာရေစာရှားပါးပြတ်လပ်မှုများနှင့် ကြုံလာရသည်။ မကြာမကြာ လူနေရပ်ဝန်းသို့ တိုးဝင် အစာလုယက် ယူငင်စားသောက်လာနေကြသည့် တောပျော်ဆင်များက ငြင်းမရသည့် အချက်တစ်ရပ်ဟုဆိုနိုင်ပါသည်။ သစ်တောပြုန်းတီးလာနေမှုနှင့်အတူ သစ်တောဂေဟစနစ်များပျက်ယွင်းလာခြင်း၏ လက္ခဏာများပင်ဖြစ်ပါသည်။

တစ်ဖက်မှာ သစ်တောခုတ်ထွင်မှုများရှိသလို တစ်ဖက်မှာလည်း သစ်တောပျိုးထောင်သူများရှိနေပြန်သည်။ အဖြစ်နှင့် အပျက်ဟူသည် လောကနိယာမဖြစ်၍ နောက်ဆုံးမှာ စေတနာမှန်လျှင် အနိုင်ယူစမြဲပင် မဟုတ်ပါလော။ နိုင်ငံနှင့်အဝှမ်း သစ်ပင်စိုက်ပျိုးရှင်သန်လာအောင် ပြုစုပျိုးထောင်နေသော တာဝန်သိပြည်သူများရှိနေသေးသရွေ့ သစ်တောများ ဖွံ့ဖြိုးဝေစည်ရှိလာပါဦးမည်။

သစ်ပင်စိုက်ပျိုးနေကြသူများမှာ မိမိတို့နိုင်ငံမှာမှ မဟုတ်ပါ။ ကမ္ဘာနှင့်တစ်ဝန်းမှာဟုဆိုရပါမည်။ အိမ်နီးချင်းနိုင်ငံကြီးတစ်နိုင်ငံတွင် လာမည့် ၂၀၃၀ ခုနှစ် သစ်တောဖုံးလွှမ်း ဟက်တာဧက ၉၅ သန်းရှိလာစေရမည့် ရည်မှန်းချက်ထားလျက် စုစုပေါင်း သစ်ပင် ၆ ဒသမ ၂ ဘီလီယံ စိုက်ပျိုးကြမည်ဟု သိရသည်။ ယင်းနိုင်ငံ၏ ပြည်နယ်တစ်ခုတွင် ၂၄ နာရီအတွင်း သစ်ပင်သန်း ၅၀ ပြီးအောင် စိုက်ပြီးစံချိန်တင်ရန် ကြိုးစားနေကြသည်။

"ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချဖို့အတွက် ကာဗွန်ထုတ်လွှတ်မှုတွေကို လျှော့ချပေးဖို့ ကြိုးစားပမ်းစားလုပ်ကိုင်မှုတွေလိုနေပြီဆိုတာ ကမ္ဘာကြီးက သဘောပေါက်နားလည်ပြီးဖြစ်ပါတယ်"။ ထိုပြည်နယ်မှ ဝန်ကြီးချုပ်၏ မိန့်မှာစကား။ ဦးဆောင်သူ၏ တာဝန်သိတက်ကြွ နိုးကြားရှိမှုက ပြည်သူများအတွက် တွန်းအားဖြစ်စေခဲ့သည်။

တစ်ဖက်မှာ အင်တိုက်အားတိုက် သစ်ပင်စိုက်သလို တစ်ဖက်မှာလည်း ရှင်သန်အောင်ပြုစုပျိုးထောင်ပေးရင်း မသမာမှုများလည်း ကာကွယ်နိုင်ပါမှ။ သို့မဟုတ်လျှင် "သမင်မွေးရင်း ကျားစားရင်း"နှင့် သစ်တောများ တဖြည်းဖြည်း လျော့နည်းသွားနိုင်ပါသည်။ လက်ရှိသစ်ခုတ်ခိုးထုတ်သူများ၏ လက်နက်တစ်ခုဖြစ်သည့် အချိန်တိုအတွင်း သစ်တောများကို ဖျက်ဆီးပစ်နိုင်သည့် "လက်ကိုင်လွှစက်" များကိုလည်း တရားဝင်ကန့်သတ်ပေးနိုင်ရပါမည်။ မိမိတို့နိုင်ငံသစ်တောပြုန်းတီးမှု၏ အဓိကလက်သည်မှာ ဤလက်ကိုင်လွှစက်များဟု ဆိုက မမှားနိုင်ပါ။

မိမိတို့နိုင်ငံတွင် ခွင့်ပြုမိန့်မရှိဘဲ လွှစင်၊ လွှစက်နှင့် လွှထိုးစက် အစရှိသည့် စက်များကို ကိုင်ဆောင်အသုံးပြုပါက သစ်တောဥပဒေပုဒ်မ ၄၂(ဂ) နှင့် ငြိစွန်း၍ ငွေဒဏ်နှင့် ထောင်ဒဏ်ကျခံရနိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်းပြီးဖြစ်ရာ အနာဂတ်သစ်တောများကို ဤဥပဒေဖြင့် ထိရောက်စွာ ကာကွယ်ပေးရင်း တာဝန်ကျေကြရမည်မှာ တာဝန်သိပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်လာနေပါပြီ။

**အောင်ကျော်ညို(ဆင်ချဆိပ်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်(ရွှေဈေး) ၈၄၈၀၀၀ - ၈၄၈၀၀၀ မန္တလေး(ရွှေဈေး) ၈၄၈၀၀၀ - ၈၄၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၀၀/၅၅၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၅၇၀/၆၄၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၀၀/၅၅၀ ကျပ်၊ | ၅၅၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၈၀ ကျပ်၊ | ၆၂၀/၆၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၆၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၀၅ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၂၂. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၈. ၃၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၄. ၀၄၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၅၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၇၆၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၇၀. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၇၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၃. ၂၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၄. ၃၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၁ - ၈ -၂၀၁၆ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် မိုးလေဝသအစီအစဉ် တေးဂီတအစီအစဉ် |
| ၆း၁၅ | ပြောင်မြောက်တဲ့ သူ့လက်ရာ |
| ၆း၃၀ | ကာတွန်းအစီအစဉ် "Scooby- Doo! Camp Scare" (အပိုင်း-၂) |
| ၇း၁၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၆၀) |
| ၇း၅၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၂၀) |
| ၈း၃၀ | MRTV Entertainment Music |
| ၈း၃၅ | သီရိဝံသဇာတ်ကြီး(အပိုင်း-၂) |
| ၉း၂၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၉း၃၀ | ပြည်သူ့နီတိ "မြေ" |
| ၉း၅၀ | တောင်ပြုံးနတ်ပွဲတော် (အပိုင်း-၄) |
| ၁၀း၀၅ | မြန်မာဗီဒီယိုဇာတ်လမ်း "ကော်နဲ့ကပ်ထားတယ်" |
| ၁၂း၀၀ | အစီအစဉ်ပြီး၏။ |

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | "ဗုံကြီးသံအလှ ဒိုးကလေးအက" |
| ၈း၃၅ | အလည်တစ်ခေါက် ရောက်ခဲ့ပါပြီ ငါးမည်ရတဲ့အညာ ယဉ်ကျေးမှုမြို့ဆီ"(အပိုင်း-၁) |
| ၉း၃၅ | "ဒေါက်တာဘဒ္ဒန္တပညာနန္ဒ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ ဒုတိယဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ သာသနာ့ဝိပုလ ဓာတ်တော်ကျောင်း၊ လှိုင်လင်မြို့၊ ရှမ်းပြည်နယ်ထံမှ နဝံဂဥပေါသထသီလခံ ယူဆောက်တည်ခြင်း" |
| ၉း၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်" |
| ၁၀း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၂၀ | "လှပစုံလင်အာဆီယံတစ်ခွင်" |
| ၁၁း၃၅ | "၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ" |
| ၁၂း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၄) |
| ၁း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၇၆) |
| ၂း၃၀ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အခြားသောစာမျက်နှာ" |
| ၃း၃၅ | Weekly Sport Info |
| ၄း၃၅ | Football Magazine (ရှမ်းယူနိုက်တက်အသင်း) |
| ၅း၁၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၅း၃၅ | လက်တွေ့အသုံးချ ဘဏ္ဍာရေးသုတများ |
| ၆း၂၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၆း၄၀ | KWC Myanmar အသံစစ်ဆေးခြင်း(အပိုင်း-၂) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၇၇) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "ပန်းများကိုပွင့်လန်းစေသူ" "သဘာဝအလှပန်းချီ စွန်ရဲအင်းဆီ" |
| ၉း၀၀ | ပြည်တွင်းသတင်း၊ -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၅) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄)(ဒါရိုက်တာ- ဦးကြည်စိုးထွန်း၊ ဆွေဇင်ထိုက်) |


**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV-4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော် + ဓဇဂ္ဂသုတ် |
| ၅း၄၀ | "ကုသိုလ်သည်သာ ဘဝရိက္ခာ အကြောင်း"တရား ဒေသနာတော်(ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ) |
| ၇း၅၀ | တန်ခိုးကြီးမား ဘုရားစေတီ ပုထိုးများ(မကွေးမြို့၏ ကျက်သရေဆောင် မြသလွန်စေတီတော်မြတ်ကြီး) |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၁၅ | ဟင်းချက်ရအောင် |
| ၁၂း၃၅ | အနုပညာမိုးကောင်းကင် |
| ၃း၅၀ | Cartoon Series (Welcome To Sky Ville) |
| ၅း၃၀ | အချစ်မျှော်စင် Wedding Fair |
| ၆း၁၀ | Health Fix |
| ၇း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၂၆) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၇၇) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၉) |
| ၉း၅၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၅ | MRTV-4 Stage |
| ၁၀း၄၀ | World of Knowledge (Human Body Pushing The Limit Senasation) |

### မြဝတီရုပ်မြင်သံကြား

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၈း၂၀ | ရွှေပေါင်းသုတ |
| ၈း၃၅ | DVD Hits |
| ၈း၄၅ | ဇာတ်လမ်းတို |
| ၉း၂၅ | ဒေသန္တရဗဟုသုတ အစုံစုံအလှဖုံဖုံ |
| ၉း၄၀ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၉း၅၀ | Casual Talk |
| ၁၀း၁၅ | မေးမြန်းစူးစမ်း |
| ၁၀း၃၅ | Cooking Art |
| ၁၁း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၁၁း၂၅ | မြန်မာ့ရှုခင်း |
| ၁၁း၃၅ | မောင်မယ်လေးများသိစေချင် |
| ၁၂း၀၀ | World Wide Web |
| ၁၂း၃၅ | သီချင်းလက်ဆောင် |
| ၄း၂၅ | အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ |
| ၄း၄၅ | သီချင်းလက်ဆောင် |
| ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆း၃၅ | ကိုယ်ပျောက်လူသား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်သောဧကရီ အပိုင်း(၅၇) ဘောလုံးကန်ကြမယ် အနုပညာရှင်ရဲ့ ဒိုင်ယာရီ တစ်မျက်နှာ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရင်နင့်အောင်ချစ်ရသူ အပိုင်း(၂၇) |



## ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော်တွင် ဟောလီဝုဒ်ဝါရင့်သရုပ်ဆောင်ကြီး Robert De Niro အား ဂုဏ်ပြုမည်

ဥရောပအရှေ့တောင်ပိုင်း၏ အထင်ကရ ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော်ကို ယခုလ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ ယင်းရုပ်ရှင်ပွဲတော်တွင် ဟောလီဝုဒ်ဝါရင့်သရုပ်ဆောင်နှင့် ထုတ်လုပ်သူတစ်ဦးဖြစ်သူ Robert De Niro အား တစ်သက်တာအကောင်းဆုံးဆု ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း ဒေသတွင်းသတင်းစာများ၌ ဩဂုတ် ၉ ရက်က သတင်းဖော်ပြထားသည်။

"De Niro ကို ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော်ရဲ့ အမြင့်ဆုံးဆုဖြစ်တဲ့ Heart of Sarajevo award ဆုနဲ့ ဂုဏ်ပြုသွားမှာပါ"ဟု ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော် ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အသက်(၇၂)နှစ်အရွယ် ဟောလီဝုဒ်ဝါရင့်သရုပ်ဆောင်ကြီး Robert De Niro သည် ၁၉၆၅ ခုနှစ်က Three Rooms in Manhattan ဇာတ်ကားမှ စတင်ကာ ၎င်း၏သက်တမ်းတစ်လျှောက်တွင် ဇာတ်ကားပေါင်း ၁၀၀ ကျော် ပါဝင်သရုပ်ဆောင်ထားပြီး ၂၀၁၇ ခုနှစ်တွင်ထွက်ရှိမည့် ဇာတ်ကားသစ်နှစ်ကားဖြစ်သည့် The Comedian နှင့် War with Grandpa တို့တွင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ပရိသတ်ထောင်ပေါင်းများစွာ တက်ရောက်အားပေးကြသည့် ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော်ကို ၁၉၉၅ ခုနှစ်က စတင်ကာ နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၂၂)ကြိမ်မြောက်အဖြစ် ဩဂုတ် ၁၂ ရက်မှ ၂၀ ရက်အထိ ဘော့စနီးယားဟာဇီဂိုဗီးနားနိုင်ငံ ဆာရာဂျေးဗိုးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## အကြားအာရုံချို့တဲ့ကလေးငယ်များအား လျှုဒါန်းထောက်ပံ့ပေးသွားမည့် တေးသံရှင် Eric Nam

အမေရိကန်နွယ်ဖွားတစ်ဦးဖြစ်ပြီး ယခုလက်ရှိတွင် တောင်ကိုရီးယားနိုင်ငံ၌ အခြေချနေထိုင်လျက်ရှိသူ တေးသံရှင် Eric Nam က အကြားအာရုံချို့တဲ့သည့် ကလေးငယ်များအား လျှုဒါန်းထောက်ပံ့နိုင်ရန်အတွက် ၎င်း၏ အသစ်ထွက်ရှိမည့် တေးသီချင်းသစ်ဖြင့် ကာရာအိုကေခန်းမတစ်ခုတွင် သီဆိုဖျော်ဖြေပေးခဲ့သည်။

Can't Help Myself ဟု အမည်ပေးထားသည့် Eric Nam ၏ သီချင်းသစ်သည် ယခုနှစ်အတွင်းထွက်ရှိခဲ့သည့် သီချင်းသစ်တစ်ပုဒ်ဖြစ်ပြီး ယင်းသီချင်းဖြင့် သီဆိုဖျော်ဖြေရာမှ ရရှိငွေ တောင်ကိုရီးယားဝမ် ကိုးသိန်းကိုးသောင်းကျော်(အမေရိကန်ဒေါ်လာ ၈၉၈ ဒေါ်လာ)ကို အကြားအာရုံချို့တဲ့သည့် ကလေးငယ်များနှင့် မွေးရာပါအကြားအာရုံချို့တဲ့သည့် ကလေးများထံသို့ လျှုဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုပရဟိတလုပ်ငန်းတွေမှာ ကျွန်တော်ပါဝင်ပေးချင်ပါတယ်။ ကျွန်တော် တတ်မြောက်ထားတဲ့ သီချင်းဆိုတဲ့ အတတ်ပညာနဲ့ လူတွေကို ပျော်ရွှင်စရာတွေပေးပြီး တစ်ဖက်ကလည်း ကူညီမှုတွေပေးချင်ပါတယ်"ဟု တေးသံရှင် Eric Nam က ဆိုသည်။

Eric Nam သည် ၂၀၁၂ ခုနှစ်က ယူကျူတွင် Birth of a Great Star 2 သီချင်းဖြင့် ဂီတလောကတွင် စတင်နေရာယူလာခဲ့သူဖြစ်ပြီး ၎င်း၏ မီနီအယ်လ်ဘမ်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ဖြန့်ချိခဲ့ပြီး Cloud 9 ဟု အမည်ပေးထားသည်။

ကေပေါ့ပ်၊ R & B နှင့် ရုပ်သံတင်ဆက်သူတစ်ဦးအဖြစ် လူသိများသူ တေးသံရှင်သည် Interview အမည်ရှိ မီနီအယ်လ်ဘမ်ကို ယခုနှစ် မတ်လကုန်ပိုင်းက ပရိသတ်ထံအရောက်ပို့ တင်ဆက်ပေးခဲ့ပြီးဖြစ်သည်။




## တတိယမြောက် ရင်သွေးရတနာလေး အောင်မြင်စွာမွေးဖွားခဲ့သည့် Megan Fox


Megan Fox နှင့် ခင်ပွန်းဖြစ်သူ Brian Austin Green။

သိပ္ပံအက်ရှင်ဇာတ်ကားတွေထဲမှာ နာမည်ကြီးဇာတ်ကား တစ်ကားဖြစ်တဲ့ Transformers ဇာတ်ကားရဲ့ အဓိကဇာတ်ဆောင်မင်းသမီးဖြစ်သူ Megan Fox ဟာ သူ့ရဲ့ တတိယမြောက်ရင်သွေးရတနာလေးကို ယခုလ ၄ ရက်က အောင်မြင်စွာမွေးဖွားပေးခဲ့ကြောင်း ပီးပဲလ်မဂ္ဂဇင်းက သတင်းဖော်ပြခဲ့ပါတယ်။

အသက်(၃၀)အရွယ်ရှိ မင်းသမီး Megan Fox ဟာ အခုဆိုရင် ရင်သွေးသုံးဦးရဲ့ မိခင်တစ်ဦးအဖြစ် အနုပညာလုပ်ငန်းတွေကို ဆက်လက်လုပ်ကိုင်လျက်ရှိနေပြီး မကြာခင်က ထွက်ရှိခဲ့တဲ့ Teenage Mutant Ninja Turtles: Out of the Shadows စိတ်ကူးယဉ်သိပ္ပံဇာတ်ကားမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

ဒ့ါအပြင် ဒါရိုက်တာ ဂျိမ်းစ်ဖရန်ကိုရဲ့လက်ရာဖြစ်တဲ့ ဒရမ်မာဟာသဇာတ်မြူးကားသစ် Zeroville မှာလည်း ပါဝင်သရုပ်ဆောင်ထားပြီး ယခုနှစ်အတွင်းမှာ ဖြန့်ချိသွားမယ်လို့လည်း သိရပါတယ်။ နောက်ပြီး Fox ရုပ်သံလိုင်းရဲ့ New Girl ရုပ်သံဇာတ်လမ်းတွဲသစ်မှာလည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရပါတယ်။

မျိုးစန္ဒာမောင်စုစည်းသည်



© Getty Images

# ယူအီးအက်ဖ်အေစူပါဖလား ရီးယဲလ်မက်ဒရစ် သုံးကြိမ်မြောက်ဆွတ်ခူး

ချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယူအီးအက်ဖ်အေစူပါဖလားပြိုင်ပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းက ဆီဗီလာအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းသည် ယူအီးအက်ဖ်အေစူပါဖလားကို သုံးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဆီဗီလာအသင်းတို့၏ ပွဲစဉ်တွင် သာမန် ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် ထပ်ဆောင်းအချိန်ပို မိနစ် ၃၀ ကစားခဲ့ရပြီး ပွဲကစားချိန် ၁၁၉ မိနစ်တွင် သွင်းယူခဲ့သည့် နောက်တန်းကစားသမား ကာဗာဂျယ်၏ သွင်းဂိုးဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

သာမန်ပွဲကစားချိန်အတွင်း ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဂိုးသွင်းနိုင်ခဲ့သည့် ကစားသမားများမှာ အဆန်စီယို(၂၁ မိနစ်)နှင့် ရာမို့စ်(မိနစ် ၉၀)တို့ဖြစ်ပြီး ဆီဗီလာအသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သည့် ကစားသမားများမှာ ဗက်ဇ်ကွက်ဇ်(၄၁ မိနစ်)နှင့် ကိုနိုပလန်ကာ(၇၂ မိနစ်)တို့ဖြစ်သည်။

အဆိုပါပွဲစဉ်၌ ရီးယဲလ်မက်ဒရစ်အသင်းသည် အဓိက ကစားသမားများဖြစ်ကြသည့် တိုက်စစ်မှူး စီရိုနယ်လ်ဒို၊ တိုက်စစ်မှူး ဂါရတ်ဘေးလ်နှင့် ကွင်းလယ်ကစားသမား တိုနီခရုစ်တို့ ပါဝင်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။ ယင်းကစားသမားသုံးဦးမှာ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ဒဏ်ရာအသီးသီးရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ၏ လာလီဂါအဖွင့်ပွဲစဉ်အဖြစ် ရီးယဲလ်ဆိုစီဒက်အသင်းနှင့် အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆီဗီလာအသင်းမှာ အိမ်ကွင်းတွင် အက်စ်ပန်ညိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယူအီးအက်ဖ်အေ စူပါဖလားပြိုင်ပွဲတွင် ဆုဖလားရရှိမှုကို ကြည့်မည်ဆိုပါက ဘာစီလိုနာအသင်းက ငါးကြိမ်၊ အေစီမီလန်အသင်းက ငါးကြိမ်၊ လီဗာပူးအသင်းက သုံးကြိမ်၊ ရီးယဲလ်မက်ဒရစ်အသင်းက သုံးကြိမ် စသည်ဖြင့် အသီးသီးဆွတ်ခူးထားသည်။ အေဂျက်၊ အန်ဒါလက်ချ်၊ ဗလင်စီယာ၊ ဂျူဗင်တပ်နှင့် အက်သလက်တီကိုမက်ဒရစ် အသင်းတို့မှာ နှစ်ကြိမ်စီဆွတ်ခူးထားသည်။ **(ငွေကြယ်)**

# အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းအား မန်စီးတီးအသင်းခေါ်ယူ




မန်စီးတီးအသင်းသည် အဲဗာတန်နောက်တန်းကစားသမား ဂျွန်စတုန်းအား ပြောင်းရွှေ့ကြေးပေါင် ၄၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ ဂျွန်စတုန်းသည် မန်စီးတီးအသင်းသို့ ပေါင် ၄၇ သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းကြောင့် ကမ္ဘာ့ဒုတိယဈေးအကြီးဆုံးနောက်တန်းကစားသမားလည်းဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ အင်္ဂလန်ကြယ်ပွင့် နောက်ခံလူ ဂျွန်စတုန်းသည် ခြောက်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းနည်းပြဂွါဒီယိုလာအတွက် ရှစ်ဦးမြောက်ခေါ်ယူခဲ့သည့် ကစားသမားလည်းဖြစ်လာခဲ့သည်။

ဂျွန်စတုန်းသည် မန်စီးတီးအသင်းနှင့်အတူ ခြောက်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းကြောင့် အီတီဟတ်ဒ်တွင် ၂၀၂၂ ခုနှစ်အထိ ဆက်ရှိနေမည်ဖြစ်သည်။ ဂျွန်စတုန်းသည် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ၁၀ ပွဲအထိ ပါဝင်ကစားပေးထားခဲ့သူဖြစ်သည်။

နောက်တန်းကစားသမား ဂျွန်စတုန်းသည် အဲဗာတန်အသင်းတွင် ဘောလုံးရာသီ သုံးရာသီကာလအတွင်း ပွဲပေါင်း ၉၅ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဂျွန်စတုန်းသည် ချန်ပီယံရှစ်ကလပ် ဘန်စလေအသင်းတွင် ပထမဆုံးကစားခဲ့ပြီး လက်ရှိရောင်းရငွေထဲမှ ပေါင်ခုနစ်သန်းနှင့် ပေါင်ကိုးသန်းအကြား ဘန်စလေအသင်းက ရရှိမည်ဖြစ်သည်။

ကမ္ဘာ့ဈေးအကြီးဆုံးနောက်တန်းကစားသမားမှာ ဘရာဇီးကြယ်ပွင့် ဒေးဗစ်လုဇ်ဖြစ်ခဲ့ပြီး ဒေးဗစ်လုဇ်သည် ၂၀၁၄ ခုနှစ်အတွင်းက ပြင်သစ်ချန်ပီယံ ပီအက်စ်ဂျီအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၄၉ သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဈေးအကြီးဆုံးနောက်တန်းကစားသမားများမှာ ပီအက်စ်ဂျီနောက်တန်းကစားသမား ဒေးဗစ်လုဇ်(ပေါင် ၄၉ သန်း)၊ မန်စီးတီးနောက်တန်းကစားသမား ဂျွန်စတုန်း(ပေါင် ၄၇ ဒသမ ၅ သန်း)၊ ပီအက်စ်ဂျီနောက်တန်းကစားသမား သီယာဂိုဆေးလ်ဗား (ပေါင် ၃၆ သန်း)၊ မန်စီးတီးနောက်တန်းကစားသမား မန်ဂါလာ(ပေါင် ၃၂ သန်း)၊ မန်စီးတီးနောက်တန်းကစားသမား အော့တမန်ဒီ(ပေါင် ၃၂ သန်း)တို့ဖြစ်သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက လီဗာပူးတိုက်စစ်မှူး စတာလင်အား ပြောင်းရွှေ့ကြေး ပေါင် ၄၉ သန်းဖြင့် ခေါ်ယူခဲ့ပြီး စတာလင်သည် အင်္ဂလန်ကစားသမားများထဲတွင် ဈေးအကြီးဆုံး ကစားသမားဖြစ်လာခဲ့သည်။

**(ငွေကြယ်)**

## ၂၀၁၆ ရီယို အိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံး နိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၁၀ | ၈ | ၉ | ၂၇ |
| ၂ | တရုတ် | ၈ | ၃ | ၆ | ၁၇ |
| ၃ | တောင်ကိုရီးယား | ၄ | ၂ | ၁ | ၇ |
| ၄ | ဟန်ဂေရီ | ၄ | ၁ | ၁ | ၆ |
| ၅ | ဩစတြေးလျ | ၄ | ၀ | ၅ | ၉ |
| ၆ | ရုရှား | ၃ | ၇ | ၃ | ၁၃ |
| ၇ | အီတလီ | ၃ | ၄ | ၂ | ၉ |
| ၈ | ဂျပန် | ၃ | ၁ | ၁၀ | ၁၄ |
| ၉ | ပြင်သစ် | ၂ | ၃ | ၁ | ၆ |
| ၁၀ | ထိုင်း | ၂ | ၁ | ၁ | ၄ |
| ၁၁ | ဗြိတိန်နှင့် မြောက်အိုင်ယာလန် | ၁ | ၃ | ၂ | ၆ |
| ၁၂ | ဂျာမနီ | ၁ | ၂ | ၀ | ၃ |
| ၁၃ | ဆွီဒင် | ၁ | ၂ | ၀ | ၃ |
| ၁၄ | ဘရာဇီး | ၁ | ၁ | ၀ | ၂ |
| ၁၅ | ဗီယက်နမ် | ၁ | ၁ | ၀ | ၂ |
| ၁၆ | တရုတ်(တိုင်ပေ) | ၁ | ၀ | ၂ | ၃ |
| ၁၇ | နယ်သာလန် | ၁ | ၀ | ၂ | ၃ |
| ၁၈ | ဘယ်ဂျီယံ | ၁ | ၀ | ၁ | ၂ |
| ၁၉ | ဂရိ | ၁ | ၀ | ၁ | ၂ |
| ၂၀ | အာဂျင်တီးနား | ၁ | ၀ | ၀ | ၁ |

**မှတ်ချက် -**
**၁၀-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ည ၁၁း၀၀နာရီရလဒ်များဖြစ်ပါသည်။**



# တစ်ဦးချင်းပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သော်လည်း နှစ်ယောက်တွဲပြိုင်ပွဲတွင် အန်ဒီမာရေးရှုံးနိမ့်

ဗြိတိန်နိုင်ငံကိုယ်စားပြု တင်းနစ်သမားများဖြစ်ကြသည့် အန်ဒီမာရေးနှင့် ဂျာမီမာရေးတို့သည် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသားနှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် ဘရာဇီးနိုင်ငံကိုယ်စားပြု တင်းနစ်သမားများဖြစ်ကြသည့် သောမက်ဘယ်လက်စီနှင့် အန်ဒရီဆာတို့အတွဲအား ရှုံးနိမ့်ခဲ့ပြီးနောက် အန်ဒီမာရေးသည် နှစ်ယောက်တွဲပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။

အန်ဒီမာရေးနှင့် ဂျာမီမာရေးတို့သည် အိုလံပစ်ပြိုင်ပွဲ၏ အမျိုးသားနှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲတွင် သောမက်ဘယ်လက်စီနှင့် အန်ဒရီဆာတို့ အတွဲအား ၇-၆(၆)၊ ၇-၆(၁၄)ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အန်ဒီမာရေးသည် အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယားတင်းနစ်ကစားသမား ဗစ်တာထရိုက်ကီကို ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဗြိတိန်၏ နံပါတ်တစ် တင်းနစ်မယ် ဂျိုဟန်နာကွန်တာသည် ၃-၆၊ ၇-၅၊ ၇-၅ ဖြင့် ရုရှားတင်းနစ်မယ် ကူနက်ဆိုဗာကို အနိုင်ရရှိခဲ့ပြီး လက်ရှိအမျိုးသမီးချန်ပီယံ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံမှာမူ ယူကရိန်းတင်းနစ်မယ် ဗစ်တွန်လီနာအား ၆-၄၊ ၆-၃ ဖြင့် ရှုံးနိမ့်ခဲ့သည်။

**(ငွေကြယ်)**

# ရထားပေါ်၌ ပြုတ်ကျကျန်ခဲ့သော ဘယ်လ်ဂျီယံနိုင်ငံသူ၏ဖုန်းအား ပြန်လည်အပ်နှံ

**လားရှိုး ဩဂုတ် ၁၀**

ယနေ့တွင် မန္တလေးမြို့မှ လားရှိုးမြို့သို့ ထွက်ခွာလာသော အမှတ်(၁၃၁) အဆန်ရထားပေါ်လိုက်ပါလာသော နိုင်ငံခြားသူခရီးသည်တစ်ဦးသည် ဂုတ်ထိပ်ဘူတာအနီးတွင် ရထားပေါ်မှ လက်ကိုင်ဖုန်းပြုတ်ကျခဲ့ရာ တာဝန်ကျရထားရဲတပ်ဖွဲ့ဝင်များက ပြန်လည်သွားရောက်ရှာဖွေအပ်နှံနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မန္တလေးမြို့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ထွက်ခွာလာသော အမှတ်(၁၃၁)အဆန်ရထားသည် နောင်ချိုမြို့နယ် နောင်ချိုဘူတာနှင့် ဂုတ်ထိပ်ဘူတာအကြား မိုင်တိုင်အမှတ် (၄၆၂/၁၀၁၂) အကြားအရောက် နံနက် ၁၁ နာရီခန့်တွင် မန္တလေးအထက်တန်းတွဲခုံအမှတ်(B4)တွင် မန္တလေးဘူတာမှ သီပေါဘူတာသို့ စီးနင်းလိုက်ပါလာသော ဘယ်လ်ဂျီယံနိုင်ငံသူ Janne Carbonez ကိုင်ဆောင်သည့် Huawei အမျိုးအစား အနီရောင်ကာဘာနှင့်ထည့်ထားသည့် လက်ကိုင်ဖုန်းတစ်လုံး၊ ကာလတန်ဖိုး ငွေကျပ် ၂၅၀၀၀၀ ကျပျောက်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်အား မီးရထားပေါ်၌ လုံခြုံရေးလိုက်ပါဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့(လားရှိုး)မှ တပ်ဖွဲ့ဝင်များက သိသိချင်း မြန်မာ့မီးရထားမှ တာဝန်ကျဝန်ထမ်းများနှင့်အတူ နောင်ချိုဘူတာနှင့် ဂုတ်ထိပ်ဘူတာတို့အကြား အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ရှာဖွေခဲ့ရာ ဂုတ်ထိပ်ဘူတာနှင့် တစ်မိုင်ခန့်ကွာဝေးသောနေရာတွင် ရထားသံလမ်းညာဘက်ဘေးချုံပုတ်အနီးမှ အဆိုပါလက်ကိုင်ဖုန်းကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့သဖြင့် ပိုင်ရှင်ဖြစ်သူ ဘယ်လ်ဂျီယံနိုင်ငံသူအား သီပေါဘူတာသို့ ရထားဆိုက်ချိန် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရထားလိုက်လုံခြုံရေးအဖွဲ့ခေါင်းဆောင် ရဲဒုတပ်ကြပ် ထွန်းထွန်းဝင်းက မြန်မာ့မီးရထားဝန်ထမ်းများရှေ့မှောက်တွင် ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

# စာပေဗိမာန်စာမူဆု ချီးမြှင့်နိုင်ရေး ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

**ရန်ကုန် ဩဂုတ် ၁၀**

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ စာပေဗိမာန်စာမူဆုပြိုင်ပွဲကို နှစ်စဉ် ကျင်းပပေးလျက်ရှိသည်။ အဆင့်မီစာမူများကို ရွေးချယ်ချီးမြှင့်နိုင်ရန် စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ပြိုင်ပွဲဝင်စာမူများကို ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)၊ သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်စာပေ၊ အင်္ဂလိပ်စာမူဆု၊ ဘာသာပြန်ဆုဟူ၍ ဘာသာရပ် ၁၃ မျိုးခွဲခြားပြီး စာပေဗိမာန်စာမူဆုများ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည်။

စာပေဗိမာန်စာမူဆုသည် ပြန်ကြားရေးဝန်ကြီးဌာနက ချီးမြှင့်သောစာပေဆုဖြစ်ပြီး မြန်မာစာပေဖွံ့ဖြိုးတိုးတက်စေရန် စာပေဝါသနာရှင် ရွက်ပုန်းသီးကလောင်သစ်များကို မြေတောင်မြှောက်ပေးရန်၊ စာအုပ်ထုတ်ဝေရန် အခက်အခဲရှိသူများကို တစ်ဖက်တစ်လမ်းမှ အကူအညီပေးရန် စသောရည်ရွယ်ချက်များဖြင့် စာမူများဖိတ်ခေါ်ကာ ပြိုင်ပွဲဝင်စာမူများကို စိစစ်ရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်သည်။

စာမူများ စိစစ်ရွေးချယ်ရာတွင် လွတ်လပ်၍ မျှတမှုရှိစေရန် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့်ရထိုက်သည့် စာမူများရရှိစေရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့်ပိုင်းခြား စိစစ်ရွေးချယ်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ရွေးချယ်ချီးမြှင့်နိုင်ရန် ပြိုင်ပွဲဝင်စာမူများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီခွဲအထိ ပြိုင်ပွဲဝင်ပုံစံတွင် ဖြည့်သွင်း၍ ပတ်စ်ပို့အရွယ်ဓာတ်ပုံ နှစ်ပုံနှင့်အတူ "စာတည်းမှူးချုပ်၊ စာပေဗိမာန်အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့"ထံပေးပို့ယှဉ်ပြိုင်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၃၇၄၅၃၂ နှင့် ၀၁-၃၈၁၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တမလန်းသစ်များ သိမ်းဆည်းရမိ

**ကသာ ဩဂုတ် ၁၀**

ကသာခရိုင် မှုခင်းနှိမ်နင်းရေးခေါင်းဆောင် ရဲအုပ် အောင်အောင်သန်းနှင့်အဖွဲ့သည် ဩဂုတ် ၁၀ ရက် နံနက် ၃ နာရီခွဲက တုံးပေါကျေးရွာနှင့်ကပ်လျက် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် စက်လှေတစ်စင်းအား ရပ်တန့်စစ်ဆေးရာ လူခုနစ်ဦးခန့် ရေထဲခုန်ဆင်းထွက်ပြေးသွားသည်။ စက်လှေပေါ်တွင် ကျန်ရှိသူ သူရိန်ဖြိုး(ခ)သားကြီးအား တမလန်းသစ်ဓားရွေတုံး ၂၀ (၀ ဒသမ ၆၁၅၈ တန် ကာလတန်ဖိုး ကျပ် ၁၂၃၁၆၀) တမလန်းတုံးများနှင့် ဝီလင်းအမျိုးအစား အင်ဂျင်တပ် ၂၂ ကောင်အားအရှည် ၃၆ ပေ၊ အနံ ၇ ဒသမ ၅ ပေ၊ စောက် နှစ်ပေ၊ အပြာရောင် သစ်သားခွံစက်လှေတစ်စင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



သို့ပါ၍ တရားမဝင် တမလန်းသစ်များအား စက်လှေဖြင့် သယ်ဆောင်လာသူ သူရိန်ဖြိုး(ခ)သားကြီး အောက်ဝဲကြီးကျေးရွာ ကြံခင်းအုပ်စု ကသာမြို့နေသူနှင့် စက်လှေပေါ်မှ ခုန်ချသွားသူများအား ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။

**(အေးမြသက်ထား)**

# ဖားကန့်မြို့အတွင်း မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဖားကန့် ဩဂုတ် ၁၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း မိုးညှင်းမြို့ မူးယစ်တပ်ဖွဲ့စု(၃)၏ သတင်းရယူဖော်ထုတ်မှုဖြင့် မူးယစ်ဆေးဝါးများ ရှာဖွေဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၉ ရက် မွန်းတည့် ၁၂ နာရီက မူးယစ်တပ်ဖွဲ့စု(၃)မှ ရဲအုပ်ဇော်မျိုးဝင်း ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့် ပူးပေါင်းကာ ဖားကန့်မြို့ လုံးခင်းကျေးရွာ ရပ်ကွက်(၅)နေ တန်ဂျာ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အပြာရောင်ပလတ်စတစ် ရေခဲပုံးအတွင်း ပလတ်စတစ်အကြည်ဖြင့်ထုပ်ထားသည့် အထုပ် ငါးထုပ်တွင် ဘိန်းဆီခဲဟုယူဆရသည့် အညိုရောင် အစေး ၄၃၁ ဒသမ ၆၅ ဂရမ်၊ ဘိန်းစိမ်းဟုယူဆရသည့် အမည်းရောင်အခဲ တစ်ဂရမ်စီပါ အထုပ် ၃၅ ထုပ်၊ အဝတ်ဘိန်း(အဆင့်နိမ့်ဘိန်း) ၇၀ ဂရမ်ပါ တစ်ထုပ်၊ ပလတ်စတစ်ဘူးသုံးဘူးတွင် ဘိန်းဆီရည် တစ်လီတာတို့ကို သိမ်းဆည်းရမိသဖြင့် လုံးခင်းနယ်မြေရဲတပ်ဖွဲ့စခန်းမှ တန်ဂျာ (၄၁) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃)မှ ရဲအုပ်ဇော်မျိုးဝင်းနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဆိုင်းရာရွာသစ်ကျေးရွာနေ ကျော်မြင့်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဗီရိုပေါ်မှ အဖုံးပိတ်ပင်နီဆီလင်ပုလင်း ၃၀ တွင် ဘိန်းဖြူမှုန့် အလေးချိန် ကိုးဂရမ်၊ အခန်းအတွင်းရှိ အနက်ရောင်ဆောင်းဘောက်စ် နှစ်ခုအတွင်း ရောင်စုံဆပ်ပြာခွက် ခြောက်ခွက်တွင် ဘိန်းဖြူမှုန့် အလေးချိန် ၇၈ ဂရမ်၊ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ် လေးထုပ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သိမ်းဆည်းရမိသဖြင့် ကျော်မြင့်(၅၀)နှစ်အား လုံးခင်းနယ်မြေရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# အလုကုန်ပစ္စည်းများခိုးယူသူ နာရီပိုင်းအတွင်းဖမ်းဆီးရမိ

**မိုးညှင်း ဩဂုတ် ၁၀**

မိုးညှင်းဘူတာအတွင်းရှိ ပစ္စည်းအတင်အချဂိုဒေါင်အတွင်းမှ အလှုကုန်ပစ္စည်းများ ပျောက်ဆုံးနေကြောင်း သတင်းပေးပို့ချက်အရ ရထားရဲတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းရာ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားမှူး ဦးကျော်စိုးမိုးသည် ဩဂုတ် ၉ ရက် နံနက်ပိုင်းက မိုးညှင်းဘူတာအတွင်း တာဝန်ထမ်းဆောင်နေစဉ် ပစ္စည်းအတင်အချဂိုဒေါင်အတွင်းရှိ စက္ကူဂျပ်ဖာနှစ်လုံး ပျက်စီးနေသဖြင့် စစ်ဆေးရာ အလှုကုန်ပစ္စည်းများ ပျောက်ဆုံးနေကြောင်းတွေ့ရှိရ၍ ရထားရဲတပ်ဖွဲ့သို့ လာရောက်အကြောင်းကြားချက်အရ ရထားရဲတပ်ဖွဲ့ တပ်စု(၃)(မိုးညှင်း)မှ တပ်စုမှူး ဒုတိယရဲအုပ်သိန်းလွင် ဦးစီးအင်အား သုံးဦးက လိုက်လံစုံစမ်းရာ မိုးညှင်းဘူတာတွင် ကျပန်းလုပ်ကိုင်သူ သိန်းထိုက်အောင် ဆိုသူ ခိုးယူသွားကြောင်း စုံစမ်းသိရှိရပြီး ၎င်းနေထိုင်ရာ အမှတ်(၂/၂၇၈)စိမ်းရတနာမွန် တောင်ရပ်ကွက် မိုးညှင်းမြို့နေအိမ်အား သွားရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင် တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

**(အောင်ရဲသွင်)**

## မူးယစ်ဟူသမျှ ဆန့်ကျင်ကြ

ခေတ်တွေဘယ်လိုပြောင်းပြောင်း မရိုးဟောင်းနိုင်တဲ့
OGထိပ်သီးပါရဂူ ပါမောက္ခဒေါက်တာမြင့်မောင်မောင်နဲ့
တွေ့ဆုံခန်း ကျန်းမာရေးစာအုပ်များ
ကိုးလလွယ် ဆယ်လမွေး (ဒုတိယအကြိမ်)
အရွယ်သုံးပါး မိန်းမသား (စတုတ္ထအကြိမ်)
ကျော်သက်ခိုင်စာပေဖြန့်ချိရေး
09-50-56853, 09-78-1928172

**ဖိတ်ကြားအပ်ပါသည်**

ဆံပင် ညှပ်၊ ကောက်၊ ဖြောင့်၊ ဆေးဆိုး၊ ဆံထုံး၊ မိတ်ကပ်၊ လက်သည်း Body ဘာသာစုံ(၆)သိန်းဖြင့် သင်ပြနေသော Lady Light အမျိုးသမီးသီးသန့်အလှပြင် သင်တန်းကျောင်းဆင်းပွဲတွင် သင်တန်းသူများ၏ Hair & Make Up Show ပွဲကို စိတ်ဝင်စားဖွယ် အစီအစဉ်များနှင့်အတူ ၁-၉-၂၀၁၆ရက် (ဝါခေါင်လကွယ်နေ့)တွင် မန္တလေးမြို့ ၃၄×၇၈ လမ်းထောင့်ရှိ ရတနာပုံခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြွရောက်ချီးမြှင့်ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

Ph:09-420020388, 09-970017575

**သမီးလေး
မကေရှင်းသန့်စံ(ခ)မထက်မှူးသံလွင်အတွက်
(၇)နှစ်ပြည့်မွေးနေ့ဆုမွန်**

တစ်ဦးတည်းသော ချစ်သမီးလေး မကေရှင်းသန့်စံ (ခ) မထက်မှူးသံလွင် Primary III-B ILBC (Naypyitaw)၏ ဩဂုတ်လ ၁၁ရက်တွင် ကျရောက်သော (၈)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် ထူးချွန်ထက်မြက်အောင်မြင်သော သမီးကောင်းရတနာလေး ဖြစ်ပါစေကြောင်း၊ အမျိုးဘာသာ သာသနာအား ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ပါစေကြောင်းနှင့် ဖေဖေမေမေတို့နှင့်အတူ သာယာချမ်းမြေ့ပျော်ရွှင်စွာ အသက်ထက်ဆုံး ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ဖေဖေ ဦးဇော်ဌေး-မေမေ ဒေါ်ကေခိုင်ဦး
နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွား၊ ဦးဦး၊ တီတီများ**

**ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း**

ရေယာဉ်ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဗိုလ်လမင်း-၇အမည်ရှိ ငါးဖမ်းစက်လှေ မှတ်ပုံတင်နံပါတ် FMD/0174/09 စုစုပေါင်းတန်ချိန် ၄၆. ၈၇အားဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးတင်သူရ[၆/မအရ(နိုင်)၀၀၁၈၉၂]အမည်မှ ဦးမျိုးသူရကျော်[၆/မအရ(နိုင်)၀၉၆၁၇၅] အမှတ်(၅၀)၊ စီလမ်း၊ ကန်ကြီးရပ်၊ မြိတ်မြို့အမည်သို့ပြောင်းလဲပေးပါရန် ဤဌာနသို့လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင် အမည်ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒေါ်ပုံသင်္ဘောကျင်း၊ ရန်ကုန်မြို့သို့လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃စီ/၂၊ မြေကွက်အမှတ်-V၁၈၉၊ မြေကွက်တည်နေရာအမှတ်-၁၈၊ အောင်မင်္ဂလာလမ်း၊ ဘိုးလိန်း၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ဦးလှဘော်(စီအီး-၀၆၃၀၃၉)၊ ဒေါ်ကျင်သန်း(ဘီဂျီအီး-၁၇၂၃၇၂) အမည်ပေါက်နှစ် (၉၀)ဂရန်မြေ အား အမည်ပေါက် နှစ်ဦးအနက်တစ်ဦးဖြစ်သူ ဦးလှဘော်ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်ကျင်သန်း(ဘီဂျီအီး-၁၇၂၃၇၂)[၁၂/တမန(နိုင်)၀၇၂၈၂၀]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း သေစာရင်း ၇-၃-၂၀၁၆ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှင့် ၁၉၉၇ ခုနှစ်တွင် အာရှစနေဘဏ်တွင် ဘဏ်ငွေချေးခဲ့ပြီး ဘဏ်မှငွေကျေပြီးဖြစ်၍ ဂရန်မူရင်း ပြန်လည်ထုတ်ယူခဲ့ဖြစ်ကြောင်း ကျမ်းကျိန်လွှာတို့တင်ပြပြီး ၎င်းထံမှ GP-၁၂၆၈/၁၆(၄-၂-၂၀၁၆)ရရှိသူ ဦးမျိုးမြင့်ကျော်[၁၂/ဥကတ(နိုင်)၀၆၈၀၁၈] မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

EASY DRIVE
ရန်ကုန်မြို့ထဲလမ်းမများပေါ် လက်တွေ့ကားမောင်းအမြန်ရက် တိုသင်တန်းနှင့် ကားမောင်းသင်ထားပြီး မြို့ထဲလမ်းမများပေါ် ကားမမောင်းရဲသူများကိုလည်း ပြန်လည် လေ့ကျင့် သင်ကြားပေးသည်။
ဖုန်း - ၀၉ ၂၆၄၈၀၇၆၉၉

**ပျောက်ဆုံးကြောင်း**

ကျွန်တော်အာကာမိုး၏[၁၂/ထတပ(နိုင်)၀၇၃၄၃၉]သည် D-S-T လက်မှတ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၃၂၂၈၈၄၆၂

**မွေးသက္ကရာဇ်အမှန်**

မြစ်ကြီးနားမြို့၊ အမှတ်(၂) မူလွန်ကျောင်း အဌမတန်း(အောင်)မှ မရိုစီထွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၉-၂၀၀၂ဖြစ်ပါသည်။

**မွေးသက္ကရာဇ်အမှန်**

ဝိုင်းမော်မြို့နယ်၊ အထက(ခတ်ချို)၊ ဒသမတန်းမှ မောင်သိန်းဖြိုးအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၃-၁၉၉၉ ဖြစ်ပါသည်။

## လူစုလူဝေးအား စနစ်တကျ ထိန်းသိမ်းခြင်း ဆင့်ပွား သင်တန်းဖွင့်လှစ်

**မော်လမြိုင် ဩဂုတ် ၁၀**

ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတာဝန်များ ဆောင်ရွက်ရာတွင် လူစုလူဝေးဖြင့် အဓိကရုဏ်းများ ဖြစ်ပွားပေါ်ပေါက်လာပါက နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှ ဦးစီးပြုလုပ်သော လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်းဆင့်ပွား သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီခွဲက မွန်ပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်အရန်တပ်ဖွဲ့ခွဲ(အတ္တရံ)သင်တန်းခန်းမဆောင်၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဘိုဘိုဦးက အဖွင့်အမှာစကားပြောကြားပြီး ဘာသာရပ်အလိုက် သင်တန်းနည်းပြများက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေးမြို့နယ်တို့မှ တစ်မြို့နယ်လျှင် သင်တန်းသားရဲအရာရှိတစ်ဦးနှင့် အခြားအဆင့်ကိုးဦး စုစုပေါင်းသင်တန်းသား ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းနေ့၌ပင် သထုံခရိုင်ရဲတပ်ဖွဲ့မှူးကြီးမှူး၍ သထုံ၊ ပေါင်၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်အင်အား ၆၀ အား အဆိုပါ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**သိန်းလှိုင်(မော်လမြိုင်)**

# မြန်မာအမျိုးသားလေကြောင်းမှ မန္တလေး-ဗန်ကောက် ခရီးစဉ်ပြေးဆွဲမည်

**မန္တလေး ဩဂုတ် ၁၀**

အထက်မြန်မာပြည်မှ ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းက ဩဂုတ် ၃၁ ရက်မှ စတင်ပြီး မန္တလေး-ဗန်ကောက်ခရီးစဉ်ကို စတင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။




မန္တလေး-ဗန်ကောက်ခရီးစဉ်ကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ပတ်လျှင် သုံးကြိမ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင်ပြေးဆွဲပေးမည်ဖြစ်သည်။ ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် နံနက်ပိုင်း ခရီးစဉ်အဖြစ် ရန်ကုန်-ဗန်ကောက်-မန္တလေး-ရန်ကုန်ပြေးဆွဲမည်ဖြစ်ပြီး ညနေပိုင်းခရီးစဉ်အဖြစ် ရန်ကုန်-မန္တလေး-ဗန်ကောက်-ရန်ကုန်ပြေးဆွဲရန် စီစဉ်ထားကြောင်းနှင့် ဩဂုတ် ၃၁ ရက်ခရီးစဉ် UB-20 အနေဖြင့်ဗန်ကောက်မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန်ဦးသန်းထွန်းက ပြောသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း အနေဖြင့် အစိုးရဦးဆောင်မှုမှ ကော်ပိုရေးရှင်းအသွင်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပြည်တွင်း ပြည်ပခရီးစဉ်များ တိုးချဲ့ပြေးဆွဲရန် နောက်ဆုံးပေါ် Boeing Next-Generation 737 လေယာဉ်နှစ်စင်း၊ ATR-72-600s လေယာဉ်ခြောက်စင်းအားဖြည့်ထားကြောင်း သိရသည်။

ခေတ်မီလေယာဉ်သစ်ကြီးများ ပုံသန်းချိန်မိမိထိုင်ခုံဖန်သားပြင်မှ ရုပ်ရှင်၊ TV show များ၊ သီချင်းများ နားထောင်နိုင်ခြင်း၊ ကြိုးမဲ့အင်တာနက်စနစ်ဖြင့် စမတ်ဖုန်းများ၊ ခရီးဆောင်ကွန်ပျူတာများ အသုံးပြုနိုင်ကြောင်း၊ လမ်းကြောင်း မြန်ဆန်သော လူဝင်မှုကြီးကြပ်ရေးနှင့် လုံခြုံရေးဝန်ဆောင်မှုများ ဦးစားပေးဆောင်ရွက် ထားကြောင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်း Mobile Applicationမှ လေယာဉ်အချိန်နှင့် ကြိုတင်လက်မှတ်များရနိုင်ပြီး ဈေးနှုန်းသက်သာစွာ မန္တလေး-ဗန်ကောက်ခရီးစဉ် ပြေးဆွဲပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောပြချက်အရသိရသည်။

**သီဟကိုကို(မန္တလေး)**

## အာဟာရရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲကျင်းပ၍ ကျောင်းသား၊ ကျောင်းသူများကို အာဟာရတိုက်ကျွေး

**ဝါးခယ်မ ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးကို ရှေးရှုပြီး အာဟာရ ရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက ပြုလုပ်ကြောင်း သိရသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဦးကျော်သူလှိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်အေးရီတို့က မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ ငါးနှစ်အောက်ကလေးသူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး ရက်သတ္တပတ်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စည်ပင်သာယာဈေးတွင်းမှ ဆိုင်များ၊ အိမ်ဆိုင်များတွင် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်း၊ အခြေခံပညာကျောင်းများတွင် သန်ချဆေးတိုက်ကျွေးခြင်း၊ ငါးနှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် အာဟာရပြည့်ဝမျှတသည့် အစားအစာများ စားသုံးစေရန် ကျန်းမာရေး ဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ NGO အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကိုယ်ဝန်ဆောင် မိခင်များ တက်ရောက်ခဲ့ပြီး ကလေးငယ်များကို ဆေးတိုက်ကျွေးကာ ကိုယ်ဝန်ဆောင် မိခင်များကို အိုင်အိုဒင်းဆားများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ အ. မ. က မဟာဓမ္မိကာရုံကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၄၀ ကျော်အား နို့အာဟာရတိုက်ကျွေးခဲ့သည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## သဘာဝဘေးအန္တရာယ်အမျိုးမျိုးကယ်ဆယ်ရေး ဆင့်ပွားသင်တန်းဆင်းပွဲ ကလေးတွင်ပြုလုပ်



**ကလေး ဩဂုတ် ၁၀**

ကလေးမြို့နယ် အရှေ့စည်းကျေးရွာအုပ်စု ဒိုးနွယ်ကျေးရွာတွင် တတိယအကြိမ် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကယ်ဆယ်ရေးသင်တန်းဆင်းပွဲကို ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီက ဒိုးနွယ်ကျေးရွာ သာသနာ့ဗိမာန်ဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ယင်းနေ့သင်တန်းဆင်းပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ဇော်ထွန်းက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှုများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ရေဘေးကယ်ဆယ်ရေးတွင် အသုံးပြုရန်အတွက် အသက်ကယ်အင်္ကျီ ၁၀ စုံအား တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် ဒိုးနွယ်ကျေးရွာကျောင်းထိုင်ဆရာတော်ဦးသုနန္ဒ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ကိုဌေး၊ ကလေးမြို့ရှိ မြို့မိမြို့ဖ ဦးသန်းထွန်းနှင့် ဦးညီညီ၊ သင်တန်းသား၊ သင်တန်းသူ ၇၀တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းပွဲအပြီးတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြသမှုများ ပြုလုပ်ရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဂျိုးနက်**

## ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် သစ္စာစီမံချက်ဖြင့် ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီခွဲက အမှတ် ၁၆ ရပ်ကွက် အ. ထ. က-၇ မှ ကျောင်းသား၊ ကျောင်းသူ ၁၄၈ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

ယင်းသို့ပေးအပ်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီး ကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းလွင်က ဌာနလုပ်ငန်းစဉ်၊ ရည်ရွယ်ချက်များကို အသိပေးပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ် လဝက ဦးစီးမှူး ဦးမျိုးဝင်းက အ. ထ. က-၇ ကျောင်းအုပ်ဆရာကြီး ဦးလှဦးထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်ခဲ့သည်။

**၃၂၉**

# စင်ကာပူနိုင်ငံရှိ အလှူရှင်များက လှူဒါန်းသော စာသင်ကျောင်းဆောင်နှင့် ကျေးလက်ဆေးခန်းအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လွှဲပြောင်းပေးအပ်

**ကျောက်ကုန်း ဩဂုတ် ၁၀**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန ပြန်လည်ထူထောင်ရေး စီမံချက်အရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သဲကုန်းကျေးရွာ စာသင်ကျောင်းနှင့် ရေတာကြီးကျေးရွာ ကျေးလက်ဆေးခန်း လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဒေါ်သန်းတင်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့်အမှုဆောင် ပါမောက္ခ ဒေါက်တာဒေါ်မြသူက အဖွင့်အမှာစကား ပြောကြားပြီး၊ Myanmar. Club(Singapore) စင်ကာပူနိုင်ငံ အလှူရှင်များကိုယ်စား ဒေါက်တာမြတ်မော်ထွန်းက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်ပညာရေးမှူး ဦးလှသန်းနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းဆောင်သစ် မှတ်တမ်းများကို ဒေါက်တာဒေါ်မြသူက ဦးလှသန်းအားလည်းကောင်း၊ ကျေးလက်ဆေးခန်း မှတ်တမ်းများကို ဒေါက်တာမြတ်မော်ထွန်းက ဒေါက်တာအေးနိုင်အား လည်းကောင်း အသီးသီး လွှဲပြောင်းပေးအပ်ခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

သဲကုန်းကျေးရွာစာသင်ကျောင်းသို့ ရှေးဦးပြုစုခြင်း သာမန်ဆေးအိတ် တစ်အိတ်၊ ဆိုလာမီးအိမ်နှင့် ရေသန့်စက်တို့ လှူဒါန်းခဲ့ပြီး ရေတာကြီးဆေးခန်းသို့ ဆိုလာမီးအိမ်လှူဒါန်းခဲ့သည်။ ယင်းအပြင် ကျောင်းကုန်းမြို့နယ်သို့လည်း ဆိုလာမီးအိမ် စုစုပေါင်း ၁၅၁ လုံး လှူဒါန်းခဲ့ကြောင်း သိရသည်။

သဲကုန်းကျေးရွာ စာသင်ကျောင်းဖွင့်လှစ်ပွဲကို မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့်အမှုဆောင် ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် စင်ကာပူနိုင်ငံ အလှူရှင်များကိုယ်စား ဒေါက်တာမြတ်မော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး၊ အထိမ်းအမှတ်အလံပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်အေးက လက်ခံရယူပြီး၊ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရေတာကြီးကျေးရွာ ဆေးခန်းဖွင့်ပွဲကို မွန်းလွဲ ၂ နာရီခန့်တွင် အချိန်ပြည့်အမှုဆောင်ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် စင်ကာပူနိုင်ငံအလှူရှင်များကိုယ်စား ဒေါက်တာမြတ်မော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အထိမ်းအမှတ် အလံပေးအပ်၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**အုတ်ဖို ဩဂုတ် ၁၀**
သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် တက်ဆွဲကျေးရွာအုပ်စုတွင် မြစ်မခ မြစ်ရေမြင့်တက်မှုကြောင့် ရေကြီး ရေလျှံမှုများဖြစ်ပွားလျက်ရှိရာ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းကို ဩဂုတ် ၈ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ပေးအပ်လှူဒါန်းမှုတွင် မြို့နယ်ဌာနဆိုင်ရာများမှ စုပေါင်း၍ ဆီ တစ်လီတာဝင် ၄၀ ဘူး၊ ခေါက်ဆွဲလေးဖာ၊ ရေသန့် ၄၀ ကတ်၊ ဆပ်ပြာတောင့် ၈၀၊ ဆား ၅၀ ထုပ် စုစုပေါင်း တန်ဖိုးကျပ် ၁၃၆၅၀၀ ကို နေအိမ်နစ်မြုပ်၍ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းနှင့် စာသင်ကျောင်းတို့တွင် ပြောင်းရွှေ့နေထိုင်ကြသည့် အိမ်ခြေ အလုံး ၃၀ မှ အိမ်ထောင်စု ၃၇ စု၏ လူဦးရေ ၁၂၈ ဦးတို့အား ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ တက်ဆွဲကျေးရွာ အောင်ချမ်းသာ ဘုန်းတော်ကြီးကျောင်း ဆရာတော်နှင့် တက်ဆွဲရွာမ ဘုန်းတော်ကြီး ကျောင်းဆရာတော်တို့အား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

## မြို့နယ်စည်ပင်သာယာရေးကော်မတီ အပြီးသတ် ရွေးချယ်ပွဲ မလှိုင်မြို့၌ကျင်းပ

**မလှိုင် ဩဂုတ် ၁၀**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် စည်ပင်သာယာရေး ကော်မတီဝင်များ အသစ်ပြန်လည်ရွေးချယ်ပွဲကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရွေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီ ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက စည်ပင်သာယာရေးကော်မတီဝင်များ အသစ်ပြန်လည် ရွေးချယ်ပုံ နည်းစနစ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အပြီးသတ်ရွေးချယ်ပွဲအဖြစ် မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ တစ်ဦး၊ လူမှုရေး(သို့) စီးပွားရေးကိုယ်စားလှယ်အဖွဲ့မှ တစ်ဦး၊ ပညာအခြေပြု အဖွဲ့အစည်းမှတစ်ဦး၊ မြို့မိမြို့ဖကိုယ်စားလှယ်မှ တစ်ဦး စုစုပေါင်းလေးဦးကို အပြီးသတ်ရွေးချယ်ခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ အသစ်ကို စတင်ရွေးချယ်ခဲ့ရာ ဆန္ဒပြုထားသူငါးဦး၊ လူမှုရေး(သို့) စီးပွားရေးကိုယ်စားလှယ်အဖွဲ့မှဆန္ဒပြုထားသူ နှစ်ဦး၊ ပညာအခြေပြုအဖွဲ့အစည်းမှ ဆန္ဒပြုထားသူ သုံးဦး၊ မြို့မိမြို့ဖကိုယ်စားလှယ်များမှ ဆန္ဒပြုထားသူသုံးဦးရှိသဖြင့် ရပ်ကွက်ကိုယ်စားလှယ် မြို့မိမြို့ဖ ၁၅ ဦးက လျှို့ဝှက်မဲစနစ်ဖြင့် ဆန္ဒမဲပေးရွေးချယ်ခဲ့ကြသည်။

အဆိုပါ ရွေးချယ်ပွဲအရ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌအဖြစ် ဦးမြသန်း၊ လူမှုရေး(သို့) စီးပွားရေး ကိုယ်စား လှယ်အဖွဲ့မှ ဦးသန်းထွန်းအောင်၊ ပညာအခြေပြု အဖွဲ့အစည်းမှ ဦးပါ၊ မြို့မိမြို့ဖ ကိုယ်စားလှယ်များမှ ဦးသာမွေး တို့ကို ရွေးချယ်ခဲ့သည်။

**အောင်ငွေး(မလှိုင်)**

## အင်္ဂလိပ်စာထူးချွန်ဆုရများနှင့် လုပ်ငန်းဆိုင်ရာ Assignment ရေးဖြေဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်

**မြစ်ကြီးနား ဩဂုတ် ၁၀**
ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းများ စွမ်းရည်မြင့်မားတိုးတက်စေရန်အတွက် ဖွင့်လှစ်သင်ကြားပေးခဲ့သည့် (၁/၂၀၁၆) အင်္ဂလိပ်စာသင်တန်းတွင် ထူးချွန်ဆုရဝန်ထမ်းများနှင့် လုပ်ငန်းဆိုင်ရာ Assignment ရေးဖြေ ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင်မြစ်ကြီး နားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါ ဆင်ဝါးနော်ခန်းမ၌ဂုဏ်ပြု ဆုများ ချီးမြှင့်ပေးခဲ့သည်။

အဆိုပါ ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ Hope Education Learning Center မှ ဦးဖီးလစ်အင်လန်းက သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားတစ်ဦးထံ ပေးအပ်ခဲ့ရာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က သင်တန်းနည်းပြဆရာအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် သင်တန်းတွင် ပထမဆုရ အငယ်တန်းစာရေး ဒေါ်ဆုရွှေရည်၊ ဒုတိယဆုရ အငယ်တန်း စာရေး ဒေါ်ဇင်မာမြင့်နှင့် တတိယဆုရ အငယ်တန်းစာရေး ဒေါ်လှလှအေးတို့အား ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်နှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့ကလည်းကောင်း၊ လုပ်ငန်းဆိုင်ရာ Assignment ရေးဖြေတွင် ပထမ ဆုရရှိသည့်ဒုတိယ ဦးစီးမှူး ဒေါ်သီ တာအောင်၊ ဒုတိယဆုရရှိသည့် ဦးစီးအရာရှိဦးသောင်းသောင်းလင်းနှင့် တတိယဆုရရှိသည့် ဒုတိယဦးစီးမှူး ဦးထွန်းထွန်းကျော်တို့အား ပြည်နယ် ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် ပြည်နယ်စာရင်းစစ် ချုပ်တို့ကလည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးအပ်ခဲ့သည်။

**ပြည်နယ်ပြန်/ဆက်**

## ပထမအကြိမ် ဒေသတွင်းမုတ်သုံဖိုရမ်ကျင်းပ

**စစ်တွေ ဩဂုတ် ၁၀**
ရခိုင်ပြည်နယ် ပထမအကြိမ် ဒေသတွင်း မုတ်သုံဖိုရမ်ကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက စစ်တွေဟိုတယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရာသီဥတု ပြောင်းလဲလာခြင်း၊ အနောက်တောင်မုတ်သုံလေကလည်း ပုံစံမမှန်ဖြစ်လာသည့်အတွက် ရာသီဥတု ပြောင်းလဲဖောက်ပြန်လာကြောင်း ၎င်းပြောင်းလဲလာခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာခြင်း၊ မိုးရွာသွန်းမှု မြင့်တက်လာခြင်း၊ မြစ်ကမ်းပါးများ ပြိုကျခြင်းပြဿနာများ ဖြစ်လာကြောင်း၊ ထိုသို့ဖြစ်ပေါ်လာမှုများကို ကာကွယ်မှုများပြုလုပ်ရသကဲ့သို့ ကြိုတင်သတိပေးခြင်းများ သတင်းမှန်များ ထုတ်ပြန်နိုင်ရေး၊ သတင်းများ မြန်ဆန်နိုင်အောင်ဆောင်ရွက်နိုင်ရေး ၎င်းသတင်းများကို ပြည်သူများသိရှိပြီး အချိန်မီ ကြိုတင်ပြင်ဆင်နိုင်ရေး၊ ၎င်းသတင်းများကို အသုံးချပြီးဌာနဆိုင်ရာများမှ မိမိတို့၏ ဌာနများတွင် အသုံးချနိုင်ရေး စသည့်ရည်ရွယ်ချက်များနှင့် မုတ်သုံဖိုရမ်ကို ကျင်းပရခြင်းဖြစ်ကြောင်း ပြည်နယ်လျှပ်စစ်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်လျှပ်စစ်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး UN . Habitat အဖွဲ့နှင့် RIMES အဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက အမှာစကားပြောကြားခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မုတ်သုံဖိုရမ်အား ကျင်းပရာ ရာသီဥတုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များအား အသုံးချခြင်းနှင့် အခြေခံဗဟုသုတများအား ဆန်းစစ်ခြင်း၊ ခန့်မှန်းချက်များနှင့် ကြိုတင်သတိပေးစနစ်တို့၏ ဆက်စပ်ပုံများ ရာသီအလိုက် ကြိုတင်ပြင်ဆင်မှုများအတွက် စီမံချက်မူကြမ်းစသည့် ခေါင်းစဉ်များဖြင့် ဟောပြော ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယင်းနေ့ကပြုလုပ်သောမုတ်သုံ ဖိုရမ်သို့ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနေပြည်တော် မိုးလေဝသဌာနခွဲ၊ ဇလဗေဒဌာနခွဲမှ တာဝန်ရှိသူများ UN.Habitat နှင့် RIMES အဖွဲ့အစည်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**ခရိုင်ပြန်/ဆက်(စစ်တွေ)**



## ရေတာရှည်မြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့မွမ်းမံသင်တန်း ဖွင့်လှစ်သင်ကြား

**ရေတာရှည် ဩဂုတ် ၁၀**
ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် လူမှုရေးလုပ်ငန်းများ စွမ်းရည်ပြည့်ဝစွာ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

မိုးရာသီတွင်လေ့ကျင့်၊ ဆောင်းရာသီတွင်စစ်ဆေး၊ နွေရာသီတွင် အသင့်ဟူသောဆောင်ပုဒ်နှင့်အညီ မိမိတို့၏ ပရဟိတစိတ်ဓာတ်ပြည့်ဝစွာဖြင့် ပြည်သူများ၏ အကျိုးအတွက် စွန့်လွှတ်အနစ်နာခံကာ အရန်မီးသတ်တပ်ဖွဲ့သို့ ဝင်ရောက်ကြသူများအား မြို့မိမြို့ဖများနှင့်ထပ်တူ လေးစားဂုဏ်ယူကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က ပြောကြားသည်။

ရေတာရှည်မြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်ပေါင်း ၇၀၀ ကျော်ရှိပြီး ယနေ့ တက်ရောက်သည့် တပ်ဖွဲ့ဝင်အင်အားမှာ ၇၀ ဖြစ်ကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၁၀**
နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီခွဲက ပြည်စံအောင်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်ငြိမ်းအောင်က အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ရွှေတွင်းကုန်း မြို့မရဲစခန်း ဒုရဲအုပ်ဇော်လွင်ဦးက မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူမှောင်ခို လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးခြင်းကိုလည်းကောင်း၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဇော်လွင်ဦးက ယာဉ်မတော်တဆမှုများ ဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ကျောင်းသား ကျောင်းသူများအား ဟောပြောဆွေးနွေးပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ရွှေဆူး**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်း

**တောင်တွင်းကြီး ဩဂုတ် ၁၀**
တောင်တွင်းကြီးမြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန် ဖွင့်လှစ်ခဲ့သည့် စက်ချုပ်သင်တန်းဆင်းပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များတိုင်း၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းထွန်းက အမှာစကားပြောကြားခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းသူများအနေဖြင့် မိမိတို့ကျေးရွာရောက်ရှိပါက သင်တန်းကတတ်မြောက်ထားသည့် အသက်မွေးဝမ်းကျောင်းစက်ချုပ်ပညာဖြင့်မိသားစုဝင် အဝတ်အစားများ ချုပ်လုပ်နိုင်သည့်အပြင် တစ်ပိုင်တစ်နိုင်မိသားစုဝင်ငွေတိုးပွားရေးအတွက် အထည်ချုပ်လုပ်ငန်းဖြင့် စီးပွားဖြစ်ဆောင်ရွက်နိုင်သလို မိမိကျေးရွာမှ စက်ချုပ်ဝါသနာပါသူများကို မိမိတတ်ကျွမ်းထားသည့် စက်ချုပ်ပညာဖြင့် ဆင့်ပွားသင်ပေးစေလိုကြောင်းပြောကြားခဲ့သည်

ယင်းနောက်သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးတို့က သင်တန်းဆင်းလက်မှတ်များနှင့် ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**၅၈၀**

# မိုးစပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျ၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်

**ရေတာရှည် ဩဂုတ် ၁၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆင်ငွေကျေးရွာအုပ်စု၊ ပိတောက်ကုန်းကျေးရွာအုပ်စု၊ သိုင်းဝကျေးရွာအုပ်စုတို့၌ မိုးစပါးစိုက်ခင်းဧကပေါင်း ၂၀၀ ကျော်တွင် ဖျက်ပိုးများကျရောက်လျက်ရှိရာ ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်နှင့်ဝန်ထမ်းများက ဆင်ငွေကျေးရွာနှင့် ပိတောက်စမ်းကျေးရွာကြားရှိ ကွင်းအမှတ် ၆၅၁(ခ) တွင် စစ်ဆေးခဲ့ကြသည်။

အဝေးမှကြည့်လျှင် စပါးပင်များရင့်မည့်နေသကဲ့သို့အဝါရောင်သန်းနေသော စပါးစိုက်ခင်းများမှာ ပင်စည်ထိုးပိုး(ဆစ်ပိုး)များ ကျရောက်နေသည်ကိုတွေ့ရှိခဲ့ပြီး ဆင်ငွေကျေးရွာနေတောင်သူ ၅၁ ဦး၏ စပါးစိုက်ခင်း ဧက ၁၀၀ ကျော်တွင် ပိုးများကျရောက်နေသည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက ပြောသည်။

"တောင်သူတွေအနေနဲ့ ခုလိုပိုးကျနေတဲ့အခါမှာ ယူရီးယားဓာတ်မြေဩဇာကို မကြဲပက်မိဖို့လိုတယ်။ အဲ့ဒီမြေဩဇာပက်ကြဲလိုက်ရင် အပင်တွေကနုပြီး တက်လာတာ။ ပိုးပြန့်တာအလွန်မြန်ပါတယ်။ နောက်တစ်ခုက ပိုးကျတဲ့လယ်တစ်ခုထဲ ပိုးသတ်ဆေးဖျန်းလို့မရဘူး။ ဆက်စပ်တဲ့တောင်သူတွေအားလုံး စုပေါင်းဆေးဖျန်းမှနိုင်မယ်။ ဆေးကိုလည်း အညွှန်းအတိုင်းသုံးစွဲကြဖို့လိုတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်က တောင်သူများအား ရှင်းပြခဲ့သည်။

မိုးစပါးများစိုက်ပျိုးရာတွင် အပြောင်းအလဲမြန်ဆန်သည့်ရာသီဥတုကြောင့် ပိုးမွှားများကျရောက်လေ့ရှိရာ ဖြစ်ပွားတတ်သော ရောဂါပိုးမွှား ၁၂ မျိုးအတွက် ရောဂါလက္ခဏာများနှင့် သုံးစွဲနှိမ်နင်းနိုင်မည့် ဆေးဝါးများ၊ နည်းစနစ်များ ဖော်ပြထားသည့်လက်ကမ်းစာစောင်များအား တောင်သူတစ်ဦးချင်းအလိုက် ဖြန့်ဝေပေးခဲ့သည်။

တောင်သူများအနေဖြင့် ပိုးသတ်ဆေးဝါးများသုံးစွဲသည့်အခါ ဧကအလိုက် သတ်မှတ်နှုန်းကို ပြည့်မီရန်လိုအပ်ပြီး ဓာတ်မြေဩဇာနှင့် ဓာတုဆေးဝါးများ ဝယ်ယူသုံးစွဲသည့်အခါ စနစ်တကျရှိရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး မိုးစပါးများစိုက်ပျိုးပြီးစီးနေသည့် ပိတောက်ကုန်းကျေးရွာတွင် ဧကပေါင်း ၁၀၀ ကျော်၊ ဆင်ငွေကျေးရွာ၌ ဧကပေါင်း ၁၀၀ ကျော်၊ သိုင်းဝကျေးရွာအုပ်စု၊ ကမ်းပါးနီကျေးရွာတွင် ဧက ၂၀ ကျော်တွင် ဖျက်ပိုးများကျရောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## ကြို့ပင်ကောက်မြို့နယ်၌ မှုခင်းကျဆင်းရေးအတွက် ညစဉ် လှည့်ကင်းများဆောင်ရွက်

**ကြို့ပင်ကောက် ဩဂုတ် ၁၀**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ပြည်သူများ အေးချမ်းစွာ သွားလာနေထိုင်နိုင်ရေးအတွက် ကြို့ပင်ကောက်မြို့နယ်ရဲတပ်ဖွဲ့မှ ညစဉ်လှည့်ကင်းများဖြင့် လှည့်လည်ဆောင်ရွက်လျက်ရှိသည်။

ကြို့ပင်ကောက်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေ၏ လမ်းညွှန်မှုဖြင့် ရာဇဝတ်မှုခင်းများ၊ မှောင်ရိပ်ခိုမှုများ၊ ခိုးဆိုးနှိုက်မှုများ၊ ရမ်းကားမှုများ လျော့နည်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် နယ်ထိန်းများနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဆိုင်ကယ်များ၊ ကားများဖြင့် ညဥ့်ဦးပိုင်းတွင် နှစ်ဖွဲ့၊ ညဥ့်နက်ပိုင်းတွင် နှစ်ဖွဲ့ခွဲကာ မြို့ပေါ် ၁၀ ရပ်ကွက်သို့ ညစဉ်လှည့်ကင်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ပြည်သူ့အတွက်ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကျေးရွာမြေငှားဂရန်များ ပုလဲမြို့နယ် ညောင်ကန်ကျေးရွာ၌ ပေးအပ်

**ပုလဲ ဩဂုတ် ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု ညောင်ကန်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ပြည်သူ့အတွက်ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ယင်းမာပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က "ကျွန်တော်တို့ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှာ ကျေးရွာများသို့ မြေငှားဂရန်များထုတ်ပေးနိုင်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ညောင်ကန်ကျေးရွာကတော့ ခရိုင်အတွင်းမှာ ဒုတိယမြောက်ကျေးရွာမြေငှားဂရန်များပေးအပ်နိုင်တဲ့ ကျေးရွာတစ်ရွာဖြစ်ပြီး မူလကျေးရွာမြေဧရိယာ ၁၀ ဒသမ ၇၂ ဧကမှ အိမ်ခြေ ၃၂ အိမ်ကို မြေငှားဂရန်များထုတ်ပေးခြင်းဖြစ်ပါတယ်။ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေပေါ်မှာ နေထိုင်ကြတဲ့ ပြည်သူများအနေဖြင့် မြေငှားဂရန်ရရှိတဲ့အတွက် လူနေထိုင်မှုခိုင်မာခြင်း၊ ပိုင်ဆိုင်မှုခိုင်မာခြင်း၊ စီပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်နှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်တဲ့အခါ အတိုးနှုန်းသက်သာစွာဖြင့် ဘဏ်များမှ အရင်းအနှီးချေးငွေများ ချေးယူနိုင်ခြင်းအပြင် လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ယင်းမာပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က မြေငှားဂရန်များပေးအပ်ရာ ညောင်ကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်မောင်ကလည်းကောင်း၊ ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းက ကျေးရွာမြေငှားဂရန်များကို ပေးအပ်ရာ ညောင်ကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဖေကလည်းကောင်း လက်ခံရယူခဲ့သည်။

အဆိုပါ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်းနှင့် ပုလဲမြို့နယ်တွင် ကျေးရွာ ၁၈၈ ရွာရှိသည့်အနက် ညောင်ကုန်းကျေးရွာအုပ်စု ညောင်ကန်ကျေးရွာတွင် အိမ်ထောင်စု ၃၂ စုသို့ ကျေးရွာမြေငှားဂရန်များကို ရက် ၁၀၀ စီမံချက်ကာလအတွင်း ပေးအပ်နိုင်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လင်းခေးမြို့မဟာဝိဟာရကျောင်းကြီး သုံးထပ်ကျောင်းဆောင်သစ် ပြန်လည်တည်ဆောက်ရေးအတွက် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများပေးအပ်



**လင်းခေး ဩဂုတ် ၁၀**
ဇူလိုင် ၂၃ ရက် ည ၁၀ နာရီက မီးလောင်ကျွမ်းခြင်းခံခဲ့ရသော ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့ရှိ မဟာဝိဟာရကျောင်းကြီးကျောင်းအား သုံးထပ်ဆောင်အသစ်ပြန်လည်တည်ဆောက်ရန်အတွက် လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၈ နာရီခွဲက လင်းခေးမြို့ မဟာမြတ်မုနိဘုရားကျောင်းတော်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းပေးအပ်ပွဲကိုအခမ်းအနားသို့ တက်ရောက်လာသူများက နမောတဿ(၃)ကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြသည်။ ဆက်လက်ပြီး ဧည့်ပရိသတ်များက သံဃာတော်များထံမှ ငါးပါးသီလခံယူကာ သံဃာတော်ဆရာတော်များက ပရိတ်တရားတော်အား ရွတ်ဖတ်ပေးခဲ့ကြသည်။ ထို့နောက် ကျောင်းဆောင်အသစ် ပြန်လည်တည်ဆောက်ရေး လှူဖွယ်ပစ္စည်းနှင့် အလှူငွေများပေးအပ်ခြင်းပြုလုပ်ရာ တာဝန်ရှိသူအဆင့်ဆင့်တို့က လှူဒါန်းပေးခြင်း၊ လက်ခံရယူခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ယင်းနေ့လှူဒါန်းရရှိမှုများမှာ ရှမ်းပြည်နယ် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမင်းထွန်းနှင့်ဇနီးမိသားစုတို့က တန်ဖိုးငွေကျပ်သိန်း ၁၅၀ ရှိ ဆွမ်းဆန်တော် အိတ် ၅၀ နှင့် ဘိလပ်မြေ အိတ် ၂၀၀၊ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များမှ လှူဒါန်းငွေကျပ် ၁၄၅၀၀၀၀၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့်ဇနီးဒေါ်ထားထားဝင်းမိသားစုက ငွေကျပ် ၅၀၀၀၀၀၊ တောင်ကြီးခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစုက လှူဒါန်းငွေကျပ် ၃၅၀၀၀၀၊ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့်ဇနီး ဒေါ်ဝင်းဝင်းသန်းမိသားစုမှ ကျပ် ၃၀၀၀၀၀၊ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်တို့မှ အုပ်ချုပ်ရေးမှူးများက ကျပ် ၂၀၀၀၀၀၊ တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူးမှ ကျပ် ၁၀၀၀၀၀၊ ဦးစိုင်းအောင်သိန်းဇနီး ဒေါ်ပါဝေမိသားစု(တောင်ကြီးမြို့) တို့က လှူဒါန်းငွေကျပ်သိန်း ၁၀၀၊ ဦးစိုင်းဘဟန်နှင့် ဇနီးဒေါ်နန်းလောဝ်နွမ်းမိသားစုက ကျပ်သိန်း ၄၀၊ ဦးစိုင်းသောပီဇနီးဒေါ်နန်းခင်မြင့်မိသားစုက ကျပ် ၁၀ သိန်း၊ ဦးစိုင်းတိယနှင့်ဒေါ်နန်းခမ်းမန့်မိသားစုတို့က ကျပ် ၁၀ သိန်း၊ ဦးစိုင်းအိန္ဒနှင့်ဇနီးဒေါ်နန်းလီ၊ သမီး ဆရာမနန်းခမ်းအိန်မိသားစုက ကျပ် ၁၀ သိန်း၊ တောင်ကြီး (Cherry Queen Co.ltd) ကုမ္ပဏီလီမိတက်မှ ဘိလပ်မြေအိတ် ၂၀၀၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ဟိုမိန်း၊ ဝမ်ပန်၊ နားပွဲ၊နားကုန်း၊ နားရိုင်း၊ ကာလိဌာနေပြည်သူ့စစ်အဖွဲ့များက စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၅၀ လှူဒါန်းကြရာ စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ကျော်အား အဆိုပါကျောင်းဆောင်သစ်အတွက် အလှူငွေရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာအခြေအနေအား ကွင်းဆင်းကြည့်ရှု လေ့လာခဲ့ကြသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက သာသနာဝင်စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ကျောက်မဲ ဩဂုတ် ၁၀**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပထမရက် ၁၀၀ သစ္စာစီမံချက်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက ဩဂုတ် ၈ ရက် နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက် သဒ္ဒမ္မပါလ ပရိယတ္တိစာသင်ကျောင်းတိုက်ရှိ ရဟန်း၊ သာမဏေများအား သာသနာဝင်စိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ဆောင်ရွက်ပြီးစီးသည့် သာသနာဝင်စိစစ်ရေးကတ်ပြားများကို ကျောက်မဲခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် မြို့နယ်ဦးစီးမှူး ဦးသန်းဌေးတို့က ရဟန်း၊ သာမဏေ ၂၄ ပါး အားတစ်ပါးချင်းစီလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

## ကျောင်းကျန်းမာရေးစစ်ဆေး၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲပြုလုပ်

**ပင်လောင်း ဩဂုတ် ၁၀**
ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ စားသုံးရန်မသင့်သော အစားအစာများအကြောင်း၊ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၈ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့ အ. ထ. က(၁) ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်သိန်းထွေး၊ ကျန်းမာရေးကြီးကြပ်(၁) ဦးအောင်ခိုင်မာတို့က မူးယစ်ဆေးဝါးအန္တရာယ်၊ သွေးလွန်တုပ်ကွေးရောဂါ၊ ရာသီအလိုက်ဖြစ်တတ်သော တုပ်ကွေးရောဂါ၊ စားသုံးရန်မသင့်သော အစားအစာများ အကြောင်းတို့ကို ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးပြီး ကျောင်းဈေးဆိုင်များတွင် စားသုံးရန်မသင့်သော အစားအစာများ ရောင်းချခြင်းရှိ-မရှိကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပထဝီပါမောက္ခ E.H.G Dobby က "မြန်မာနိုင်ငံ၏ စပါးထုတ်လုပ်မှုကုန်ကျစရိတ်သည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ထူးထူးခြားခြား အနည်းဆုံးဖြစ်နေသည်ကို တွေ့ရကြောင်း၊ ဤကဲ့သို့ဖြစ်ရခြင်းမှာဆန်စပါးအထွက်ဆုံးဒေသဖြစ်သော မြစ်ဝကျွန်းပေါ်တွင် ဆန်စပါးသယ်ယူတင်ပို့သည့်လမ်းမှာ ရေလမ်းခရီးကိုအများဆုံး အသုံးပြုရသည့်အတွက်ဖြစ်ကြောင်း၊ ရေလမ်းသယ်ယူပို့ဆောင်ရေး ပိုမိုအဆင်ပြေစေသည်မှာ အရှေ့၊ အနောက်သွယ်တန်းလျက်ရှိသောရေလမ်းကြောင်း အများအပြားရှိနေခြင်းကြောင့်ဖြစ်ကြောင်း" ဟူ၍ ၁၉၆၄ ခုနှစ်တွင် ၎င်း၏ "South East Asia" စာအုပ်တွင် ရေးသားထားသည်ကို တွေ့ရှိရသည်။

တစ်ဖန် ဧရာဝတီမြစ်ဝကျွန်းပေါ်၏ ဘူမိဖြစ်ပေါ်မှုများနှင့်လုပ်ငန်းဒေသအခြေအနေများအား ကနဦးလေ့လာကြည့်မည်ဆိုပါက မြစ်ဝကျွန်းပေါ်ဒေသသည် ပင်လယ်မှ ၃၂၅ မိုင်ကျော်ကွာဝေး၍ အမြင့်ပေ ၅၀ ခန့်ရှိသော ကြံခင်းမြို့မှစတင်ပြီး အောက်ဘက်တွင်မြစ်လက်တက်များဖြာထွက်ကာ အဓိကအားဖြင့်ဝဲဘက်တွင် လှိုင်မြစ်၊ ယာဘက်တွင် ငဝန်မြစ်နှင့် အရှေ့နှင့်အနောက်ဘက်တွင် ပဲခူးရိုးမနှင့် ရခိုင်ရိုးမများအသီးသီး ကာဆီးလျက်ရှိသည်။ တြိဂံပုံသဏ္ဌာန်ရှိသော မြစ်ဝကျွန်းပေါ်ဒေသသည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၁၈၀၀ ခန့်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးရှိ ခရိုင်ရှစ်ခုရှိ မြို့နယ် ၄၅ မြို့နယ် ပါဝင်သည်။ ဧရာဝတီမြစ်သည် ပင်လယ်သို့ဆုံရာတွင် ပင်လယ်ကမ်းခြေအရှေ့၊ အနောက် အလျားမိုင် ၁၆၀၀ ကျော်ရှိ၍ အဓိကမြစ်ဝ ၁၂ ခုရှိပြီး အဆိုပါမြစ်ဝများမှာ ရန်ကုန်မြစ်ဝ၊ တိုးမြစ်ဝ၊ သံဒိမြစ်ဝ၊ ဒုံရမ်းမြစ်ဝ၊ ဖျာပုံမြစ်ဝ၊ ဘိုကလေးမြစ်ဝ၊ ဧရာဝတီမြစ်ဝ၊ ပျဉ်စလူမြစ်ဝ၊ ပြာမလော့မြစ်ဝ၊ ရွှံ့မြစ်ဝ၊ သက္ကယ်သောင်မြစ်ဝ၊ ငဝန်မြစ်ဝစသည်ဖြင့်အစဉ်အတိုင်း ဖြာထွက်လျက်ရှိပြီး လှေ၊ သင်္ဘောသွားလာနိုင်သော ရေကြောင်းအလျားစုစုပေါင်းမိုင် ၂၁၀၀ ခန့်ရှိသည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံးမြစ်ဝကျွန်းပေါ်စာရင်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထို့အပြင် ပြန့်ပြူးမှုရှိရာတွင်လည်းကောင်း၊ ရေချိုပေါများရာတွင်လည်းကောင်း၊ မုန်တိုင်းဒဏ်ကင်းလွတ်သက်သာရာတွင်လည်းကောင်း၊ မြေသြဇာကောင်းမွန်ရာတွင်လည်းကောင်း စသောအချက်အလက်များဖြင့် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားလျက်ရှိသည်။

ဖော်ပြပါဘူမိဖြစ်ပေါ်မှုများအရဆိုရပါလျှင်အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်တို့နှင့်နှိုင်းစာလျှင် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်နှင့် ရန်ကုန်တိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသများသည် မြေမျက်နှာပြင်ညီညာပြန့်ပြူး၍မြစ်ခွဲ၊ မြစ်မြွာများ ရောယှက်စီးဆင်းနေပြီး ကျွန်းငယ်ကလေးများဖြင့် ဖွဲ့စည်းထားသဖြင့် စပါး အပါအဝင် လယ်ယာစိုက်ပျိုးရေးအောင်မြင်မှုအားသာချက်များရှိသည်ကို ပညာရှင်များ၏ လေ့လာတွေ့ရှိသုံးသပ်မှုများအရ သိရသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဆောင်ရွက်ရာတွင် အောင်မြင်မှုအားသာချက်များနှင့် သဘာဝအခြေခံကောင်းများ မြောက်မြားစွာပိုင်ဆိုင်ထားသော်လည်း ပင်လယ်မှလည်းကောင်း၊ မြစ်များမှလည်းကောင်း၊ ဒီရေနှင့် ဆားငန်ရေများဝင်ရောက်ကာ အချိန်ကာလကြာရှည်စွာ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံရလေ့ရှိရာ များစွာသော စိုက်ပျိုးရေးဧရိယာကို အခါအားလျော်စွာ ထိခိုက်ဟန့်တားမှုများရှိခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးအောင်မြင်မှုအာမခံချက်ရှိသော အဆိုပါ

# လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအတွက် များစွာအရေးပါသည့် မြစ်ဝကျွန်းပေါ်ဒေသ ဆည်မြောင်းလုပ်ငန်းများ

မြစ်ဝကျွန်းပေါ်ဒေသများ၏ ဖော်ပြပါအခက်အခဲများမှ ကျော်လွှန်နိုင်စေရေးအတွက် တိုင်းဒေသကြီး သုံးခုရှိ မြို့နယ် ၄၅ မြို့နယ်ပါဝင်သော မြစ်ဝကျွန်းပေါ်ဒေသအတွင်း တာပတ်ခြင်း (Embankment)၊ ကျွန်းပတ်တာ (Polder)တည်ဆောက်ခြင်း၊ ရေထိန်းတံခါး(Sluice) တည်ဆောက်ခြင်းနှင့် ရေနုတ်မြောင်း(Drainage Canal) တူးဖော်ခြင်းတို့ကို ခေတ်အဆက်ဆက်တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ မြစ်ဝကျွန်းပေါ်ဒေသကြီးများစာရင်း



တွင် ပါဝင်သော ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်ဟူ၍ ခရိုင် ခြောက်ခုနှင့်မြို့နယ် ၂၆ မြို့နယ်ရှိရာ ဖျာပုံခရိုင်အတွင်း တာတမံ ၂၃ ခု (တာတမံအလျား ၃၅၅ ဒသမ ၆၆ မိုင်)၊ ရေငန်နှင့်ရေဘေးကာကွယ်ဧက ၂၆၂၆၆၃ ဧက၊ ကျွန်းတွင်းရေနုတ်မြောင်း ၁၀၀ ကျော် (အလျား ၃၀၅ ဒသမ ၄၄ မိုင်)နှင့်ရေတံခါး ၆၉ လုံးရှိကြောင်းသိရသည်။ လက်ရှိကာလတွင်ရေတံခါးအသစ်များတည်ဆောက်ခြင်း၊ ကျွန်းပတ်တာအတွင်း ရေနုတ်မြောင်းများပြန်လည်တူးဖော်ခြင်း၊ တာတမံများတောင့်တင်းခိုင်မာအောင်ပြန်လည်ပြင်ဆင်ခြင်း၊ ရေတံခါးအထွက်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ တိမ်ကောနေသော ချောင်းမကြီးများပြန်လည် တူးဖော်ခြင်းနှင့် ကျွန်းပတ်တာအပြင်ဘက်ရေနစ်ဧရိယာရှိမြောင်းများ ပြန်လည်တူးဖော်ခြင်းများဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဇော်ဇော်က ရှင်းလင်းပြောကြားသည်။

မြစ်ဝကျွန်းပေါ်ဒေသများအတွင်း အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းအား ကမ္ဘာ့ဘဏ် (ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်)ဖြင့် ဆောင်ရွက်ခဲ့ရာ စပါး(၁)စီမံကိန်းအား ၁၉၇၆-၁၉၈၅တွင် ဖျာပုံ၊ လပွတ္တာ၊ ငပုတော၊ ဘိုကလေး၊ ဝါးခယ်မမြို့နယ်များအတွင်း၌ လည်းကောင်း၊ စပါး(၂)စီမံကိန်းအား ၁၉၇၈-၁၉၉၀ တွင် ကျိုက်လတ်၊ မအူပင်၊ ဘိုကလေး၊ သန်လျင်၊ လပွတ္တာမြို့နယ်များတွင်လည်းကောင်း လယ်ယာစိုက်ပျိုးရေးဧရိယာဖော်ထုတ်ခြင်း၊ တာပတ်ခြင်း၊ ရေနုတ်မြောင်းတူးခြင်း၊ ရေတံခါးတည်ဆောက်ခြင်းနှင့်အခြားသောစိုက်ပျိုးရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရေငန်ဝင်ရောက်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်းများမှလျော့ပါးသက်သာ၍ရေချိုထိန်းပေးခြင်း၊ ရေတော်မိုးတော်စိုက်ပျိုးနိုင်ခြင်းများကြောင့် နှစ်ပေါင်းများစွာစိုက်ပျိုး၍မရခဲ့သော လယ်ယာမြေများအား စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည့် အခြေအနေသို့ရောက်အောင် ဖော်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေးအတွက် အရေးပါဆုံးသော ဒေသတစ်ခုဖြစ်သည့် မြစ်ဝကျွန်းပေါ်ဒေသတွင် သီးနှံစိုက်ပျိုးမှုအောင်မြင်စေရန်နှင့် ဒေသနေပြည်သူများ ရေကြီးနစ်မြုပ်မှုမှလျော့ပါး သက်သာစေရေးအတွက် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မြစ်ဝကျွန်းပေါ်ဒေသအား အထက်ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်းဟူ၍ ပိုင်းခြားထားကာ အထက်ပိုင်းတွင် ဟင်္သာတ၊ လေးမျက်နှာ၊ ဇလွန်၊ ငသိုင်းချောင်း၊ ရေကြည်၊ ကျုံပျော်၊ ဇကာကြီး၊ ဓနုဖြူ၊ အသုတ်နှင့်ကျောင်းကုန်း စသည့်ဒေသများ၊ အလယ်ပိုင်းတွင်ညောင်တုန်း၊ ပန်းတနော်၊ အိမ်မဲ၊ ရွှေလောင်း၊ ဝါးခယ်မ၊ မအူပင်၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်းနှင့်ဘိုကလေး စသည့်ဒေသများ၊ အောက်ပိုင်းတွင် ပုသိမ်၊ ဖျာပုံ၊ ဒေးဒရဲ၊ လပွတ္တာ၊ စက်ဆန်း၊ ကျုံကဒွန်းစသည့် ဒေသများပါဝင်ကြောင်း သိရသည်။ Chandra Saysa တည်းဖြတ်သော "Main Land and Sea" စာအုပ်၌အရှေ့တောင်အာရှဒေသတွင် လူဦးရေအထူထပ်ဆုံးဒေသများမှာ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည်ဟု ဖော်ပြထားသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် လိုအပ်သည့်လူဦးရေသိပ်သည်းမှုသည်လည်း အရေးပါလျက်ရှိရာ ယင်းလူဦးရေ(စိုက်ပျိုးရေးလုပ်အင်အား) လိုအပ်သည့်ပမာဏရနိုင်မည့်နေရာတွင်သာ ထုတ်လုပ်မှု (Production Objection)အတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ သို့အတွက် လူဦးရေထူထပ်သည့် မြစ်ဝကျွန်းပေါ်ဒေသအား အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် စိုက်ပျိုးရေးနယ်ပယ်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှုနည်းပညာများ ဘက်စုံမြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်း အဆိုပါစာအုပ်က ဖော်ညွှန်းလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရပါမူ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ ဘူမိဖြစ်ပေါ်မှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု၊ မိုးရေနှင့် ရေချိုအာမခံချက် သေချာမှုစသည့် အားသာချက်အများအပြားရှိနေခြင်းနှင့် ဆက်လက်ဖော်ထုတ်မြှင့်တင်လုပ်ကိုင်ရန် စိုက်ပျိုးမြေဧရိယာများ ကျန်ရှိနေသေးသည်ဖြစ်ရာ နိုင်ငံတော်နှင့် တာဝန်ရှိသူအသီးသီးက လူအား၊ ငွေအား၊ နည်းပညာအားများဖြင့် လက်ရှိထက်အရှိန်အဟုန်မြှင့်တင်သွားမည်ဆိုပါက ရှိရင်းစွဲထက်ရိက္ခာဖူလုံမှုပိုမိုဖွံ့ဖြိုးတိုးတက်စေမည်မှာ မြေကြီးလက်ခတ်လွဲအံ့မထင်။ တစ်ဖက်တွင်လည်း ရေမြေသယံဇာတတို့ဖြင့် ပြည့်ဝနေသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို နိုင်ငံ့အကျိုးအလို့ငှာ ပြည့်ပြည့်ဝဝအသုံးချနိုင်ရေးအတွက် အထောက်အကူဖြစ်စေသည့် ကိုရီးယားနိုင်ငံ KRC Delecations နှင့် JICA ကဲ့သို့သော ကျွမ်းကျင်ပညာရှင်များပါဝင်သည့် နိုင်ငံတကာ အဖွဲ့အစည်းများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း လိုအပ်မည်ဖြစ်သည်။

အရှေ့တောင်အာရှရှိ မြစ်ဝကျွန်းပေါ်များအနက် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ရွာသောမိုးရေချိန်သည် အများဆုံးဖြစ်၍ ပျမ်းမျှလက်မ ၁၀၀ ကျော်ခန့်ရှိရာ စိုက်ပျိုးရေးအတွက် လိုအပ်သောရေအရင်းအမြစ်ကိုလည်း ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဖြစ်ထွန်းအောင်မြင်မှုအညွှန်းကိန်းများလည်း အလျင်အမြန်တိုးတက်လာမည် ဖြစ်သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နွေစပါး၊ မိုးစပါးအပါအဝင် စိုက်ပျိုးရေးကဏ္ဍများ ဆောင်ရွက်ရာတွင် ဒေသ၏ ပထဝီသဘာဝအရ ခက်ခဲမှုများရှိသော်လည်း စီးပွားရေးဆန်းစစ်ချက်အရ နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်နှင့် ပြန်လည်ရရှိမည့်အကျိုးအမြတ် တွက်ခြေကိုက်ခြင်း၊ ငွေရင်းပြန်ပေါ်နှုန်းနှင့် အကျိုးအမြတ်ရရှိနှုန်းခိုင်မာခြင်း၊ ကိန်းဂဏန်းဖြင့်တွက်ချက်ချပြ၍မရသော အကျိုးအမြတ်များဖြစ်သည့် လှေ၊ သမ္ဗန်စသော သွားလာဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကွန်ရက် ပိုမိုချိတ်ဆက်ကောင်းမွန်ခြင်း၊ ယခင်ကနွေရာသီတွင် ရေချိုအလှမ်းဝေးလျက်ရှိသော ကျေးရွာဒေသများအတွက် ရေချိုရရှိမှုအခွင့်အရေးပိုမိုကောင်းမွန်လာခြင်း၊ မြို့ရွာပတ်ဝန်းကျင်ပိုမိုစိမ်းလန်းစိုပြည်လာခြင်း၊ စိုက်ပျိုးရေး ရေခံမြေခံကောင်းများရရှိထားသည့်အားလျော်စွာ လယ်ယာကဏ္ဍအညွှန်းကိန်းများ ပိုမိုတိုးတက်လာနိုင်ခြင်း စသောအားသာချက်များဖြင့် ပြည့်နှက်နေသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအား နိုင်ငံတော်နှင့် သက်ဆိုင်ရာဌာနအသီးသီး၊ အဖွဲ့အစည်းအသီးသီးနှင့်လူပုဂ္ဂိုလ်ပညာရှင်အသီးသီးတို့မှ ဧရာဝတီအောင်နိုင်ရေးအတွက် ဆက်တက်ထမ်းပိုးတိုး၍ ပိုင်းဝန်းဆောင်ရွက်အကောင်အထည်ဖော်ရန် အချိန်တန်ပြီဟု အကြံပြု ရေးသားလိုက်ရပါသည်။ ။

**သပြေထွန်း**

# မြို့ပြအင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်ဆိုင်ရာဟောပြောပွဲ လှိုင်ကော်မြို့၌ပြုလုပ်

**လှိုင်ကော် ဩဂုတ် ၇**

Royal Shwe Yati Group Co.,Ltd. နှင့် MAC Creatio University College တို့ ပူးပေါင်းပြုလုပ်သော မြို့ပြအင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်ဆိုင်ရာ မိတ်ဆက်ဟောပြောပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီခွဲက လှိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်ရှိ တရုတ်ဘုံကျောင်း၌ ပြုလုပ်ရာ Royal Shwe Yati Group Co.,Ltd. မှ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းနိုင်နိုင်ထွေးက အဖွင့်အမှာစကားပြောကြားသည်။



ဆက်လက်၍ MAC Creatio University College မှ ဦးပြည့်ဖြိုးသူက MAC Creatio University College ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြား၍ MAC Creatio University College မှ သင်ကြားမှုဆိုင်ရာများ၊ ရည်ရွယ်ချက်များနှင့် ဘာသာရပ်ဆိုင်ရာများကို MAC Creatio University College မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စောကေခိုင်မောင်က ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များနှင့် ကျောင်းသားကျောင်းသူများအား ဆွေးနွေးလိုသည့် မေးခွန်းများ မေးမြန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးကုမ္ပဏီမှ လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

# ကျောင်းကျန်းမာရေးရက်သတ္တပတ်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၈

ကျောင်းကျန်းမာရေးရက်သတ္တပတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက နေပြည်တော်၊ ပျဉ်းမနားမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ လှလှကြည်နှင့် နေပြည်တော်တိုင်းပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က ကျောင်းကျန်းမာရေး ရက်သတ္တပတ် စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ အသီးသီးချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော ကျောင်းကျန်းမာ ရေးသတင်းပတ် အထိမ်းအမှတ်ပြခန်းငယ်များ၊ ကူးစက်တတ်သောရောဂါများ ကြိုတင်ကာကွယ်ရေး အာဟာရအုပ်စု သုံးခုအကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး အာဟာရပြည့်ဝစွာ ချက်ပြုတ်စားသောက်ခြင်းနှင့် မူလတန်းကျောင်းသား၊ ကျောင်းသူလေးများအား သန့်ချဆေးတိုက်ကျွေးခြင်းများကို လှည့်လည်ကြည့်ရှုပြီး ကျောင်းအတွင်း ကျောင်းသားကျောင်းသူများအား ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (သွားနှင့်ခံတွင်း)ဒေါက်တာခင်မောင်က မူလတန်း (သူငယ်တန်း)ကျောင်းသား၊ကျောင်းသူလေးများအား သွားကျန်းမာရေးအကြောင်းဟောပြောခြင်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ကျောင်းကျန်းမာရေး) ဒေါက်တာဖြိုးဖြိုးကျော်က အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ လေးများအား ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ် အကြောင်းများကို အသိပညာပေးဟောပြောသည်။

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ကျောင်းသား၊ ကျောင်းသူလေးများအား မျက်စိနှင့်အမြင်အာရုံ စမ်းသပ်စစ်ဆေးခြင်း၊ အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်းနှင့် စနစ်တကျလက်ဆေးခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်းတို့အား လက်တွေ့သရုပ်ပြခြင်းများကို ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန့်မောင်**

ဆောင်းပါး

# ဟိုချီမင်းမြို့တော်နှင့် စစ်ရှောင်စခန်းသို့အလည်တစ်ခေါက်



**ခဲ** တိုးဝေအောင်

၂၀၁၆ ခုနှစ် မေလ ၁၇ ရက်နေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ် အဆောက်အအုံသစ်ကြီးသို့ ရောက်ခဲ့သည်။ မွန်းလွဲ ၁၂ နာရီခွဲထွက်မှာထွက်မယ့် ဗီယက်နမ်လေကြောင်းလိုင်းနှင့် လိုက်ပါရန် မနက် ၁၀ နာရီခွဲလောက်ကတည်းက ရောက်နှင့်နေခဲ့ပြီ။

ဒီခရီးစဉ်ကို စီစဉ်သူက အစ်ကိုကြီးဖြစ်သည်။ လေယာဉ်လက်မှတ်ဖြတ်၊ အထုပ်တွေတင်ပြီး လဝကစစ်ဆေးရေးဂိတ်သို့ ဖြတ်ခဲ့ပြီး ပြည်ပထွက်ခွာဂိတ်တွင် လုံခြုံရေးစစ်ဆေးမှုခံယူကာ လေယာဉ်စောင့်ဆိုင်းခဲ့သည်။

ဗီယက်နမ်လေယာဉ်ပေါ်ရောက်ပြီး အစ်ကိုဖြစ်သူတွေက သူ့အတွေးနဲ့သူ ဘေးပြတင်းပေါက်မှန်ကတစ်ဆင့် ငေးနေခဲ့သည်။ ဒီပြည်ပခရီးစဉ်က ကျွန်တော့အတွက် ဒုတိယခရီးစဉ်တစ်ခုလည်းဖြစ်သည်။ လေယာဉ်ပျံသန်းစဉ် နားအူသည့် အကျင့်ကိုပြီးခဲ့သည့်ခရီးစဉ် ၂၀၁၄ ခုနှစ် တရုတ်ခရီးစဉ်ကတည်းက ကောင်းကောင်းကြီး ခံစားခဲ့ရတဲ့အတွက် နားအူသက်သာစေဖို့ အိတ်အတွင်းက ဂွမ်းကိုယူပြီး နားထဲကိုထိုးကြပ်ခဲ့ပြီး မကြာခဏကြည့်ခဲ့ဖူးသည့် အမေရိကန်နှင့် ဗီယက်နမ်စစ်ပွဲများအကြောင်း အတွေးထဲ အမှတ်မထင်ဝင်ရောက်ခဲ့သည်။

ဒီခရီးစဉ် မထွက်ခင် ရုပ်မြင်သံကြား နိုင်ငံခြားရုပ်ရှင်ကဏ္ဍတွင် ကြည့်ဖြစ်ခဲ့သည့် "စစ်၏ဒဏ်ရာ" ဇာတ်လမ်းထဲက အတွေးစတို့က အခုသွားရောက်မယ့် ဗီယက်နမ်နိုင်ငံ၏ အတိတ်သမိုင်းကို ပိုမိုထင်ဟပ်စိတ်ဝင်စားဖွယ်ရာဖြစ်လာခဲ့သည်။ ဗီယက်နမ်နိုင်ငံသို့ သွားရောက် လည်ပတ်မည်ဆိုကတည်းက ဒီနိုင်ငံရဲ့ အတိတ်သမိုင်း အချက်အလက်တွေကို လေ့လာမိခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ရှေးခေတ်က ဘုရင့်စနစ်ထွန်းကားခဲ့သည့် နိုင်ငံဖြစ်ပြီး ၁၈၆၁ ခုနှစ်တွင် ပြင်သစ်လက်အောက်သို့ကျရောက်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ် စက်တင်ဘာလတွင် ဂျပန်က ဗီယက်နမ်ကို ထပ်မံတိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ အင်ဒိုချိုင်းနားကွန်မြူနစ်ပါတီနှင့် ဗီယက်နမ်အမျိုးသားပါတီတို့ ပူးပေါင်းကာ ဟိုချီမင်းခေါင်းဆောင်ပြီး ဗီယက်နမ်လွတ်လပ်ရေးအဖွဲ့ချုပ် ထူထောင်ဖွဲ့စည်းခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် နယ်ချဲ့ ဂျပန်တို့ကို တော်လှန်ခဲ့ကြသည်။

၁၉၄၅ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ဂျပန်တို့က ဘိုဒိုင်းဆိုသူကို ဘုရင့်အဖြစ်ခန့်ထားပြီး လွတ်လပ်ရေး ကြေညာစေခဲ့သော်လည်း ဩဂုတ်လ ၁၁ ရက်နေ့တွင် ဗီယက်နမ်မင်းများက ဂျပန်ကိုတိုက်ခိုက်တော်လှန်ခဲ့ကြပြီး စက်တင်ဘာလ ၂ ရက်နေ့တွင် ဟန္ဓိုင်းမြို့၌ ဟိုချီမင်းက လွတ်လပ်ရေးကိုကြေညာနိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ပြင်သစ်တို့ ပြန်ဝင်လာချိန်တွင်လည်း ဘိုဒိုင်းကို ဘုရင်အဖြစ်ဆက်လက်အသုံးချခဲ့ပြန်သည်။

သို့ရာတွင် ကမ္ဘာကျော် ဒိန်ဘင်ဖူး တိုက်ပွဲကြီးတွင် ဗီယက်နမ်မျိုးချစ်များနှင့် ၅၅ ရက်ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် ၁၉၅၄ ခုနှစ် မေလ ၆ ရက်နေ့တွင် ပြင်သစ်တို့လက်နက်ချခဲ့ရသည်။ တောင်ဗီယက်နမ်တွင် တောင်သူလယ်သမားများ၊ ကျေးလက်နေသူ လူအများစုကြီးမှာ ယဉ်ကျေးလှပါသည်ဆိုသော ခေတ်ကြီးနှင့် မထိုက်တန်လှအောင်ညှဉ်းပန်းနှိပ်စက်မှု ဒုက္ခတွေကို ခံစားနေရခြင်းက တောင်ဗီယက်နမ်၏ ပြည်တွင်းစစ်မည်ကာမတ္တမဟုတ်။ အင်အားအကြီးဆုံး ကမ္ဘာ့လက်နက်နိုင်ငံကြီးဖြစ်သော အမေရိကန်နိုင်ငံမှ ခေတ်မီလက်နက်ပစ္စည်းများ၊ စစ်သား၊ စစ်ဗိုလ်များ ပါဝင်တိုက်ခိုက်နေသည့် ကျူးကျော်စစ်အသွင်ဖြစ်နေသည်။ ကွန်မြူနစ်ကိုချိုးနှိမ်ရာတွင် ပျော့ညံ့သည်ထင်သော ငိုဒင်ဇင်တို့ ညီအစ်ကိုအား အမေရိကန်တို့က နန်းချကာ ဒေါင်ဗန်မင်းကို တင်မြှောက်ခဲ့သည့်တိုင် အမေရိကန်တို့ စိတ်တိုင်းမကျခဲ့သေး။ ထို့ကြောင့် စေသည့် ကျွန်ထွန်သည့်နွား ခိုင်းရာလုပ်မည့် ငုယင်ခန်းကို နန်းတင်ခဲ့ကြသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး မက္ကနားမရား၊ စီအိုင်အေညွှန်ကြားရေးဝန်ကြီးချုပ် ဂျွန်မက်ကိန်း၊ စစ်ဦးစီးချုပ်တေလာတို့ ကိုယ်တိုင် တောင်ဗီယက်နမ်ဗိုလ်ချုပ် ငုယင်ခန်းကိုပင် သွားရောက်တွေ့ဆုံ အားပေးလိုက်သေးသည်။ ထိုအချိန်မှစ၍ ငုယင်ခန်းအစိုးရသည် တောင်ဗီယက်နမ်ရှိ မိမိသွေးရင်း တောင်သူလယ်သမား၊ အလုပ်သမားများကို အမဲလိုက်သလို အနှံ့ခံလိုက်ဖမ်းလေတော့သည်။

တောင်ဗီယက်နမ်တွင် မတရားကျူးကျော်စစ်၏ ဒဏ်ရာဒဏ်ချက်များကို ပြည်သူများ မရှုမလှခံစားခဲ့ကြရသည်။ ထို့ကြောင့်လည်း အမေရိကန် နယ်ချဲ့သမားများက မိမိတို့နိုင်ငံနယ်မြေမှ လုံးဝထွက်ခွာသွားသည်အထိ တောင်ဗီယက်နမ်မျိုးချစ်တို့က ရရာလက်နက်တို့ နှင့်ခုခံတွန်းလှန်ခဲ့ကြခြင်းက သဘာဝကျလှပေသည်။

"မက္ကနားမားရား လူစိတ်ရှိပါ ။အမေရိကန်သည်ကျူးကျော်ရေးသမားဖြစ်သည်။ ငြိမ်းချမ်းရေးအတွက်ခြေတစ်လှမ်းတိုးပါ။ ဗုံးကြဲမှုတွေရပ်စဲပစ်၊ သွေးချောင်းစီးမှုကို ချက်ချင်းရပ်ပါ" ဟူသော ပိုစတာများကိုဆောင်ကာ ဝါရှင်တန်မြို့၌ အမေရိကန်ပြည်သူလူထု သုံးသောင်းနီးပါးက သမ္မတစံအိမ်တော်သို့ ချီတက်ကာ အမေရိကန်အစိုးရ၏ ဗီယက်နမ်ကျူးကျော်စစ်နှင့်ပေါ်လစီကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ယင်းဆန္ဒမပြမီ ကယ်လီဖိုးနီးယားတက္ကသိုလ်ကျောင်းသားများကလည်း ကန့်ကွက်ဆန္ဒပြခဲ့သေးသည်။ ထိုနည်းတူ ကမ္ဘာအရပ်ရပ်ရှိ ပြည်သူများကလည်း အမေရိကန်၏ ဗီယက်နမ်ကျူးကျော်စစ်ကို ကန့်ကွက်ဆန္ဒပြခဲ့ကြပြန်သည်။

ထို့သို့ဆန္ဒပြခဲ့ခြင်းကြောင့် အမေရိကန်သမ္မတ ဂျွန်ဆင်က "ဗီယက်နမ်ပြဿနာ ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက်ငြိမ်းချမ်းရေးကမ်းလှမ်းချက်" ဆိုသည့် စာတိုစာရှည်များကို ပလူပျံအောင် ဝေငှခဲ့သော်လည်း နာတာလူးပွဲတော်ရက်ကစ၍ မြောက်ဗီယက်နမ်ကို ဗုံးကြဲတိုက်ခိုက်မှုကို ၃၇ ရက်တိုင် ရပ်ဆိုင်းထားခဲ့ပြီးနောက် မြောက်ဗီယက်နမ်ကို ဆက်လက်၍ ခြောက်ကြိမ်တိုင် ဗုံးကြဲခဲ့ပြန်သည်။

ရန်ကုန်လေဆိပ်မှ ထွက်ခွာခဲ့သည်မှာ အချိန် ၂ နာရီခွဲလောက် ရှိပြီဟုထင်သည်။ မြစ်သုံးစိုင်ကို ဝေဟင်ပေါ်မှ သုံးကြိမ်မြောက် ဝဲကာပျံနေချိန်မှာ အစ်ကိုဖြစ်သူ၏ ရောက်တော့မယ် အဆင်သင့်ပြင်ထားဟု ပြောဆိုသံကြောင့် အတွေးပျောက်သွားခဲ့သည်။ ဘာဖြစ်လို့ မြစ်ပေါ်မှာ ဝဲပျံနေတာလဲမေးတော့ ဆိုင်ဂုံလေဆိပ်လို့ ခေါ်ကြတဲ့ (Tan Son Nhat International Airport) ရောက်တော့မယ်။ လေယာဉ်ဆင်းဖို့ နေရာမရသေးလို့ အခု လိုပျံနေတဲ့ အကြောင်းပြောပြခဲ့သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စံတော်ချိန်ထက် ဗီယက်နမ်က နာရီဝက်ပိုသည်။ အချိန်ကား ညနေ ၄ နာရီခွဲ၊ ဆိုင်ဂုံလေဆိပ်က ကျွန်တော်တို့ကို ကြိုဆိုနေပြီဖြစ်သည်။ လေဆိပ်တွင် သူတို့နိုင်ငံသုံး ဒေါင်ငွေကိုလဲလှယ်ခဲ့သည်။

ကျွန်တော်တို့ တည်းခိုဖို့ ကြယ်လေးပွင့်အဆင့်ရှိသည့် Eden Star Saigo Hotel ဖြစ်သည်။ ဟိုတယ်က ဆိုင်ဂုံမြို့လယ်တွင်ရှိသည်။ လမ်းတစ်လျှောက် အထပ်မြင့်တိုက်များ သဖွယ်ဖြစ်သည့် ဟိုတယ်လမ်းဟုခေါ်ရပေမည်။ ဟိုတယ်တွင် ခေတ္တအနားယူခဲ့ပြီး ဟိုချီမင်းမြို့တော် (Ben Thanh) ဈေးကြီးအနီးက နာမည်ကြီးလှတဲ့ မြို့တော်ညဈေးတန်းကို ည ၈ နာရီလောက် လမ်းလျှောက်ထွက်ခဲ့ကြသည်။ ညဈေးတန်းကို လျှောက်ကြည့်ရင်း သန့်ရှင်းသပ်ရပ်သည့် ပင်လယ်စာ၊ ရိုးရာအစားအသောက်နဲ့ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ကမ္ဘာလှည့်ခရီးသွား လေ့လာသူတွေကို ဆွဲဆောင်မှုအပြည့်အဝပေးစွမ်းနိုင်သည့် ညဈေးတန်းတစ်ခုဟု ဆိုရမည်။ ညဈေးတန်းမှာ ပင်လယ်စာ အစားအသောက်များစားဖြစ်ခဲ့ရင်း ဟိုတယ်ကို လမ်းလျှောက်ပြန်ဖြစ်ခဲ့သည်။ ညီအစ်ကိုတွေ ကိုယ်မရောက်ဖူးတဲ့ နိုင်ငံနဲ့ သူတို့လူမျိုး ဝတ်စားပုံတွေနဲ့ အစားအသောက်တွေအကြောင်း ပြောဆိုရင်း ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်ခဲ့သည်။

၂၀၁၆ ခုနှစ် မေလ ၁၉ ရက်နေ့ဖြစ်သည် ဧည့်လမ်းညွှန်က မနက် ၈ နာရီကြိုမယ်ပြောလို့ မနက် ၆ နာရီကတည်းက ထပြီး ပြင်ဆင်စရာရှိတာပြင်ရသည်။ မနက် ၈ နာရီမှာ ဟိုတယ်ကို ဧည့်လမ်းညွှန် ရောက်လာခဲ့သည်။ ဟိုချီမင်းမြို့တော်က လည်ပတ်စရာအလွန် နည်းသည်ဟု ဆိုရမည်။ ပြင်သစ်တို့နယ်ချဲ့စဉ်က ပြယုဂ်အဖြစ်တည်ဆောက်ခဲ့သည့် ပြင်သစ်လက်ရာဘုရားကျောင်း၊ ပြင်သစ်လက်ရာ အင်္ဂတေကနုတ်၊ ရုပ်လုံးရုပ်ကြွတွေ ပြည့်နေတဲ့ စာတိုက်ကြီး၊ စစ်အတွင်းက အမေရိကန်တွေ စစ်ဌာနချုပ်အဖြစ် အသုံးပြုသွားတဲ့ အဆောက်အအုံ၊ ပြဇာတ်ရုံ၊ မြို့တော်ခန်းမနဲ့ ဟိုချီမင်းရုပ်တုတည်ရှိရာ နန်းရင်ပြင်၊ လွှတ်တော်အဆောက်အအုံ၊ အမျိုးသားပြတိုက်များက ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်မှုအရှိဆုံးနေရာတွေဖြစ်သည်။

ကျွန်တော် ဟိုချီမင်းမြို့တော်မှာ ပြင်သစ်လက်ရာတွေပြည့်နှက်နေတဲ့ အဆောက်အအုံအသီးသီးကို မှတ်တမ်းတင်ခဲ့သည်။ အပြန်မှာ ညဈေးဖွင့်လှစ်သည့် ဟိုချီမင်းမြို့တော်ဈေးကြီးကို သွားရောက်လေ့လာခဲ့သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံထက် လွတ်လပ်ရေး နှစ်ပေါင်း ၂၀ ကျော်နောက်ကျခဲ့သည့် နိုင်ငံဖြစ်ခဲ့သော်လည်း သဘာဝပတ်ဝန်းကျင်ထိန်းအားကောင်းခြင်းကို တွေ့မြင်ရသည်။ လူနေထိုင်မှုများပြီး ယာဉ်ကြောရှုပ်ထွေးမှုနည်းပါသည့်နိုင်ငံဟု ဆိုနိုင်သည်။

မြို့တော်လမ်းမတစ်လျှောက် အပင်ကြီးများ စိုက်ပျိုးထိန်းသိမ်းထားခြင်းကြောင့် မြို့ကတည်ငြိမ်အေးချမ်းသည်။ လမ်းဆုံလမ်းခွတစ်ခုစီတိုင်းမှာ သစ်တောသစ်ပင်တွေနဲ့ သစ်တောအုပ်တစ်ခုအဖြစ် ပြုလုပ်ကာ ပြည်သူများ အပန်းဖြေစရာဖြစ်စေရန် ထိန်းသိမ်းထားကြသည်။ မြို့လယ်တွင် သစ်တောသစ်အုပ်ကြီးတစ်ခုနဲ့အတူ တိရစ္ဆာန်ရုံတစ်ခုကို ဖန်တီးထားသည်။ တိရစ္ဆာန်ရုံအဝင်ဝတွင် မြို့နယ်လူ အများစုနဲ့ အလုပ်သမားများ အသုံးပြုသည့် ဆိုင်ကယ်အစီးရေ ၃၀၀ နီးပါး ထားရှိနိုင်သည့် နေရာတစ်ခုကိုဖန်တီးထားသည်။ ရုံအတွင်း တိရစ္ဆာန် နည်းပါးပြီး ဘွိုင်ဆိုင်းပင်စိုက်ပျိုးမှုက အားကောင်းလှသည်။ မြို့တော်က ထွက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်တွေကို သစ်တောသစ်ပင်တို့က စုပ်ယူသည်ဟုဆိုက မမှားတန်ရာ။

နေထိုင်လည်ပတ်စဉ် ကာလအတွင်း လမ်းလျှောက်သွားဖြစ်သည်က များသည်။ မြို့တော်လမ်းတစ်လျှောက် ကားစီးနိုင်သော လူဦးရေထက်ဆိုင်ကယ်စီးသူက ပိုများခြင်းကို တွေ့ရသည်။ ယာဉ်ထိန်းသိမ်းသည့် ယာဉ်ထိန်းရဲနေထိုင်သည့်ကာလအတွင်း တစ်ယောက်မျှ မတွေ့မြင်ခဲ့ရပေ။ မီးပွိုင့်တစ်ခုမီးနီပိတ်မိလျှင် ဆိုင်ကယ်အစီးရာကျော် ပိတ်မိခြင်းကိုတွေ့ရသည်။ ထိုပိတ်ဆို့မှုက အခိုက်အတန့်မျှသာ၊ စည်းကမ်းမဲ့လုပ်ရပ်တွေလည်းရှိသည်။ လူသွားစင်္ကြံပလက်ဖောင်းပေါ်တွင် ဆိုင်ကယ်စီးနင်းမှုကို လမ်းပိတ်ချိန်များ၌ တွေ့မြင်ရသည်။ လမ်းလျှောက်သူ ရှောင်စနစ်ဖြစ်သည်။ အရှိန်နှင့်တော့မဟုတ် ဖြေးဖြေးမောင်းနှင်မှုသာဖြစ်သည်။

နိုင်ငံ၏ ထူးခြားချက်တွင် သက်ကြီးရွယ်အိုနှင့် ကိုယ်အင်္ဂါချို့တဲ့သူနဲ့ ကလေးငယ်များ ငွေကြေးတောင်းရမ်းမှုကို မတွေ့ရခြင်းပါ။ အနိမ့်ဆုံးခြေမသန်သူပင်လျှင် အထိုင်တွန်းလှည်းကို အသုံးပြုပြီး စီးကရက်၊ ထီ၊ လက်ဆောင်ပစ္စည်းများကို ရောင်းချနေခြင်းကို တွေ့မြင်ရခြင်းက နိုင်ငံတစ်ခု၏ ပြယုဂ်တစ်ခုကို ထင်မြင်စေခဲ့သည်။

မြို့တွင်းသို့ လည်ပတ်ခဲ့ပြီး ဟိုတယ်တွင် ပြန်၍အနားယူခဲ့ပြီး ဟိုချီမင်းမြို့၏ ၆၈ ထပ် Bitexco Financial Tower ၏ ၅၁ ထပ်တွင် ဖွင့်လှစ်သည့် Eon 51 သို့ညစာ စားရန် အငှားယာဉ်ဖြင့် ဟိုတယ်မှထွက်လာခဲ့သည်။ မြို့တော်အငှားယာဉ်အားလုံး မီတာစနစ်ကို အသုံးပြု ကြသည်။ ငွေကြေးဖောင်းပွမှုကြောင့် ခေါ်ဆိုမှု အသားမကျသော်လည်း ဗီယက်နမ်ဒေါင်ငွေကို မြန်မာငွေနှင့် ဝယ်ယူသုံးစွဲမှုတိုင်းတွင် တွက်ချက်ရခြင်းက ပြည်ပခရီးစဉ်အတွက် အလုပ်တစ်ခုဖြစ်ခဲ့သည်။ Bitexco Financial Tower ၏ ၅၁ထပ်သို့သွားရောက်စားသောက်ရန်အတွက် သုံးလွှာဝင်ပေါက် ဓာတ်လှေခါးအနီးတွင် စားသုံးရန် ဟင်းအမယ်ကို ဦးစွာကြည့်ရှုပြီးမှ အဆိုပါ တာဝါပေါ်သို့ တက်ခွင့်ရရှိသည်။ အဆောက်အအုံ အပေါ်ထပ်က တစ်မြို့လုံးကို စီး၍မြင်နိုင်သည်။ ညအချိန်ရောင်စုံမီးများ ထွန်းထားသည့် မီးရောင်ဖြင့် မြို့ကငြိမ်သက်လှသည်။ ရန်ကုန်တွင် မစိုခဲ့သည့် မိုးရေက ဗီယက်နမ်တွင်ရွာချသည့် မိုးကြောင့် မိုးရနံ့ကို ခံစားခဲ့ရသည်။ Eon ၅၁ တွင် ညစာစားသုံးမှုက ညီအစ်ကို လေးယောက်စာအတွက် ဒေါင်သိန်း ၂၀ မြန်မာငွေ တစ်သိန်းနီးပါးကျသည်။ စားသောက်ဖွယ်ရာက သူမတူ အရသာရှိလှသည်။

တာဝါမှအပြန် မရိုးနိုင်သော ညဈေးကို လမ်းလျှောက်ပြန်ခဲ့သေးသည်။ ထိုမှတစ်ဖန် တည်းခိုရာဟိုတယ်သို့ အငှားယာဉ်ဖြင့်ပြန်ခဲ့ပြီး မေလ ၂၀ ရက်နေ့ တွင် အမေရိကန် ဗီယက်နမ်စစ်ပွဲကာလအတွင်း ဗီယက်နမ်ပြည်သူများ စစ်ရှောင်စခန်းဟုခေါ်သည့် (The Plan of Visiting Points) ဗုံးခိုကျင်းကို သွားရောက်လေ့လာရန် အားမွေးခဲ့ကြပြန်သည်။

မေလ ၂၀ ရက်နေ့ နံနက် ၈ နာရီလောက်ဖြစ်မည် ဗုံးခိုကျင်းကိုသွားဖို့အတွက် ကားလာကြိုသည်။ ဗုံးခိုကျင်းဆိုတဲ့ ဝေါဟာရက သေးငယ်တယ်လို့ထင်မိသည်။ အမှန်က တစ်မြို့လုံးစစ်အတွင်း စစ်ရှောင်ဗုံးခိုခဲ့သည့် နေရာကြီးတစ်ခုဖြစ်သည်။ တစ်နာရီနီးပါးကားစီးရသည်။

**ဆက်လက်ဖော်ပြပါမည်။**

> နိုင်ငံ၏ ထူးခြားချက်တွင် သက်ကြီးရွယ်အိုနှင့် ကိုယ်အင်္ဂါချို့တဲ့သူနဲ့ ကလေးငယ်များ ငွေကြေးတောင်းရမ်းမှုကို မတွေ့ရခြင်းပါ။ အနိမ့်ဆုံးခြေမသန်သူပင်လျှင် အထိုင်တွန်းလှည်းကို အသုံးပြုပြီး စီးကရက်၊ ထီ၊ လက်ဆောင်ပစ္စည်းများကို ရောင်းချနေ. . .

ကြေးမုံ



# ခရီးသွားတစ်ဦး ရုတ်တရက် အသက်ရှူကျပ်လာသဖြင့် ဆေးရုံသို့ ကူညီပို့ဆောင်

**ဖြူး ဩဂုတ် ၁၀**

နေပြည်တော်ဘူတာမှ ရန်ကုန်မြို့သို့ထွက်ခွာလာသော အမှတ် (၈) အစုန် နေပြည်တော်-ရန်ကုန်ရထားသည် ည ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲဘူတာနှင့် ညောင်ခြေထောက်ဘူတာကြားအရောက် ရိုးရိုးတန်း တွဲ(၄) ခုံအမှတ် ၂၉/၃၀ တွင် စီးနင်းလိုက်ပါလာသော ရထားစီးခရီးသည် ဒေါ်စန္ဒာ(ခ)ဒေါ်မာမာအေး ပျဉ်းမနားမြို့နေသူသည် ရုတ်တရပ် အသက်ရှူကြပ်ဝေဒနာခံစားနေရကြောင်း ရထားလုံခြုံရေးအဖွဲ့သို့ အကြောင်းကြားခဲ့သည်။

ယင်းကြောင့် ရထားရဲတပ်ဖွဲ့ဝင်များသည် ဖြူးဘူတာအရောက်တွင် ရထားခေတ္တရပ်တန့်ပြီး လူနာအား ရထားရဲတပ်ဖွဲ့အမှတ် (၁၁) တပ်ခွဲတပ်စု(၃) (ဖြူး)မှ တပ်စုမှူးရဲတပ်ကြပ်သန်းဝင်းနှင့်အဖွဲ့မှ ဖြူးဘူတာ ဒုရုံပိုင်ဦးမျိုးထက်နှင့်အတူ ဖြူးမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသမှုခံယူနိုင်စေရန် လိုက်ပါပို့ဆောင် ကူညီဆောင်ရွက်မှုပေးခဲ့ကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ရဲတပ်ဖွဲ့ဝင် ၅၇ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေး

**ခင်ဦး ဩဂုတ် ၁၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့ဝင် ၅၇ ဦးကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အသည်းရောင်အသားဝါ (B) ပိုး ရှိ-မရှိကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ စစ်ဆေးခဲ့သည်။

အသည်းရောင်အသားဝါ (B) ပိုး စစ်ဆေးပြီးပါက (B) ပိုးမရှိသော တပ်ဖွဲ့ဝင်များကို ကာကွယ်ဆေးပါ ထိုးပေးသွားမှာဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်က ပြောသည်။ **ခင်ဦးစိုးဝေ**

# ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ရေသန့်နှင့် ငွေကြေးများ ထောက်ပံ့လှူဒါန်း



**အောင်လံ ဩဂုတ် ၁၀**

အောင်လံမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေလွှမ်းမိုးခြင်းခံရသော အိမ်ထောင်စုများကို ထောက်ပံ့လှူဒါန်းရန် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် အဖွဲ့ဝင်များဖြစ်ကြသော မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဟန်စိန်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း၊ မြို့နယ်ပြန်ဆက်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်၊ မြို့နယ်ထွေ/အုပ် ဒု-ဦးစီးမှူး ဦးဝင်းထွေးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၈ ရက်က ရေလွှမ်းမိုးဒေသများသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က ရွာဟိုင်း၊ ရေပြင်း၊ ရွှေသူငွေး၊ မြွေရိုး၊ မိုးဖုန်းကျေးရွာများမှ ရေဘေးကြုံတွေ့ရသော အိမ်ထောင်စု ၅၂၀ တို့အတွက် စေတနာရှင် အလှူရှင်များ လှူဒါန်းခဲ့ကြသော ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်ထုပ်၊ သောက်ရေသန့်တို့နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကူညီထောက်ပံ့သော ကျပ် ၁၀၄၀၄၀၀ တန်ဖိုးရှိ ဆန်များနှင့် ငွေကြေးများကို ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(ပြန်/ဆက်)**

# ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲ ကျင်းပ

**ဒီပဲယင်း ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် စိုင်ပြင်စံပြကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံဖွင့်ပွဲကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီက အဆိုပါအဆောက်အအုံရှေ့တွင်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ဒီပဲယင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်နှင့် ဆေးရုံကော်မတီဝင်တစ်ဦးတို့က တိုက်နယ်ဆေးရုံအဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားကို ဆက်လက်ကျင်းပရာ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက "နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးကို ဦးတည်ဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာခြင်းသည်လာဘ်တစ်ပါးဆိုတာ ဆိုရိုးနဲ့အညီ ကျန်းမာရေးဝန်ကြီးဌာနက ရည်မှန်းချက်နှစ်ရပ်ထားရှိဆောင်ရွက်လျက်ရှိပါတယ်။ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ဖြစ်ပါတယ်။ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့အတွက် နည်းနာသုံးရပ်နဲ့ ဆောင်ရွက်နေပါတယ်။ ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်း တို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

စိုင်ပြင်တိုက်နယ် ၁၆ ခုတင်ဆံ့ပြည်သူ့ဆေးရုံကြီးကို နိုင်ငံတော်ဘတ်ဂျက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များမှ ကျပ်သန်းပေါင်း ၅၁၀ ဒသမ ၇ သန်း ကျခံပြီး ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။ **သိန်းထွန်း(ဒီပဲယင်း)**

# ကျောင်းကျန်းမာရေးအသိပညာပေးခြင်းနှင့် ဝန်းကျင်သန့်ရှင်းရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးကျော်မင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများသည် ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီက စည်ပင်ကြီးကျေးရွာ အ. ထ. က(ခွဲ) ကျောင်းတွင် ကျောင်းကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အသိပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးလက်ကျန်းမာရေးမှူး ဦးကျော်မင်းက ကျောင်းသား၊ ကျောင်းသူများ အာဟာရဖွံ့ဖြိုးရေးစေရန်နှင့် အိုင်အိုဒင်းချို့တဲ့ရောဂါများအကြောင်းကိုလည်းကောင်း၊ လက်ကို စနစ်တကျဆေးကြောတတ်စေရန် အသိပညာပေးဟောပြောပြီး ကျန်မာရေးဝန်ထမ်းများက လက်ဆေးခြင်းအား လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်း၍ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရွှေဆု**

# လူစုလူဝေးအား စနစ်တကျထိန်းသိမ်းကိုင်တွယ်ဖြေရှင်းနည်းသင်တန်း လက်တွေ့လေ့ကျင့်




**လင်းခေး ဩဂုတ် ၁၀**

ပြည်သူအားရှေးရှု ပြည်သူ့အကျိုးပြုလုပ်ငန်းများအား ထိထိရောက်ရောက် အောင်မြင်စွာဖြင့် ရဲတပ်ဖွဲ့ဝင်များ စွမ်းဆောင်သွားနိုင်စေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှကြီးမှူး၍ လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်း (ဆင့်ပွား)သင်တန်းအမှတ်စဉ် (၃/၂၀၁၆) ကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီက လင်းခေးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ (စခန်းဝင်း)အတွင်း၌ လက်တွေ့လေ့ကျင့်မှုအား ဆက်လက်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် လူစုလူဝေး ပဋိပက္ခဖြစ်စဉ်များနှင့် ရဲတပ်ဖွဲ့ဝင်များမှ အခါအားလျော်စွာကြုံတွေ့လာရသည့်အခါတွင် တပ်ဖွဲ့ဝင်တိုင်းက စနစ်တကျထိန်းသိမ်းကိုင်တွယ်၍ လုပ်ငန်းတာဝန်များအား စွမ်းစွမ်းတမံ ထိထိရောက်ရောက်အသုံးချလုပ်ကိုင်ဆောင်ရွက်သွားနိုင်စေမည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပို့ချပေးသော ဆင့်ပွားသင်တန်းတစ်ခုဖြစ်ကြောင်း၊ သင်တန်းကာလမှာ ဩဂုတ် ၁ ရက်မှ ၁၂ ရက်ထိ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသို့ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင် (အရာရှိ၊ စစ်သည်) သင်တန်းသား ၃၉ ဦး၊ နည်းပြ ၇ ဦးတို့ဖြင့် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း အဆိုပါသင်တန်းနည်းပြ ဒုတိယရဲအုပ်တစ်ဦးက ပြောကြားခဲ့သည်။ **စိုင်းဇော်လတ်(လင်းခေး)**

# ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကြီးမှူး၏ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများအား ပုံပြောပြိုင်ပွဲ နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**ဆိပ်ဖြူ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကြီးမှူး၏ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများအား ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိုးတင့် (ပျော်ရွှင်-ဆိပ်ဖြူ)၊ အတွင်းရေးမှူး ဦးဉာဏ်အောင်နှင့် စာပေချစ်မြတ်နိုးသူ စာပေသနာရှင် ဦးသန်းမြင့်ထွန်းတို့က အကဲဖြတ်အမှတ်ပေးဒိုင်များအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က ပြိုင်ပွဲများပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ အမှာစကား ပြောကြားပေးခဲ့သည်။

ယင်းနောက် ပုံပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ကျင်းပခဲ့ပြီး အကဲဖြတ်ဒိုင်များဖြစ်သည့် ဦးစိုးတင့် (ပျော်ရွှင်-ဆိပ်ဖြူ)၊ ဦးဉာဏ်အောင်တို့က ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၏ ယှဉ်ပြိုင်မှုရမှတ်များကြေညာခြင်း၊ ယှဉ်ပြိုင်မှုအကဲဖြတ်သုံးသပ်ဆွေးနွေးပြောကြားခဲ့ပြီး ဆုရကျောင်းသား၊ ကျောင်းသူလေးများကို မြို့နယ်ပြန်ဆက်ဦးစီးမှူး၊ အကဲဖြတ်အမှတ်ပေးဒိုင်တို့က ဆုများချီးမြှင့်ပေးခဲ့ကြသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနကကြီးမှူးကျင်းပသော ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲသို့ မြို့ပေါ်ရပ်ကွက်များရှိ အ. ထ. က ဆိပ်ဖြူ ယော၀ရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်၊ အနောက်ပိုင်း၊ ရွာသစ်ရပ်ကွက် ကျောင်းများမှ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူမိဘများလည်း လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူလေးများအား စာဖတ်ရှိန်မြင့်မားလာစေရေး၊ စာအုပ်စာပေများကို ချစ်မြတ်နိုး၍ အသိပညာ ဗဟုသုတ တိုးပွားလာစေရေးနှင့် မျိုးဆက်သစ်လူငယ်များအား မြေတောင်မြှောက်ကာ နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး မြို့နယ်ရုံး၌ ဆက်လက်၍ ကလေးသူငယ်များအား ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲများ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကိုလည်း ကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**


Ocean
SUPERCENTER
BEST VALUE PRODUCTS
AND MORE...
SUPER SAVER
တန်မှတန်
12th ~ 25th August, 2016
Daily Needs Special !!!
SAVE
SHOON FATT
Summer Day Biscuits Assorted 700g
3,400
Ks.3,800
MOKO
Biscuits Espresso/ Delicious Cracker 280g
800
Ks.900
HANAMI
Toasted Prawn Cracker Chili/ Nori Seaweed 110g
1,400
Ks.1,500
MIE SEDAAP
Instand Noodles Migoreng Chicken 91g
270
Ks.300
RICH
3in1 Coffeemix Cappuccino 20's 378g
Buy 1 Get 1
Tea Set
free
OVALTINE
Malted Milk Hi-Calcium 4's 180ml
Buy 1 Get 2
Ovaltine Cereal
free
OVALTINE
Instant Nutritious Cereal 30's 750g
Buy 1 Get 1
BOX
free
NESCAFE
Ice Coffee Latte/ Espresso 180ml
Buy 5 Get 1
Latte
free
MAW SHAN
Dried Special Tea Shwe La Phat Lone 150g
Buy 2 Get 1
Shwe La Phat Lone 30g
free
SEIN CHAL
Tea & Double Fried Bean with Prawn (Sweet/ Spicy) 160g
1,050
Ks.1,150
NAN THA PYAY
Mohingha Gravy Powder 300g
2,650
Ks.2,950
EIFFEL TOWER
Mackerel in Tomato Sauce 215g
850
Ks.900
KNORR
Chicken Seasoning Powder 220g
950
Ks.1,050
LPW
Refined Sugar 800g
720
Ks.800
NURSERY
Paw San Hmwe Rice 5kg
6,050
Ks.6,500
GOODY
Vegetable Oil 2ltr
2,950
Ks.3,200
KOREA FUJI APPLE
Buy 3 Get 1 Free!
950ks
CHINA FRAGRANT PEAR
305
Ks.340/100g
CHINESE CABBAGE
115
Ks.128/100g
FZ TILAPIA
380
Ks.420/100g
FRESH CHICKEN DRUMSTICK
450
Ks.488/100g
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice. While Stocks Last!
BEST VALUE BEST PRODUCTS AND MORE...
ပစ္စည်းလည်းမှန် ဈေးလည်းတန် ...


UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care®
ORIENT
Interior and Exterior Emulsion Paint
MONSOON PROGRAM
လီတာ
၅၀
ဝယ်ယူတိုင်း
MPT ဖုန်းငွေဖြည့်ကဒ်
၅၀၀၀ကျပ်
ရယူပါ...
ORIENT
18 Litres
Emulsion Paint
ORIENT
Promotion ကာလ ▶ ၁-၈-၂၀၁၆ မှ ၃၀-၉-၂၀၁၆

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
APPROVED LEARNING PARTNER ACCA Gold

ACCA (UK) Part - I (F2,F3)

For September Intake 2016

Enrol Now

Nay Lin Aung Finance & Accountancy Academy

(၁၈ , 3A – 6 B) ဦးထွန်းလင်းခြံလမ်း၊ (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
၀၁ ၅၁၂၉၀၀၊ ၀၉ ၄၅၀၀၂၂၆၄၆၊ ၀၉ ၇၀၂၅၁၅၃၀၆၊ ၀၉ ၇၀၂၅၁၅၃၀၇
၂၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၊ ၀၉ ၉၇၁၄၉၀၁၁၁၁

GOLDEN STAR
ကျိုက်ထီးရိုး(သောကြာ)
